ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ သောကြာနေ့၊ (24-4-2015) (၈၁၈၀)

### မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# (၁၀)နှစ်ပြည့် အာရှ- အာဖရိက ထိပ်သီးညီလာခံ ဒုတိယမြောက်နေ့ မျက်နှာစုံညီအစည်းအဝေး ဆက်လက်ကျင်းပ




(၁၀)နှစ်ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံ၏ ဒုတိယမြောက်နေ့ ပိတ်ပွဲအခမ်းအနား ကျင်းပစဉ်။ *(သတင်း၊ စာမျက်နှာ - ၈)* (ပြန်/ဆက်)

## ပြည်ပရောက် ခြစားသူများဟု သံသယရှိသူ လူ ၁၀၀ စာရင်း တရုတ်ထုတ်ပြန်ကြေညာ

စာမျက်နှာ - ၄

## သီလဝါ အထူးစီးပွားရေးဇုန် ဇွန်လတွင် ဖွင့်မည်



စာမျက်နှာ - ၉

## ဂျပန်နိုင်ငံအပါအဝင် နိုင်ငံတကာစီးပွားရေး လုပ်ငန်းများက အထူးစီးပွားရေးဇုန်မှာ စက်ရုံတွေ ဖွင့်နိုင်ဖို့ မျှော်မှန်းထားကြပါတယ်

စာမျက်နှာ - ၁၀





MHR MANAGEMENT INSTITUTE
Developing People. Shaping Future

သင်လည်းသူတို့လို လုပသောအနာဂတ်ကို လျှောက်လှမ်းနိုင်ရန်အတွက် MHR မှ ပေးသော ကျပ်သိန်း(၁၂၀၀) တန်ဖိုးရှိ BBA ပညာသင်ဆုများကို လျှောက်ထားနိုင်ပါသည်။ အသက် ၁၆ နှစ်မှ ၁၈ နှစ် အတွင်းရှိ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူ မည်သူမဆိုလျှောက်ထားနိုင်ပါသည်။ လျှောက်လွှာများကို မေ (၃၊၄၊၅) ရက်တွင်ထုတ်ယူနိုင်ပါသည်။

MHR Centre I : 216168, 707822, 395802, 095045551
MHR Centre II : 09 73223 777, 09 73223 999, 09 86 28878
MHR Mandalay Compus : 09 9101 2932, 09 4026 05670
Email:mhr@myanmar.com.mm

ကြေးမုံစာတည်းရှုထောင့် ၂၄-၄-၂၀၁၅၊ သောကြာနေ့

# တိုးပွားလာမည့် လူဦးရေအတွက် စီမံ

ကမ္ဘာ့လူဦးရေသည် ၂၀၁၅ ခုနှစ်မှ ၂၀၃၀ ခုနှစ်အတွင်း ၇ ဒသမ ၃ ဘီလီယံမှ ၈ ဒသမ ၄ ဘီလီယံအထိ တိုးတက်လာမည်ဟု ပညာရှင်များက ခန့်မှန်းထားသည်။ ၁၅ နှစ်တာကာလအတွင်း ကမ္ဘာ့လူဦးရေ တစ်ဘီလီယံကျော် တိုးတက်လာသည်မှာ လူဦးရေတိုးပွားမှုနှုန်းမြင့်မားလွန်းသည်ဟု ဆိုနိုင်ပါသည်။ ထိုနှုန်းထားနှင့်ဆိုပါက ၂၀၄၅ ခုနှစ်တွင် လူဦးရေ ၁၀ ဘီလီယံအထိ ရောက်ရှိလာနိုင်သည်။

လူသားကမ္ဘာတွင် မွေးဖွားခြင်းနှင့် သေဆုံးခြင်းကို ချိန်ညှိရာ၌ မွေးဖွားခြင်းက အဆသာလွန်နေသဖြင့် လူဦးရေတိုးပွားနှုန်းသည် ဒီရေအလားတရိပ်ရိပ်တက်လာခြင်းဖြစ်သည်။ ယင်းသို့ လူဦးရေတိုးပွားလာမှုနောက်တွင် စိန်ခေါ်မှုများစွာနှင့် ပြဿနာများရှိလာမည်ဖြစ်၍ နိုင်ငံတကာ အသိုက်အဝန်းက စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ ရည်မှန်းချက်ပန်းတိုင်ပြည့်မီရေးအတွက် ယခုကတည်းက ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

သို့သော် လက်ရှိကမ္ဘာကြီးတွင် ဖြစ်ပေါ်နေသော လူဦးရေအကြီးအကျယ်ပြောင်းလဲမှုသည် အဆိုပါ ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်ကို လွှမ်းမိုးသွားနိုင်ကြောင်း ကုလသမဂ္ဂက သုံးသပ်ထားသည်။ တိုးပွားလာမည်ဟု ခန့်မှန်းထားသော ကမ္ဘာ့လူဦးရေ ၁ ဒသမ ၁ ဘီလီယံမှာ ကျေးလက်ထက် မြို့ပြ၌တိုးတက်လာမည်ကို ကမ္ဘာ့မြို့ကြီးများတွင် တစ်မြို့ပါဝင်သည့် ရန်ကုန်မြို့က သက်သေပြလျက်ရှိသည်။

ကမ္ဘာ့လူဦးရေထက်ဝက်ကျော်မှာ မြို့ကြီးများတွင် နေထိုင်ကြပြီး လူဦးရေတိုးတက်လာမှုဒဏ်ကို ဥရောပတိုက်မှလွဲ၍ ကျန်ကမ္ဘာ့မြို့ကြီးများတွင် ရင်ဆိုင်ကြုံတွေ့နိုင်သည်ဟု ခန့်မှန်းထားသည်။ ကြုံတွေ့ရမှုတွင် လူတို့၏ အရေးသုံးပါးဖြစ်သည့် စား၊ ဝတ်၊ နေရေးသည် အရေးကြီးလာသဖြင့် မြို့ပြနေပြည်သူများအတွက် အကျိုးစီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရမည့် အစီအမံများ ချမှတ်ဖို့ အရေးတကြီးလိုအပ်လာသည်။

တိုးပွားလာမည့် လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်သော်လည်း မြို့ပြနေပြည်သူများအတွက် နေထိုင်မှုနှင့် လိုအပ်ချက်များမှာ များပြားလာမည်ဖြစ်သည်။ ရေ၊ မီး၊ အညစ်အကြေး စွန့်ပစ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို လိုအပ်ချက်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းထက် မြို့ပြစီမံကိန်း စနစ်တကျဆောင်ရွက်ပြီးမှ တိုးပွားလာသည့် လူဦးရေကို စီမံခန့်ခွဲပေးခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု သုံးသပ်လာကြသည်။

လူတို့အနေဖြင့် ရေကြည်ရာမြက်နုရာကို ပြောင်းရွှေ့အခြေချ နေထိုင်တတ်ကြသဖြင့် ထိုနေရာများကို ကြိုတင်ဖော်ထုတ်ထားသင့်သည်။ လူဦးရေထူထပ်ခြင်းနှင့်အတူ ပတ်ဝန်းကျင်ညစ်ညမ်းမှုများမှာလည်း တိုးတက်ဖြစ်ပေါ်လာမည်ဖြစ်သည်။ တရုတ်နိုင်ငံ၌ မြို့ပြစီမံကိန်းများချမှတ်ဆောင်ရွက်ခဲ့ပြီး လူမှုစီးပွားတိုးတက်လာပြီးနောက် မြစ်၊ ချောင်း၊ ကန်ကြီးများမှာ ရေထုညစ်ညမ်းသွားသည်။ လေထုညစ်ညမ်းလာသည်။

ရေထုလွှာ၊ လေထုလွှာ အရည်အသွေးကျဆင်းမှုကြောင့် လူတို့ကျန်းမာရေးထိခိုက်လာသည်။ သောက်သုံးရေ၊ စိုက်ပျိုးရေတို့အတွက် သင့်လျော်မှုမရှိတော့ချေ။ ထို့ကြောင့် ရေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှု လျှော့ချရေးအစီအစဉ်များကို လုပ်ဆောင်ကြရာ ကာဗွန်လျှော့ချရေး၊ သစ်ပင်များတိုးချဲ့စိုက်ပျိုးရေး၊ စက္ကူ၊ ဆိုးဆေး၊ ဓာတုစက်ရုံများကဲ့သို့ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိခိုက်စေသော လုပ်ငန်းများအတွက် အစီအမံများကို ထည့်သွင်းဆောင်ရွက်လာကြသည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို တားဆီးနိုင်သော စည်းကမ်းများ၊ ဥပဒေချိုးဖောက်ပါက ထိရောက်သော အရေးယူမှုများကို စီမံလာကြသည်။

ယင်းမှာ လူဦးရေတိုးတက်များပြားလာမှုနှင့်အတူ ဝန်းကျင်ကောင်းတစ်ရပ်ဖန်တီးနိုင်ရေး၊ ရေရှည်တည်တံ့နိုင်ရေးအတွက် နမူနာပြယုဂ်ကောင်းများပင်ဖြစ်သည်။ မိမိတို့အနေဖြင့်လည်း ပြီးပြီးလွယ်လွယ်သဘောမထားဘဲ ဖုတ်ပူမီးတိုက် အလျင်စလိုဆောင်ရွက်ပေးသော နည်းလမ်းများကို ရှောင်ရှားကာ ရေရှည်စီမံချက်နှင့် အနာဂတ်မျှော်မှန်းချက်များချမှတ်ပြီး တိုးပွားလာသော လူဦးရေအတွက် တွက်ချက်၍ ကြိုတင်စီမံဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ ၂၀၃၀ ခုနှစ်တွင် တိုးပွားလာမည့်လူဦးရေနှင့် နေထိုင်မှုဝန်းကျင်ကောင်းများအဖြစ် ဖန်တီးဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ။



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် မေ ၂၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယန်ဟိုလန်အား ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အင်းယားလမ်း အမှတ်(၅၉)ရှိ လွှတ်တော်ရုံးခွဲ(ရန်ကုန်) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၂၃

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၈၄၀၀၀ | - | ၆၈၅၀၀၀ |
| မန္တလေး | ရွှေဈေး | ၆၈၃၅၀၀ | - | ၆၈၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၅၀ | ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၉၀ | ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၂၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၆၇၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၇၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၁၅၀. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၃. ၅၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၃. ၁၆၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၇. ၀၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၀၇၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၈၉၅. ၄၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၉. ၁၁၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၃၀. ၅၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၉၇. ၃၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း




## ကင်းထောက်ကြီးများ(ဒုတိယအကြိမ်)တွေ့ဆုံပွဲ ကျင်းပမည် ကင်းထောက်အမှတ်တရပစ္စည်းများ လှူဒါန်းနိုင်

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံကင်းထောက်ယာယီကော်မတီက ဦးဆောင်၍ ကင်းထောက်ကြီးများ(ဒုတိယအကြိမ်) တွေ့ဆုံပွဲကို မေ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ဝင်များဖြစ်ခဲ့ကြဖူးသည့် (ဝံပုလွေ၊ ငှက်ပြာ၊ ရိုဗာ၊ ရိန်ဂျာ) ကင်းထောက်ကြီးများအားလုံး တက်ရောက်ချီးမြှင့်ပါရန်နှင့် တက်ရောက်လာသည့် ကင်းထောက်ကြီးများသည် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ရုံးသို့ မိမိတို့ခေတ်ကာလမှ ကင်းထောက်အမှတ်တရပစ္စည်းများလည်း လှူဒါန်းနိုင်ကြောင်း မြန်မာနိုင်ငံ ကင်းထောက်ယာယီကော်မတီက နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

စာပေမြင့်မှ လူမျိုးတင့်မည်

**မိုးမြင့်ကြယ်** ကားမျိုးစုံစင်းလုံးငှား ဆောင်ရွက်ပေးသည်။
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ Guest 75000 Hotel 140000
ပုဂံ (စွယ်တော်လေးဆူ)၊ ပုပ္ပါး Guest 65000 Hotel 120000
တောင်ကြီး၊ အင်းလေး၊ ပင်းတယ Guest 70000 Hotel 120000
ကျိုက်ထီးရိုး(ငြိမ်း) 35000 ရှောင်းသာ (ငြိမ်း) 45000
01-549380,09-5093704, 09-450012971

**အမြန် ရောင်းမည်**
၁။ (၄၀ × ၆၀)ဒဂုံမြို့သစ်(တောင်ပိုင်း)၊ စက်မှုဇုန်(၂)၊ မီးပါ။
၂။ (၂.၅)ဧကလယ်မြေ၊ ရန်ကုန်-ဖောင်ကြီးလမ်းမ၊ လှည်းကူး။
၃။(၄၀ × ၆၀) ၁၃ ဧက၊ ဥယျာဉ်ခြံမြေ၊ လှည်းကူး၊ စိုက်ပျိုးပြင်ပါ။
09-5155106, 01-549138

အဖြူလေး
since1984 ဦးဟန်သာ အင်္ဂလိပ်စာ 095146452
တက္ကသိုလ် ဆရာဟောင်း
အမှတ်၅(၃လွှာ) ဦးထွန်းလင်းခြံလမ်း ၊ ကမာရွတ်လှည်းတန်း
၂၀၁၄-၁၅ ၁၀တန်းဖြေများ အတွက် May 1 စသင်မည်
**တက္ကသိုလ်ဝင်ခွင့်များ**
ကျောင်းအပ်လက်ခံပြီ
1 Thu, Fri 7:30 - 9:30 ( ဆေး/သွား/UFL ) May1 စပြီ
2 Mon, Tue 2:30 - 4:30 ( ဆေးဝါး/ပြည်သူ့ကျန်းမာရေး/သူနာပြု ) May4 စပြီ
3 Mon, Tue 7:30 - 9:30 ( နည်းပညာ/ကွန်ပျူတာ/ရေကြောင်း ) May4 စပြီ
4 Sat, Sun 7:30 - 9:30 ( ပညာရေး/စီးပွားရေး/ ရန်ကုန်တက္ကသိုလ် ) May2 စပြီ
ဝင်ခွင့်များခေါ်ချိန်တွင် ပြင်ဆင်ချိန်နဲတတ်၍ကြိုဖွင့်ပါသည်။ အင်္ဂလိပ်စာအတွက် 70000/- ဖြင့် စသင်မည် ။ ကျန်ဘာသာများ တရားဝင်ခေါ်ချိန်တွင် သင်ပါမည် ။ လိုအပ်လျှင် အချိန်ပိုခေါ်သင်မည်။ ခုံနံပါတ်ပြည့်လျှင် လုံးဝလက်ခံမည်မဟုတ်။ ဝင်ခွင့်မရှိလျှင်လည်း မိမိတက်မည့်တက္ကသိုလ်မှ အင်္ဂလိပ်စာ ကို လေ့လာပြီးဖြစ်၍ အကျိုးယုတ်စရာမရှိပါ ။ https://www.facebook.com/hantha.saya

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ် ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

**ပျောက်ဆုံးကြောင်း**

ကျွန်မ မဘန်မျှော်[၁/ဗမန(နိုင်) ၀၇၄၂၀၆]၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၁၅၀၂၉၄၈

**ပျောက်ဆုံးကြောင်း**

ကျွန်မ မဒေါင်လမ်[၁/မကန(နိုင်) ၀၀၁၈၀၃]၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၇၀၂၄၇၅၆

ပြည်တွင်းရေးရာ

# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)ဒေသတစ်ခုလုံးအား ဓာတ်အားဖြန့်ဖြူးပေးရန် စီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၃**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး နှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့သည် မေ ၂၂ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) လွယ်လင်ခရိုင် မိုင်းရှူးမြို့နယ်ရှိ ပတ္တမြားခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲ၌ ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်မီးမရသေးသော ရခိုင်ပြည်နယ် တစ်ခုလုံးအား နိုင်ငံတော် ဓာတ်အားစနစ်မှ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အလားတူ လျှပ်စစ်မီးမရသေးသော ချင်းပြည်နယ်အား လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နေပါကြောင်း၊ ဟားခါးမြို့အထိ လျှပ်စစ်မီး ရောက်ရှိပြီဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်၌ မြို့အများစုမှာ လျှပ်စစ်မီးရရှိပြီဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်နှင့် ပတ်သက်၍ပြောရလျှင် မိမိတာဝန်မယူခင်က အင်းလေးဒေသတွင် လျှပ်စစ်မီး ၅၀ ရာခိုင်နှုန်းခန့်သာ သုံးစွဲနိုင်ခဲ့သော်လည်း ယနေ့အချိန်တွင် အင်းဒေသကြီးတစ်ခုလုံး ၉၀ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိနေပြီဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း (၅၁) မဂ္ဂါဝပ်နှင့် မူလပထမ ကျိုင်းတောင်းဓာတ်အားပေးစက်ရုံ (၅၄) မဂ္ဂါဝပ် စုစုပေါင်း (၁၀၅) မဂ္ဂါဝပ်ဖြင့် ရှမ်းပြည်နယ်ဒေသတစ်ခုလုံးအတွက် မလုံလောက်ပါကြောင်း၊ လျှပ်စစ်မီးတိုးတက်ထုတ်လုပ်ပေးနိုင်မှသာလျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး လျှပ်စစ်မီးသုံးစွဲနိုင်မှာဖြစ်ပါကြောင်း၊ ၎င်းလိုအပ်သော လျှပ်စစ်ဓာတ်အားကို ရေအား၊ ကျောက်မီးသွေးတို့မှ ထုတ်လုပ်မှသာလျှင် ရရှိသုံးစွဲနိုင်မှာဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်းရှူးမြို့တွင် တည်ဆောက်နေသော 66 / 11 KV 5 MVA တည်ဆောက်မည့်နေရာအား ကြည့်ရှုသည်။ အဆိုပါ 66 / 11 KV 5 MVA မိုင်းရှူးဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက မိုင်းနောင်ဓာတ်အားခွဲရုံမှ 66 KV ဓာတ်အားလိုင်းသွယ်တန်း ဆက်သွယ်ပြီး မိုင်းရှူးမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့အပြင် မိုင်းရှူးမှ မိုင်းရယ်သို့ 66 KV ဓာတ်အားလိုင်း သွယ်တန်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် တည်ဆောက်ပြီးစီးပါက ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)ဒေသတစ်ခုလုံးအား ဓာတ်အားလိုင်းစနစ်ဖြင့် ချိတ်ဆက်ပြီး ဓာတ်အားဖြန့်ဖြူးပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံ

**ဂျကာတာ မေ ၂၃**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ရောက်ရှိနေသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် နယ်သာလန်နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Jan PaulDerkes နှင့် ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဂျကာတာမြို့ရှိ ကွန်ဗင်းရှင်းစင်တာ၌ တွေ့ဆုံသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

# တပ်မတော်ဗိုလ်ကြီးအဆင့်ရှိ ယူနီဖောင်းအားဝတ်ဆင်၍ ကားအရောင်းစင်တာများမှ ယာဉ်များယူဆောင်သွားသူအား ဖမ်းဆီးရမိ

**ရန်ကုန် မေ ၂၃**

မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းဓမ္မလမ်းရှိ မင်းခန့်ကားအရောင်းစင်တာသို့ မေ ၁၈ ရက် ည ၁၁ နာရီခွဲခန့်က တပ်မတော်ဗိုလ်ကြီးအဆင့်ရှိ ယူနီဖောင်းဝတ်ဆင်ထားသူ အမျိုးသားတစ်ဦးက SUZUKI SWIFT ယာဉ်ဖြင့် ရောက်ရှိလာပြီး ကားတစ်စီး လဲစီးသွားမည်ဟု ဝန်ထမ်းများအား ပြောဆိုကာ သေနတ်ဟု ထင်ရသောအရာအား ထုတ်ပြပြီး အရောင်းစင်တာရှိ TOYOTA COROLLA AXIO ယာဉ်၏ သော့ကို တောင်းယူကာ ၎င်းစီးနင်းလာသော SUZUKI SWIFT ယာဉ်မှ နံပါတ်ပြားဖြင့် ပြောင်းလဲတပ်ဆင်၍ ယူဆောင်သွားသဖြင့် ဘုရင့်နောင်နယ်မြေရဲစခန်းက (ပ) ၁၉၀/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့်ကာ စုံစမ်းဖော်ထုတ်ခဲ့သည်။

ယင်းသို့ ကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များက အခြားတိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့များနှင့်ချိတ်ဆက်၍ လိုက်လံစုံစမ်းဖော်ထုတ်ရှာဖွေခဲ့ရာ အမှုမှပါဆုံးသွားသည့် TOYOTA COROLLA AXIO ယာဉ်အား မော်လမြိုင်မြို့၌ မေ ၂၀ ရက်တွင် ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။

ပြစ်မှုကျူးလွန်သူ အမျိုးသားအား မေ ၂၀ ရက် နံနက်က စခတ(၉)တပ်မှ စစ်သည်များက မွန်ပြည်နယ် သထုံမြို့နယ် ဈေးတောင်ကျေးရွာ ကံ့ကော်လမ်းဝအနီး၌ NISSAN LAUREL ယာဉ်တစ်စီးဖြင့် တပ်မတော်ယူနီဖောင်းဝတ်ဆင်ထားလျက် မသင်္ကာဖွယ် တွေ့ရှိရာမှ ဖမ်းဆီးရမိခဲ့ပြီး ၎င်းမှာ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်နေ သူရိန်စိုး (၂၈)နှစ်ဖြစ်ကြောင်း သိရှိရကာ သထုံမြို့မရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

၎င်းအား စစ်ဆေးအတည်ပြုချက်အရ အဆိုပါပြစ်မှုကို တပ်မတော်ဗိုလ်ကြီးအဆင့်ရှိ ယူနီဖောင်းအားဝတ်ဆင်၍ ခြောက်လုံးပြူးအတု (ဂက်စ်မီးခြစ်)သေနတ်အား ကိုင်ဆောင်ကာ ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ပြီး ၎င်းနှင့်အတူ တွေ့ရှိသည့် NISSAN LAUREL ယာဉ်မှာ အမှုမှပါဆုံးသွားသည့် TOYOTA COROLLA AXIO ယာဉ်နှင့် အလဲအထပ်လုပ်ကာ ရယူထားသည့် ယာဉ်ဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ ၎င်းသည် မေ ၁၂ ရက်တွင် သမိုင်းလမ်းဆုံအနီးရှိ အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်ရှေ့မှ Probox ယာဉ်ကို ခိုးယူမောင်းနှင်ခဲ့စဉ် လှိုင်သာယာမြို့နယ် FMI အိမ်ရာရှေ့၌ ဓာတ်တိုင်အား တိုက်မိခဲ့၍ ယာဉ်ကိုထားခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပြီး ၎င်းယာဉ်အား ယာဉ်ထိန်းရဲတပ်ဖွဲ့မှတွေ့ရှိကာ ပိုင်ရှင်ဖြစ်သူထံ စုံစမ်းအပ်နှံပေးပြီးဖြစ်ကြောင်း၊ မေ ၁၃ ရက်တွင် တောင်ဥက္ကလာပမြို့နယ် စက်မှုဇုန်ရှိ ဝပ်ရှော့ရှေ့မှ TOYOTA FIELDER ယာဉ်ကို ခိုးယူခဲ့ကြောင်း ပေါ်ပေါက်သဖြင့် တောင်ဥက္ကလာပမြို့မရဲစခန်းက(ပ)၁၆၈/၂၀၁၅၊ ပြစ်မှုပုဒ်မ-၃၇၉(ကား) အမှုကိုလည်းကောင်း၊ မေ ၁၇ ရက်တွင် ယူနီဖောင်းဝတ်ဆင်လျက် ဂက်စ်မီးခြစ်သေနတ်ကိုင်ဆောင်ကာ ပုဇွန်တောင်မြို့နယ် မိဘရိပ်မွန်အိမ်ရာတွင် ရပ်ထားသော မတ်တူးယာဉ်အား လုံခြုံရေးဝန်ထမ်းကို လိမ်လည်ပြောပြီး ၎င်းခိုးယူခဲ့သည့် TOYOTA FIELDER ယာဉ်ဖြင့် လဲလှယ်ရယူခဲ့ကြောင်း ပေါ်ပေါက်သဖြင့် ပုဇွန်တောင်မြို့မ ရဲစခန်းက(ပ)၈၆/၂၀၁၅၊ ပြစ်မှုပုဒ်မ-၄၂၀/၁၇၀ အမှုကို လည်းကောင်း၊ သာကေတမြို့နယ်ရှိ ကားဆားဗစ်ကုမ္ပဏီတွင် မတ်တူးယာဉ်အား ပြင်လိုကြောင်း ပြောဆိုထားခဲ့ပြီး ၎င်းကုမ္ပဏီမှ SUZUKI SWIFTယာဉ်အား လဲလှယ်ယူဆောင်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် သာကေတမြို့မရဲစခန်းက (ပ)၃၃၇/၂၀၁၅၊ ပြစ်မှုပုဒ်မ-၄၂၀ အမှုကိုလည်းကောင်း ဖော်ထုတ်နိုင်ခဲ့သည်။





ယင်းသို့ ပြစ်မှုများ ကျူးလွန်ခဲ့သူ သူရိန်စိုးအား သက်ဆိုင်ရာမြို့နယ် ရဲစခန်းများတွင် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိပြီး သက်သေခံယာဉ်များအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

■ **ကျောဖုံးမှ**

သတင်းများက ဖော်ပြထားသည်။ မေဝယ်သာနှင့် ပက်ကွိုင်အိုတို့သည် အဆိုပါလက်ဝှေ့ပွဲယှဉ်ပြိုင်ထိုးသတ်ရန် ယခု ၁၀ ရက်အတွင်း သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုလိမ့်မည်ဖြစ်ကြောင်းလည်း ဘော့ဘ်အာရမ်က ဆိုသည်။ မေဝယ်သာ၏ အမှုဆောင်အရာရှိ အီလာဘီကမူ မေဝယ်သာနှင့် ပက်ကွိုင်အိုတို့မှာ အဆိုပါလက်ဝှေ့ပွဲကို ယှဉ်ပြိုင်ထိုးသတ်ရန် လွန်ခဲ့သည့် တစ်လကတည်းက သဘောတူလက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်လက်ဝှေ့ကျော် မေဝယ်သာသည် လက်ရှိတွင် ဒဗလျူဘီစီနှင့် ဒဗလျူဘီအေဝယ်တာဝိတ်ချန်ပီယံနှင့် ဒဗလျူဘီစီလိုက်-မစ်ဒယ်ဝိတ်ချန်ပီယံ တစ်ဦးဖြစ်ပြီး ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွိုင်အိုသည်လည်း လက်ရှိဒဗလျူဘီအိုဝယ်တာဝိတ်ချန်ပီယံတစ်ဦးဖြစ်သည်။

၎င်းတို့နှစ်ဦး၏ လက်ဝှေ့လောကဖြတ်သန်းမှုတွင် မေဝယ်သာသည် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝတွင် ၄၇ ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ၄၇ ပွဲစလုံးအနိုင်ရရှိထားသည့်အပြင် ၂၆ ပွဲအထိ အလဲထိုးနိုင်ပွဲရရှိထားသူဖြစ်သည်။ ပက်ကွိုင်အိုမှာမူ ၎င်း၏ ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝတွင် ၆၄ ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ၅၇ ပွဲနိုင်ပွဲရရှိထားသည်။ ပက်ကွိုင်အိုသည် အဆိုပါနိုင်ပွဲ ၅၇ ပွဲတွင် ၃၈ ပွဲအထိ အလဲထိုးနိုင်ပွဲရရှိထားသူဖြစ်သည်။

ထိုသို့ မေဝယ်သာရော ပက်ကွိုင်အိုပါ လက်ဝှေ့လောကတွင် နာမည်ရရှိနေကြပြီး ၎င်းတို့နှစ်ဦး၏ လက်ဝှေ့ပြိုင်ပွဲကို မေ ၂ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည်ဆိုပါက ပြိုင်ဆိုင်မှုပြင်းထန်သည့် ပွဲကောင်းတစ်ပွဲဖြစ်လာမည်လည်း ဖြစ်သည်။

**(နိုင်လင်းကြည်)**


**တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၅)**
**တည်ဆောက်ရေးပစ္စည်းတင်ဒါခေါ်ယူခြင်း**
**တင်ဒါအမှတ်စဉ်(၂)၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်**

(က) ကချင်ပြည်နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၅)မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပူတာအိုခရိုင်အတွင်းရှိ တံတားများနှင့် မိုးညှင်းခရိုင်အတွင်းရှိ ဥရုချောင်းတံတား(လုံခင်း) တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေ၊ သံချောင်းရှယ်စုံ၊ ဒီဇယ်ဆီနှင့် တံတားသံပေါင်များအား မြန်မာကျပ်ငွေဖြင့် သယ်ယူလိုပါသည်။

- တင်ဒါလျှောက်လွှာ စတင်ရယူနိုင်သည့်ရက် - ၂၂-၄-၂၀၁၅ ရက်
- တင်ဒါတင်သွင်းရမည့်ရက်၊ အချိန် - ၇-၅-၂၀၁၅ ရက်၊ နံနက် ၉း၀၀နာရီ
- တင်ဒါဖွင့်မည့်ရက်၊ အချိန် - ၇-၅-၂၀၁၅ ရက်၊ နံနက် ၁၀း၀၀ နာရီ
- တင်ဒါတင်သွင်းရမည့်နေရာ - ဒု-အင်ဂျင်နီယာမှူးကြီးရုံး တံတားအထူးအဖွဲ့(၁၅)၊ မြစ်ကြီးနားမြို့

(ခ) တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ တံတားအထူးအဖွဲ့(၁၅)၊ မြစ်ကြီးနားမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၄-၂၂၁၉၇၊ ၀၉-၆၈၀၇၆၅၇၊ ၀၉-၄၀၀၀၂၁၀၁၄

**(၁၉၆၄-၁၉၈၈) လူရည်ချွန်များအား ဖိတ်ကြားခြင်း**

၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်တန်းဘာသာစုံပညာထူးချွန်လူငယ်များကို (၁၉၆၄-၁၉၈၈) လူရည်ချွန်များမှ သွားရောက်တွေ့ဆုံနှုတ်ဆက်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်မည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၄-၄-၂၀၁၅ရက် (သောကြာနေ့)
**အချိန်** - ညနေ ၆း၃၀နာရီ
**နေရာ** - အထက (၁) လမ်းမတော်၊ မင်းရဲကျော်စွာလမ်း

**လူရည်ချွန် (၁၉၆၄-၁၉၈၈)အဖွဲ့**
**အလုပ်အမှုဆောင်အဖွဲ့**

**ကံ့ကော်ရိပ် PPTT (မူလတန်းပြ)**
နေ့စဉ်တက် ရက်ပြက်တန်းခွဲ
ဧပြီလ 27 ရက်နေ့စမည်
Section (A) - 8:30 AM to10:30 AM
Section (B) - 1:30 PM to 3:30 PM
သင်တန်းကြေး 25000 ကျပ်
အမှတ် (၃၆၅)၊ (ပ)ထပ်၊ မဟာဗန္ဓုလလမ်း၊ ပန်းဆိုးတန်းမှတ်တိုင်အနီး၊ Ph-09-978785990
တိုက်(၁)၊ (တ)ထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်းလမ်းဆုံ၊ အင်းစိန်လမ်းမကြီး၊ Ph-09-31548597

**မီးဘေးရှောင်မလောင်ခင်တား**

# အမေရိကန်ဗိုလ်ချုပ်ကြီးဟောင်းကို လျှို့ဝှက်ချက်များ ပေါက်ကြားမှုကြောင့် ပြစ်ဒဏ်ချမှတ်မည်



အမေရိကန်ဗိုလ်ချုပ်ကြီးဟောင်းဒေးဗစ်ပက်ထရီးရပ်စ်နှင့် ပေါ်လာဘရွတ်ဝဲလ်။

**ဝါရှင်တန် ဧပြီ ၂၃**

အမေရိကန်ဗိုလ်ချုပ်ကြီးဟောင်းနှင့် စီအိုင်အေထောက်လှမ်းရေးမှူးဟောင်း ဒေးဗစ်ပက်ထရီးရပ်စ်သည် ၎င်း၏ အတ္ထုပ္ပတ္တိအကြောင်း ရေးသားနေသူ အမျိုးသမီးတစ်ဦးထံ လျှို့ဝှက်ချက်များ ပေါက်ကြားမှုအတွက် တရားရင်ဆိုင်ရန် ဧပြီ ၂၃ ရက်က မြောက်ကာရိုလိုင်းနားရှိ ဖယ်ဒရယ်တရားရုံးသို့ လာရောက်အစစ်ဆေးခံခဲ့ကြောင်း သိရသည်။

ယခုအခါ ရာထူးမှအငြိမ်းစားယူသွားပြီဖြစ်သော အမေရိကန်ကြည်းတပ် ဗိုလ်ချုပ်ကြီး ပက်ထရီးရပ်စ်က လုံခြုံရေးအဆင့် သတ်မှတ်ထားသော ပစ္စည်းများကို ခွင့်ပြုချက်မရဘဲဖယ်ရှားခဲ့သော ဥပဒေချိုးဖောက်မှုကို တရားရုံး၌ အသနားခံရန် သဘောတူညီပြီးဖြစ်သည်။ တရားရုံး မှတ်တမ်းများအရ ပက်ထရီးရပ်စ်က ဒဏ်ကြေးငွေ အမေရိကန်ဒေါ်လာ ၄၀၀၀၀ ပေးဆောင်ရန်နှင့် နှစ်နှစ်ခံဝန်ချုပ်ဖြင့်နေရန် သဘောတူညီမည်ဖြစ်သည်။ အီရတ်နှင့် အာဖဂန်နစ္စတန်စစ်ပွဲများတွင် ထိပ်တန်းအမေရိကန်တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ပက်ထရီးရပ်စ်သည် အတ္ထုပ္ပတ္တိရေးသားသူ ကြည်းတပ်အရန်အရာရှိ ပေါ်လာဘရွတ်ဝဲလ်နှင့် ပတ်သက်မှုရှိနေကြောင်း ထုတ်ဖော်ဖွင့်ဟပြီးနောက် ၂၀၁၂ ခုနှစ်တွင် စီအိုင်အေမှ နုတ်ထွက်ခဲ့သည်။

ပက်ထရီးရပ်စ်နှင့် အစိုးရရှေ့နေများ လက်မှတ်ရေးထိုးထားသည့် တရားရုံးမှတ်တမ်းတစ်ခုက စီအိုင်အေ ညွှန်ကြားရေးမှူးမဖြစ်မီ ၂၀၁၁ ခုနှစ်က ကြယ်လေးပွင့်အဆင့်ရှိ ဗိုလ်ချုပ်ကြီးသည် လုံခြုံရေးအဆင့်သတ်မှတ်ထားသည့် သတင်းအချက်အလက်များပါဝင်သော "black books" ဟု ခေါ်ဆိုသည့် ကတ်ထူပုံးများကို ဘရွတ်ဝဲလ်အား တရားမဝင်ကြည့်ရှုခွင့်ပေးခဲ့သည်ဟုဆိုသည်။ ပက်ထရီးရပ်စ်မှာ သူ၏အိမ်၌ လုံခြုံရေးအဆင့်သတ်မှတ်ထားသည့် ပစ္စည်းကိရိယာများ မတော်တရော် သိမ်းဆည်းထားပြီး သူသည် မည်သည့်သတင်းအချက်အလက်မျှ ဘရွတ်ဝဲလ်နှင့် မျှဝေခဲ့ခြင်းမရှိကြောင်း ၂၀၁၂ ခုနှစ် အောက်တိုဘာလက အက်ဖ်ဘီအိုင်သို့ လိမ်လည်ပြောကြားမှုနှင့် ပတ်သက်၍လည်း စွပ်စွဲခံထားရသည်။ **ရိုက်တာ။**

# အကြမ်းဖက်တိုက်ခိုက်ရေး အကြံအစည်ငါးခု ပြင်သစ်ရဲတပ်ဖွဲ့ဖြိုခွင်း

**ပါရီ ဧပြီ ၂၃**

ပြင်သစ်ရဲတပ်ဖွဲ့သည် မကြာသေးမီလများအတွင်းတွင် အကြမ်းဖက်တိုက်ခိုက်ရန် အကြံအစည်ငါးခုကို ဖြိုခွင်းနိုင်ခဲ့ကြောင်း ဝန်ကြီးချုပ် မာနူယဲလ်ဘောလ်(စ်)က ယနေ့ ထုတ်ဖော်ပြောကြားသည်။

နောက်ဆုံး အစီအစဉ်မှာ ပါရီမြို့ရပ်ကွက်တစ်ခုအတွင်းရှိ ဘုရားရှိခိုးကျောင်းများကို တိုက်ခိုက်ရန်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြင်သစ်ရေဒီယိုသို့ ပြောကြားခဲ့သည်။

အဆိုပါတိုက်ခိုက်ရေးအစီအစဉ်နှင့်ပတ်သက်၍ ပြင်သစ်-အဲလ်ဂျီးရီးယန်းအမျိုးသားတစ်ဦးကို ဧပြီ ၁၉ ရက်တွင် ဖမ်းဆီးခဲ့သည်။ ၎င်းသည် သူ့ကိုယ်သူ မတော်တဆ သေနတ်ဖြင့် ပစ်မိ၍ လူနာတင်ယာဉ်ခေါ်ယူရာမှ ဖမ်းဆီးရမိခြင်းဖြစ်သည်။

ဇန်နဝါရီလအတွင်း ဂျူး ကုန်တိုက်ကြီးတစ်ခုနှင့် "ချာလီဟက်ဒို" မဂ္ဂဇင်းတို့ တိုက်ခိုက်ခြင်းခံရပြီးသည့်နောက် ပြင်သစ်အစိုးရသည် လုံခြုံရေးမြှင့်တင်လာခဲ့သည်။

၎င်းတို့ နိုင်ငံသမိုင်းတွင် ဤကဲ့သို့သော အကြမ်းဖက်မှုမျိုးကို မည်သည့်အခါကမျှ မကြုံတွေ့ခဲ့ရကြောင်း ဝန်ကြီးချုပ်က ပြင်သစ်အင်တာရေဒီယိုသို့ ပြောခဲ့သည်။

အကြမ်းဖက် ကွန်ရက်တွင် ပြင်သစ်နိုင်ငံသား ၁၅၇၃ ဦး ပါဝင်ပတ်သက်လျက်ရှိကြောင်း၊ ၎င်းတို့အနက် ၄၄၂ ဦးသည် ယခုအခါ ဆီးရီးယားနိုင်ငံ၌ ရောက်ရှိနေသည်ဟု ယုံကြည်ရကြောင်း အသေခံဗုံးခွဲတိုက်ခိုက်ပြီး သေဆုံးသူ ခုနစ်ဦး အပါအဝင် ၉၇ ဦးသည် ဆီးရီးယား သို့မဟုတ် အီရတ်၌ သေဆုံးခဲ့ပြီဖြစ်ကြောင်း ဝန်ကြီးချုပ်က ထပ်မံပြောကြားခဲ့သည်။

**ဘီဘီစီ။**

# ချီလီတောင်ပိုင်းရှိ ကယ်လ်ဘူလိုမီးတောင် နာရီအနည်းငယ်ခြားပြီး နှစ်ကြိမ်ပေါက်ကွဲ

**ဆန်ဒီယေဂို ဧပြီ ၂၃**

ချီလီနိုင်ငံတောင်ပိုင်းရှိ ကယ်လ်ဘူလို မီးတောင်သည် ဆယ်စုနှစ်များစွာငြိမ်သက်ခဲ့ပြီးနောက် ဧပြီ ၂၃ ရက်တွင် နာရီအနည်းငယ်ခြား၍ နှစ်ကြိမ်ပေါက်ကွဲခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မီးတောင်ပေါက်ကွဲမှုကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသရာ၌ ကြီးမားသော မီးတောင်ချော်ရည်တန်းများနှင့် ပြာမှုန်များ လေထုအတွင်းသို့ မှုတ်ထုတ်ပုံကို မြင်တွေ့ရသည်။

ဒေသဆိုင်ရာ အာဏာပိုင်များက မီးတောင်ပေါက်ကွဲမှု ဘေးအန္တရာယ်ကို အနီရောင်အဆင့် သတ်မှတ်ခဲ့သည်။ မီးတောင်ပတ်လည် ကီလိုမီတာ ၂၀ (၁၂ မိုင်)အကွာအဝေးအတွင်း၌ နေထိုင်သူဒေသခံ ဦးရေ ၄၀၀၀ တို့ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းစေလျက်ရှိသည်။

ကယ်လ်ဘူလိုမီးတောင်သည် ချီလီနိုင်ငံ၌ အလှုပ်ရှားဆုံး မီးတောင်တစ်လုံးဖြစ်သော်လည်း မီးတောင်ပေါက်ကွဲမှုသည် အဆိုပါဒေသမှ တာဝန်ရှိသူများအား အံ့အားသင့်စေခဲ့သည်။

ကယ်လ်ဘူလိုမီးတောင် မပေါက်ကွဲမီ အထူးပြုလေ့လာစောင့်ကြည့်ခဲ့ခြင်းမရှိကြောင်း အရေးပေါ်လုပ်ငန်းများဆိုင်ရာ ညွှန်ကြားရေးမှူး အလက်ဂျန်ဒရိုဗားဂက်စ်က ပြောကြားသည်။

မီးတောင်အနီးရှိ အန်ဆန်နာဒါမြို့နှင့် ယင်းမြို့အနီး တစ်ဝိုက်ရှိ လူနေဒေသနှစ်ခုမှ ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထွက်ခွာကြရန် အာဏာပိုင်များက အမိန့်ထုတ်ပြန်ထားသည်။

မီးတောင်ပေါက်ကွဲရာဒေသအတွင်းမှ စာသင်ကျောင်းများကို ပိတ်ထားပြီး လေကြောင်းခရီးစဉ်အချို့ကိုလည်း ဖျက်သိမ်းထားသည်။

ချီလီနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံပြီးလျှင် ကမ္ဘာပေါ်၌ ဒုတိယမြောက် မီးတောင်အများဆုံး တည်ရှိသည့်နိုင်ငံဖြစ်သည်။ ချီလီနိုင်ငံရှိ မီးတောင် အလုံး ၅၀၀ ခန့်မှာ သက်ဝင်လှုပ်ရှားနိုင်ဖွယ်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

**ဘီဘီစီ။**





# မြေထဲပင်လယ်ကိုဖြတ်ကျော်ရွှေ့ပြောင်းလာသူများအရေး အမြန်ဆုံးအရေးယူဆောင်ရွက်ရန် အီးယူခေါင်းဆောင်များဆွေးနွေး

**ဘရပ်ဆယ် ဧပြီ ၂၃**

လွန်ခဲ့သည့်ရက်အနည်းငယ်က ဥရောပသို့ရွှေ့ပြောင်းလာသူ ရာပေါင်းများစွာ ပင်လယ်ပြင်တွင် ရေနစ်သေဆုံးခဲ့ရပြီးနောက် ဧပြီ ၂၃ ရက်က ကျင်းပသည့် အရေးပေါ်ထိပ်သီးအစည်းအဝေး၏ သဘောတူညီချက်မူကြမ်းတစ်ခုအရ ဥရောပသမဂ္ဂ(အီးယူ) ခေါင်းဆောင်များသည် မြေထဲပင်လယ်တွင် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် စစ်ဘက်ဆိုင်ရာ အရင်းအမြစ်များကို အသုံးပြု၍ လူကုန်ကူးရန်အသုံးပြုဖွယ်ရှိသည့် လှေများကို ဖမ်းဆီးဖျက်ဆီးရန် နည်းလမ်းနှစ်သွယ်ကို အသုံးပြုရဖွယ်ရှိသည်။

နောက်ဆုံးသဘောတူညီချက်မူကြမ်းအရ အီးယူအဖွဲ့ဝင် ၂၈ နိုင်ငံသည် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးကို ဖြစ်နိုင်သမျှ ပိုမိုလုပ်ဆောင်ရန်နှင့် လူကုန်ကူးသူများအသုံးမပြုရသေးသည့် လှေသင်္ဘောများကိုစနစ်တကျဖော်ထုတ်ဖမ်းဆီးဖျက်ဆီးရန် ကတိကဝတ်ပြုရဖွယ်ရှိသည်။ အီးယူနိုင်ငံခြားရေးမူဝါဒရေးရာအကြီးအကဲ ဖက်ဒရီကာ မိုဂါရီနီက အဆိုပါလှုပ်ရှားမှုကို စစ်ဆင်ရေးအစိတ်အပိုင်းတစ်ခုကဲ့သို့ အမြန်ဆုံးစတင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

"ကျွန်တော်တို့ ဒီကိစ္စကို ချက်ချင်းအရေးယူဆောင်ရွက်ရပါလိမ့်မယ်။ ဥရောပဟာ လူမှောင်ခိုကူးသူများအပေါ် စစ်ကြေညာနေပါပြီ" ဟု အီးယူ၏ ရွှေ့ပြောင်းအခြေချနေထိုင်သူများဆိုင်ရာ အကြီးအကဲ ဒီမစ်ထရီစ် အဗာမိုပူလိုစ်က ပြောကြားသည်။ အာဖရိကဦးချိုဒေသတွင်ရှိသည့် အီးယူရေတပ်စစ်ဆင်ရေးများသည် ပင်လယ်ဓားပြမှုများကို အောင်အောင်မြင်မြင် နှိမ်နင်းဆောင်ရွက်နိုင်သကဲ့သို့ မြေထဲပင်လယ်မှ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း အီတလီဝန်ကြီးချုပ် မတ်တီယိုရန်ဇီက ၎င်း၏ သဘောထားအမြင်ကို နယူးယောက်တိုင်းမ်သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။ **အေပီ။**

# ပြည်ပရောက် ခြစားသူများဟု သံသယရှိသူ လူ ၁၀၀ စာရင်း တရုတ်ထုတ်ပြန်ကြေညာ

**ပေကျင်း ဧပြီ ၂၃**

ပြည်ပသို့ ထွက်ပြေး တိမ်းရှောင်နေကြသည်ဟု ယုံကြည်ရပြီး အဂတိလိုက်စားခဲ့ကြသူများဖြစ်သည်ဟု သော သံသယဖြင့် နိုင်ငံတော်က အလိုရှိနေသော ထိပ်တန်းအရာရှိ ဦးရေ ၁၀၀ ၏ စာရင်းကို တရုတ်နိုင်ငံက ယနေ့ ထုတ်ပြန်လိုက်သည်။

ယနေ့ထုတ် "ချိုင်းနားဒေလီ" သတင်းစာတွင် အဆိုပါ သံသယရှိသူများ၏ ဓာတ်ပုံများကို ဖော်ပြထားသည်။ ဓာတ်ပုံများနှင့်အတူ ၎င်းတို့၏ အမည်၊ အသက်၊ နေရပ်မြို့၊ ပြောဆိုသောဘာသာစကားနှင့် ၎င်းတို့ ကျူးလွန်ခဲ့သည်ဟု ယူဆရသော ရာဇဝတ်မှုများကိုလည်း ဖော်ပြထားသည်။

နိုင်ငံတကာရဲတပ်ဖွဲ့ (အင်တာပိုလ်)က ၎င်းအရာရှိ ၁၀၀ ကို ဖမ်းဆီးရန် နီတစ်ထုတ်ပြန်ထားပြီးဖြစ်ကြောင်း အာဏာရကွန်မြူနစ်ပါတီ အဂတိလိုက်စားမှု စောင့်ကြည့်ရေးအဖွဲ့က ပြောသည်။ ၎င်းတို့အနက် အများစုသည် ကနေဒါနှင့် အမေရိကန်ပြည်ထောင်စုသို့ ထွက်ပြေးခဲ့ကြသည်ဟု ယုံကြည်ကြောင်း ထပ်မံပြောကြားသည်။

တရုတ်သမ္မတရှီကျင့်ဖျင်၏ အဂတိလိုက်စားမှုအပေါ် အလုံးစုံတိုက်ဖျက်ရေးအစီအစဉ်အဖြစ် ပြည်ပ၌ ခိုအောင်းနေကြသော သံသယရှိသူများကို တရုတ်နိုင်ငံသို့ ပြန်လည်ရောက်ရှိရေးကြိုးပမ်းရာတွင် "ဖောက်စ်ဟန့်" နှင့် "စကိုင်းနက်" ဟု အမည်ပေးထားသည့် စစ်ဆင်ရေးနှစ်ရပ်ကို စတင်ဆောင်ရွက်လျက်ရှိသည်။ **ရိုက်တာ။**

# ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသည့် SMBC ဘဏ် မြန်မာနိုင်ငံတွင် ရန်ကုန်ဘဏ်ရုံးခွဲလာရောက်ဖွင့်လှစ်

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားဘဏ်များအနက် ဂျပန်နိုင်ငံ၏ ဘဏ်တစ်ခုဖြစ်သော Sumitomo Mitsui Banking Corporation (SMBC) ရန်ကုန်ဘဏ်ရုံးခွဲဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် Strand Square အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ယခုဖွင့်လှစ်သော SMBC ဘဏ်သည် ဂျပန်နိုင်ငံတွင် သမိုင်းအစဉ်အလာကြီးမားသော ဘဏ်ကြီးတစ်ခုအဖြစ် ရပ်တည်ခဲ့သည်မှာ နှစ်ပေါင်း (၆၀) ကျော်ခဲ့ပြီး ပြည်ပဘဏ်ခွဲပေါင်း ၁၅ ဘဏ်နှင့် ပြည်တွင်းဘဏ်ခွဲပေါင်း ၄၀၀ ကျော်ရှိပါကြောင်း၊ ဂျပန်စီးပွားရေး လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများ၊ အထူးစီးပွားရေးဇုန်များ၏ ရင်းနှီးမြှုပ်နှံမှုများအတွက် SMBC ဘဏ်က တစ်ဖက်တစ်လမ်းပံ့ပိုးပေးမည်ဟု ယုံကြည်ပါကြောင်း၊ ဂျပန်နိုင်ငံ၏ စီးပွားရေးမူဝါဒဖြစ်သော အာဆီယံနိုင်ငံများနှင့် အတူတကွ အောင်မြင်ရန် ရည်မှန်းချက်အရ အောင်မြင်အောင် ဆောင်ရွက်သွားမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် SMBC Bank ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံခွင့်ရရှိသည့်အတွက် များစွာဂုဏ်ယူပါကြောင်း၊ အောင်မြင်စေရန် အစွမ်းကုန် ကြိုးပမ်းမည်ဟု ယုံကြည်ပါကြောင်း၊ ဘဏ်လုပ်ငန်းနှင့် ပတ်သက်သည့် အတွေ့အကြုံနည်းပညာများအား မျှဝေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ပြည်တွင်းပုဂ္ဂလိကဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ကူညီပံ့ပိုးမှုတို့အား အစွမ်းကုန် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဇကုမ္ပဏီများအုပ်စုမှ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးတို့က အမှာစကားပြောကြားခဲ့ကြပြီးနောက် တာဝန်ရှိသူများက SMBC ရန်ကုန်ဘဏ်ရုံးခွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများက SMBC ရန်ကုန်ဘဏ်ရုံးခွဲ ရုံးခန်းများအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။




အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tateshi Higushi၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ ဂျပန်နိုင်ငံ SMBC Bank ဒုတိယဥက္ကဋ္ဌ Mr. Minora နှင့် SMBC ရန်ကုန်ဘဏ်ရုံးခွဲမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(ကြေးမုံ)**



**စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော အရှေ့တောင်အာရှ ရေနံစိမ်းပိုက်လိုင်းကုမ္ပဏီမှ CSR လုပ်ငန်းအဖြစ် လှူဒါန်းသည့် Mobile BTS(Base Transceiver Station) နှင့် ဒေသနေပြည်သူများ ဆက်သွယ်ပြောဆိုနေမှုအား တွေ့ရစဉ်။** (စွမ်းအင်)

# ကျောက်ဖြူမြို့နယ် မဒဲကျွန်းဒေသတွင် ဆက်သွယ်ရေးအဆင်ပြေ

**နေပြည်တော် မေ ၂၃**

စွမ်းအင်ဝန်ကြီးဌာနနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော နိုင်ငံတကာရေနံကုမ္ပဏီများသည် ၎င်းတို့ လုပ်ငန်းများဆောင်ရွက်ရာဒေသနေ ပြည်သူလူထု၏ လူမှုစီးပွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ အလားတူ အရှေ့တောင်အာရှ ရေနံစိမ်းပိုက်လိုင်းကုမ္ပဏီမှ မဒဲကျွန်းဒေသနေ ပြည်သူများအတွက် အမှန်တကယ်လိုအပ်သော ဆက်သွယ်ရေးစနစ်အား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မဒဲကျွန်းဒေသနေ ပြည်သူများ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းတယ်လီဖုန်းများ အသုံးပြုနိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော အရှေ့တောင်အာရှ ရေနံစိမ်းပိုက်လိုင်းကုမ္ပဏီမှ CSR လုပ်ငန်းအဖြစ် လှူဒါန်းသည့် Mobile BTS(Base Transceiver Station)တစ်ခုတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် မတ် ၂၃ ရက် ညနေ ၆ နာရီခွဲမှစ၍ ဆက်သွယ်ပြောဆိုနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ Mobile BTS(Base Transceiver Station) တစ်ခုကို အရှေ့တောင်အာရှ ရေနံစိမ်းပိုက်လိုင်းကုမ္ပဏီ South-East Asia Crude Oil Pipeline Company Limited (SEAOP)မှ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မဒဲကျွန်းဒေသနေ ပြည်သူများ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းတယ်လီဖုန်းများ အသုံးပြုနိုင်ရန်အတွက် အမေရိကန်ဒေါ်လာသုံးသိန်း အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ယင်းတာဝါတိုင် အမြန်ဆုံးတည်ဆောက်နိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာနမှ သက်ဆိုင်ရာ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ Mobile BTS(Base Transceiver Station) တည်ဆောက်ခြင်းလုပ်ငန်းများကို Huawei Technology ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့ပြီး လုပ်ငန်းတည်ဆောက်ချိန် နှစ်လကျော်ခန့်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# အောင်လံချောင်းကျေးရွာအနီး တပ်မတော်စစ်ကြောင်းများက လက်နက်ကိုင်များ ခိုအောင်းလှုပ်ရှားလျက်ရှိသည့်နေရာများအား ဆက်လက်နယ်မြေရှင်းလင်းဆောင်ရွက်

**နေပြည်တော် မေ ၂၃**

တပ်မတော်စစ်ကြောင်းများက လက်နက်ကိုင်များအား ထက်ကြပ်လိုက်လံရှင်းလင်းလျက်ရှိရာ မေ ၂၂ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်တွင် အောင်လံချောင်းရွာ အနောက်မြောက်ဘက် မီတာ ၅၀၀ ခန့် အကွာ၌ လက်နက်ကိုင်အင်အားအချို့နှင့် ထိတွေ့တိုက်ပွဲ ထပ်မံဖြစ်ပွားပြီး အဆိုပါလက်နက်ကိုင်များ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် မောင်ကျော်သိန်း ၂၅ နှစ်(ဘ) ဦးထွန်းစိန်အား အမ် ၂၂ တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ကျည်တောင့် ၅၀၊ လက်ပစ်ဗုံးနှစ်လုံး၊ အီကွေ့မန့်တစ်စုံတို့နှင့်အတူ ဖမ်းဆီးရမိပြီး ပတ်ဝန်းကျင်အားဆက်လက်ရှင်းလင်းရာ အမ် ၂၂ တစ်လက်၊ ကျည်အိမ်တစ်ခုနှင့် ကျည်တောင့် ၅၀ အား သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက လက်နက်ကိုင်များ ဆုတ်ခွာရာနောက်သို့ လိုက်လံရှင်းလင်းရာ ညနေပိုင်းတွင် ထိတွေ့တိုက်ပွဲဖြစ်ပွားသည့်နေရာ၏ အရှေ့မြောက်ဘက် မီတာ ၅၀၀ခန့်အကွာရှိ တဲတစ်လုံးအား ရှင်းလင်းစဉ် မောင်သန်းဝေ(၂၆)နှစ် (ဘ)ဦးသာထွန်းဦးနှင့် ထွန်းစိုးနိုင် (၂၃)နှစ် (ဘ) ဦးထွန်းဦးဖြူတို့နှစ်ဦးအား ထပ်မံဖမ်းဆီးရမိပြီး ၎င်းတို့နှင့်အတူ အမ် ၂၂ တစ်လက်၊ စက်ကလေး တစ်လက်၊ ကျည်အိမ်ခြောက်ခု၊ ကျည်တောင့် ၁၆၀၊ လက်ပစ်ဗုံး လေးလုံးနှင့် ချပ်ဝတ်တန်ဆာနှစ်စုံတို့အား သိမ်းဆည်းရမိခဲ့သည်။

ဒေသအတွင်း တပ်မတော်စစ်ကြောင်းများက လက်နက်ကိုင်များ ခိုအောင်းလှုပ်ရှားလျက်ရှိသည့် နေရာများအား ဆက်လက်နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

■



**မောင်ကျော်သိန်း ၂၅ နှစ်၊ မောင်သန်းဝေ(၂၆)နှစ်နှင့် ထွန်းစိုးနိုင်(၂၃)နှစ်တို့အား သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။** (မြဝတီ)

# တောင်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၃**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် (၃) ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာမည်။

# ဆေးပညာသတင်းဆန်းများ (၉၄)

**ဒေါက်တာကံညွန့်**

ယခုနှစ် မတ်လ ၂၂ ရက်နေ့ဟာ ကမ္ဘာ့ရေနေ့ဖြစ်ပါတယ်။ ဒီနေ့ကို ကမ္ဘာ့ရေနေ့အဖြစ် ကျင်းပဖို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၉၃ ခုနှစ်ကပဲ သတ်မှတ်ပေးခဲ့တာဖြစ်ပါတယ်။ ရေဟာ လူသားအားလုံးနဲ့ သက်ရှိသတ္တဝါအားလုံးအတွက် မရှိမဖြစ်လိုအပ်တဲ့ အရာဖြစ်ပါတယ်။ ကမ္ဘာ့လူဦးရေတိုးပွားလာတာ၊ ရာသီဥတုပြောင်းလဲမှုကြောင့်၊ အပူချိန်မြင့်တက်လာတာကြောင့် ရေထွက်နှုန်းကျဆင်းလာတာတွေဟာ ကမ္ဘာကြီးကို ခြိမ်းခြောက်နေပါတယ်။ ကမ္ဘာပေါ်က လူသားပေါင်းသန်း ၇၅၀ သို့မဟုတ် လူ ၁၀ ယောက်မှာ တစ်ယောက်ကျော်ဟာ ရေကိုလုံလောက်စွာ မရရှိဘူးလို့ ကုလသမဂ္ဂအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ရေလုံလောက်စွာ မရရှိတဲ့အတွက် လူပေါင်း ၂ ဒသမ ၅ ဘီလီယံခန့်ဟာ တစ်ကိုယ်ရေသန့်ရှင်းမှုကို မဆောင်ရွက်နိုင်ကြဘဲ ဒီအထဲက လူတစ်ဘီလီယံကတော့ အိမ်သာမရှိဘဲ ဟင်းလင်းပြင်မှာ ဖြစ်သလိုမစင်စွန့်ပစ်နေကြရတယ်လို့ ထောက်ပြထားကြပါတယ်။ မသန့်ရှင်းတဲ့ရေ၊ လုံလောက်စွာ မရရှိတဲ့ရေကြောင့် လူသားတွေရဲ့ ကျန်းမာရေးဟာ အကြီးအကျယ်ထိခိုက်နိုင်ကြောင်း အများသိပြီးဖြစ်ပါတယ်။ မြို့ပြမှာ နေထိုင်ကြတဲ့ လူအများစုကတော့ သောက်သုံးရေကို လုံလောက်စွာရရှိနိုင်ပြီး ကျေးလက်တောရွာတွေမှာ နေထိုင်ကြတဲ့ လူတွေအတွက် ရေလုံလောက်စွာ မရရှိနိုင် ဖြစ်နေကြတာဖြစ်ပါတယ်။ ဒါကြောင့် လူသားကျန်းမာရေးကို ဆောင်ရွက်ရာမှာ ဆေးဝါးနဲ့ ရောဂါကုသရေးသာ အဓိကမဟုတ်ဘဲ သန့်ရှင်းတဲ့ ရေလုံလောက်စွာရရှိဖို့လည်း အရေးကြီးကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဆီးချိုရောဂါရှင်တွေ၊ သကြားအစစ်ကို ရှောင်ချင်သူတွေအတွက် ပြုလုပ်ထားတဲ့ Artifical Sugar (ဆေးသကြား၊ သကြားအတု)တွေဟာ စားသုံးရန်မသင့်ဘူးလို့ လေ့လာထားတဲ့ သတင်းတစ်ပုဒ်ပါ။ ဒီလေ့လာချက်ကိုတော့ အမေရိကန်နိုင်ငံ San Antonio မှာရှိတဲ့ University of Texas Health Science Center က ဆေးပညာရှင်တွေ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ သူတို့အဆိုအရ ဒီဆေးသကြားတွေနဲ့ Diet Drink ဆီးချိုရောဂါရှင်တွေ သောက်နိုင်အောင် ထုတ်ရာမှာ အသုံးပြုတဲ့ သကြားတုတွေဟာ ပုံမှန်သကြားလို လူတွေကို ကောင်းကျိုးမပြုနိုင်ဘူးလို့ဆိုပါတယ်။ သာမန်သကြားဟာ ဦးနှောက်ကို အားပြည့်စေပြီး အစာစားချင်စိတ်ကိုလည်း ပြေပျောက်စေကာ ခန္ဓာကိုယ်အတွက် Calorie ဓာတ်နဲ့ အင်အားကိုလည်း ဖြစ်စေတယ်လို့ ဆိုပါတယ်။ ဒီ Calorie ဓာတ်ကို ကိုယ်လက်လှုပ်ရှားမှုနဲ့ မျှတအောင် လုပ်နိုင်ရင် အန္တရာယ် ဘာမှမဖြစ်နိုင်ဘူးလို့ ဆိုပါတယ်။ သကြားတုကတော့ အစာစားချင်စိတ်ကို ကျေနပ်အောင် မဖြစ်စေခြင်း၊ ဒါကြောင့် ပိုစားချင်လာခြင်းနဲ့အတူ ပိုဝလာခြင်း၊ အမှတ်(၂) ဆီးချိုရောဂါ ပိုဖြစ်စေခြင်း၊ ကြွက်တွေကို သကြားအတုကျွေးပြီး စမ်းသပ်ကြည့်တဲ့အခါ ကြွက်တွေရဲ့ အစာအိမ်လမ်းကြောင်းက Bacteria တွေရဲ့ အသွင်သဏ္ဌာန်ပြောင်းလဲစေပြီး အဝလွန်မှုဖြစ်လာတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့် ဆေးသကြားပါတဲ့ အစားအသောက်တွေနဲ့ ဆေးသကြားတွေ မစားသင့်တဲ့ ဆီးချိုရောဂါရှင်တွေဟာ သကြားအစစ်ကိုသာ လျှော့ပေါ့စားသုံးသင့်ကြောင်း အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ C ပိုးကြောင့်ဖြစ်တဲ့ HCV ခေါ်တဲ့ အသည်းရောင် အသားဝါရောဂါကုထုံးတစ်ခုအကြောင်းပါ။ ယခင်က ၁၂ ပတ်ကြာ စားရတဲ့ ကုထုံးအစား ယခုအခါ ၆ ပတ်သာ စားရမယ့် ကုထုံးအသစ်တစ်ခုကို စမ်းသပ်တွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဒီလိုတွေ့ရှိခဲ့သူတွေကတော့ US National Institute of Health Clinical Center က ဆေးပညာရှင်တွေပဲဖြစ်ပါတယ်။ ယခင်ကုထုံး တစ်ခုဖြစ်တဲ့ Interferon ဆေးတစ်မျိုးမျိုးဖြစ်တဲ့ Sofobuvir သို့မဟုတ် Ledipasvir နှင့် Antiviral ဆေးတစ်မျိုးဖြစ်တဲ့ Ribavirin ဆေးကို ၁၂ ပတ်ကြာ တွဲသုံးခဲ့ကြတာပါ။ ယခု ဒီဆေးပညာရှင်တွေဟာ ယင်းဆေးနှစ်မျိုးအပြင် Virus ကိုသေစေနိုင်တဲ့ Dirce actin Drug GS-9669 သို့မဟုတ် GS-9451လို့ အမည်ပေးထားတဲ့ ဆေးတစ်မျိုးပေါင်းသုံးမျိုးကို တွဲပြီးစမ်းသပ်ကြည့်ခဲ့တာဖြစ်ပါတယ်။ ဒီလိုတွဲသုံးပြီး စမ်းကြည့်တဲ့အခါ GS-9669 နဲ့ တွဲစားတဲ့အုပ်စုမှာ ၉၅ ရာခိုင်နှုန်းကုသမှုအောင်မြင်ပြီး GS-9451 အုပ်စုကတော့ ၁၀၀ ရာခိုင်နှုန်းအောင်မြင်တယ်လို့ဆိုပါတယ်။ ဒီကုသမှု မှတ်တမ်းကို USA Boston မြို့မှာကျင်းပတဲ့ annual conference on retroviruses and opportunistic infections ညီလာခံမှာ တင်ပြခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် Hepatitis C စီပိုးအသည်းရောင်ရောဂါရှင်တွေအတွက် ယခု ၆ ပတ်နဲ့ ကုထုံးအကြောင်း ဝမ်းသာစရာသတင်းကောင်းအဖြစ် တင်ပြလိုက်ရပါတယ်။

> **လူသား ကျန်းမာရေးကို ဆောင်ရွက်ရာမှာ ဆေးဝါးနဲ့ ရောဂါကုသရေးသာ အဓိကမဟုတ်ဘဲ သန့်ရှင်းတဲ့ရေ လုံလောက်စွာရရှိဖို့လည်း အရေးကြီး။**

Parkinson ဆိုတဲ့ အသက်ကြီးလာတဲ့အခါ ဖြစ်တတ်တဲ့ ဦးနှောက်နဲ့ ပတ်သက်တဲ့ရောဂါတစ်မျိုးဟာ ဘယ်လိုမှ ကြိုမသိနိုင်တဲ့ရောဂါပါ။ ခုတော့ ဆေးသိပ္ပံပညာရှင်တွေက ဒီရောဂါရှိတဲ့သူတွေကို ကြိုသိနိုင်တော့မယ်လို့ ဆိုပါတယ်။ ဒီပညာရှင်တွေကတော့ အင်္ဂလန်နိုင်ငံ Oxford တက္ကသိုလ်က ဖြစ်ပါတယ်။ သူတို့ဟာ လက်ရှိအသုံးပြုနေတဲ့ Magnetic Resonance Imaging (MRI) ခေါ်တဲ့ ဓာတ်မှန်ကို အနည်းငယ်အထူးပြု စမ်းသပ်ခဲ့တာဖြစ်ပါတယ်။ သူတို့အခေါ် ဒီနည်းကို Resting State FMRI လို့ ခေါ်ပါတယ်။ ဦးနှောက်ထဲက Parkinson ရောဂါကို ဖြစ်စေနိုင်တဲ့နေရာဖြစ်တဲ့ Basal Ganglia ဆိုတဲ့နေရာရဲ့ ဆက်သွယ်နိုင်မှုအင်အားကို စမ်းသပ်ကြည့်တဲ့အခါ သာမန်လူတွေမှာ ပုံမှန်အတိုင်းရှိပေမယ့် Parkinson ရောဂါဖြစ်နိုင်ခြေရှိသူတွေမှာ ဒီဆက်သွယ်နိုင်မှုအင်အားကျဆင်းနေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် နဂိုကဘယ်လိုမှကြိုပြီး မသိနိုင်တဲ့ရောဂါကို အခုကြိုသိနိုင်ပြီး ကြိုတင်ဆေးကုသမှု ခံယူထားလိုက်ရင် ရောဂါဖြစ်တာကို မခံစားရအောင် တားနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ အင်္ဂလန်နိုင်ငံမှာ သက်ကြီးရွယ်အိုတွေ တစ်နာရီ တစ်ယောက်နှုန်းလောက် ဒီရောဂါခံစားနေရပြီး ဥရောပနိုင်ငံတွေမှာ အသက် (၆၅) နှစ်ကျော်ရင် လူတစ်ရာမှာ ၁ ဒသမ ၆ ယောက် ခံစားနေရတယ်လို့ ဆိုပါတယ်။ အသက်ကြီးလာလေဖြစ်နှုန်းပိုလာလေဖြစ်ပြီး ၈၅နှစ် ကျော်ရင် လူတစ်ရာမှာ ၃ ဒသမ ၅ ယောက်နှုန်း ခံစားရတယ်လို့ ဆိုပါတယ်။ ဒီရောဂါဖြစ်လာရင် ဘာလုပ်လုပ် နှေးနှေးကွေးကွေးဖြစ်လာပြီး နားနေရင်းမှာကို ခေါင်းတုန်လက်တုန်ဖြစ်ပြီး ကြွက်သားတောင့်တင်းခြင်း၊ မှတ်ဉာဏ်ကျဆင်းခြင်း၊ တံတွေးယို၊ ဆီးယိုဖြစ်ခြင်းတို့ ဖြစ်ပေါ်နိုင်တဲ့ရောဂါဆိုတာ တင်ပြလိုက်ရပါတယ်။

Judy Kariansky ဟာ သဘာဝဘေးအန္တရာယ်တွေကြောင့် မိဘမဲ့ဖြစ်ကြရတဲ့ ကလေးတွေရဲ့ စိတ်အခြေအနေကို အဓိကထားဖြေရှင်းပေးနေတဲ့ ကျွမ်းကျင်ပညာရှင် တစ်ဦးပါ။ သူဟာ ကမ္ဘာ့ကုလသမဂ္ဂရဲ့ စိတ်ရောဂါပူးပေါင်းပညာရှင်အဖွဲ့မှာလည်း ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသူပါ။ ဒါ့အပြင် သူဟာ Global Kids Connect Project ခေါ်တဲ့ ကလေးတွေရဲ့ စိတ်ကျန်းမာရေးမြှင့်တင်ပေးဖို့ ရည်ရွယ်လုပ်ဆောင်နေတဲ့အဖွဲ့ကိုလည်း ဦးဆောင်နေသူဖြစ်ပါတယ်။ သူဟာ ၂၀၁၀ ခုနှစ်က Haiti နိုင်ငံမှာ ဖြစ်ခဲ့တဲ့ ငလျင်ဒဏ်ကြောင့် မိဘမဲ့ဖြစ်ခဲ့ရတဲ့ ကလေးတွေ၊ ၂၀၁၁ ခုနှစ် ဂျပန်နိုင်ငံ Fukushima မြို့မှာ ဖြစ်ခဲ့တဲ့ ငလျင်နှင့် ဆူနာမီလှိုင်းဒဏ်၊ နျူကလီးယားဓာတ်အားပေးစက်ရုံက ယိုထွက်ခဲ့တဲ့ ရေဒီယိုသတ္တိကြွဓာတ်ငွေ့ကြောင့် သေဆုံးခဲ့ရသူတွေရဲ့ ကလေးတွေ၊ အာဖရိကတိုက် ဆီရာလီယွန်နိုင်ငံမှာ အီဘိုလာရောဂါနှင့် သေဆုံးသွားသူတွေရဲ့ ကလေးတွေရဲ့ စိတ်ကျန်းမာရေးအခြေအနေကို လေ့လာခဲ့ပါတယ်။ ဒီလေ့လာချက်ကို UN World Conference on Disaster Risk Reduction (ကမ္ဘာ့ကုလသမဂ္ဂ သဘာဝဘေးဒဏ်ကြောင့်ဖြစ်လာတဲ့ အန္တရာယ်လျှော့ပေါ့ရေးညီလာခံ)နဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ Children and Youth Forum မှာ တင်သွင်းခဲ့ပါတယ်။ ဒီ Forum ကို ဂျပန်နိုင်ငံ အရှေ့မြောက်ဒေသက Sendai မြို့မှာ ကျင်းပခဲ့တာပါ။ သူ့အဆိုက ဒီကလေးတွေဟာ ကြီးလာရင် လူကောင်းတစ်ယောက်ဖြစ်ဖို့ သူတို့တွေကို တခြားဒေသက သူတို့အရွယ်ကလေးတွေနဲ့ စိတ်ဓာတ်ခံစားချက်တူအောင် မြှင့်တင်ပေးဖို့ အဓိကထားဆောင်ရွက်ဖို့လိုတယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီလိုဖြစ်နေတဲ့ ကလေးတွေအတွက် အတုယူစရာနည်းလမ်းတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။

ယခုနှစ် မတ်လ ၂၄ ရက်မှာ ပြင်သစ်နိုင်ငံ Apple တောင်တန်းပေါ်မှာ German wing လေကြောင်းလိုင်းက လေယာဉ်တစ်စင်းပျက်ကျခဲ့လို့ လူပေါင်း ၁၅၀ အသက်ဆုံးရှုံးခဲ့ရတာ အားလုံးအသိပါ။ ယခုပျက်ကျတဲ့အကြောင်းကို သိရတဲ့အခါမှာတော့ ဆရာဝန်တစ်ယောက်အနေနဲ့ အတော်ပဲတုန်လှုပ်ချောက်ချားမိပါတယ်။ ပျက်မကျခင် အချိန်ပိုင်းလေးမှာ ဒီလေယာဉ်ကို ဦးဆောင်မောင်းနှင်ခဲ့သူ တွဲဖက်လေယာဉ်မှူး အင်ဒရီယာလူးဆစ်ဟာ စိတ်ရောဂါခံစားနေခဲ့ရသူ တစ်ဦး ဖြစ်လို့ပါပဲ။ သူဟာ လေယာဉ်မှူးကြီးဖြစ်သူ ခေတ္တလေယာဉ်မောင်းအခန်းထဲမှာ ထွက်နေတဲ့အချိန်မှာ ပြန်မဝင်နိုင်အောင် အထဲက သော့ချပြီး၊ လေယာဉ်ကို သူမောင်းခဲ့တာဖြစ်ပြီး လေယာဉ်မှူးကြီး ပြန်လာ တံခါးခေါက်တဲ့အချိန်မှာလည်း တံခါးဖွင့်မပေးဘဲ ထားခဲ့တယ်လို့ဆိုပါတယ်။ လေယာဉ်ကို တမင်တကာ အောက်ကို ထိုးချလိုက်တာပဲလို့ ယူဆရပါတယ်။ အခုလို သိရတဲ့အချိန် သူနေတဲ့အခန်းက သူ့ပစ္စည်းတွေကို ရှာဖွေစစ်ဆေးတဲ့အခါမှာ သူ့မှာ စိတ်ကျရောဂါကို ကုသနေရတဲ့ မှတ်တမ်းတွေကို တွေ့ရှိရပြီး သူနဲ့ရည်းစားဖြစ်ခဲ့ဖူးသူ လေယာဉ်မယ် မာရီယာကလည်း သူဟာစိတ်ကျရောဂါခံစားရသူဖြစ်ကြောင်း ထောက်ခံထားပါတယ်။ သူက တစ်နေ့ကျရင် စနစ်တစ်ခုလုံးပြောင်းအောင် လုပ်ပြမယ်။ လူတိုင်း ငါ့နာမည်ကို အမှတ်ရမယ်လို့ ပြောခဲ့ဖူးကြောင်းလည်း ပြောထားပါသေးတယ်။ ဆေးမှတ်တမ်းတစ်ခုမှာတော့ သူဟာ မျက်စိရောဂါလည်း ရှိကြောင်း၊ မျက်စိအာရုံလွှာကျတာလည်းဖြစ်နိုင်ကြောင်း ထောက်ပြထားပါတယ်။ ဒါပေမယ့် ဒါကတော့ ဖြစ်နိုင်ခြေ နည်းပါတယ်။ ဘာကြောင့်လဲဆိုရင် အနောက်နိုင်ငံတွေမှာ လေယာဉ်မောင်းသူကို မဆိုထားနဲ့ မော်တော်ကား မောင်းသူတွေကိုတောင် မျက်စိစစ်ဆေးပြီးမှ ခွင့်ပြုကြပါတယ်။ လေယာဉ်မောင်းသူတွေကိုလည်း အနည်းဆုံး နှစ်နှစ်တစ်ခါ ဆေးစစ်ရပါတယ်။ ဒါကြောင့် ပြည်သူအများ လိုက်ပါနေတဲ့ လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်တွေကို မောင်းနှင်နေကြတဲ့ အထူးသဖြင့် (လေယာဉ်) တွေကို မောင်းနှင်နေသူတွေရဲ့ စိတ်ရောဂါအပါအဝင် ကျန်းမာရေးအခြေအနေကို တစ်နှစ်တစ်ခါ သို့မဟုတ် နှစ်နှစ်တစ်ခါ စစ်ဆေးသင့်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

# မြန်မာအလုပ်သမားများထံမှ ဖြတ်တောက်ထားသည့် ဘတ်ငွေများအတွက် MAT မှ ကိုင်တွယ်ဖြေရှင်း

**ဗန်ကောက် ဧပြီ ၂၃**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့အနီး ဘန်ဘော်ဟမ်းတွင် မြေထည်လုပ်ငန်း အလုပ်ရုံတစ်ခုမှ မြန်မာအလုပ်သမား ၃၀ တို့အား ဘတ်(အထောက်အထားကတ်)နှင့်ပတ်စ်ပို့လုပ်ရန်အတွက်ဟုဆိုကာ ဖြတ်တောက်ထားသည့် ဘတ်ငွေလေးသိန်းခွဲအား အလုပ်ရုံမှ မြန်မာအလုပ်သမားများအား ပြန်လည်မပေးလိုသဖြင့် ဧပြီ ၂၁ ရက်တွင် MAT အဖွဲ့က ကိုင်တွယ်ဖြေရှင်းပေးခဲ့ရကြောင်းထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (MyanmarAssociation in Thailand)၏ ဆက်သွယ်ပြောပြချက်အရသိရသည်။

ဖြစ်စဉ်မှာ အလုပ်ရုံမှ မြန်မာအလုပ်သမားများအား ထိုင်းရဲများဖြင့်ဖမ်းဆီးခိုင်းစေခဲ့ကြောင်း သိရပြီး အလုပ်ရုံပိုင်ရှင်၏ခိုင်းစေချက်အရ မန်နေဂျာက ပြီးခဲ့သည့် ခုနစ်လခန့်ကတည်းက ဘတ်(အထောက်အထားကတ်)နှင့် ပတ်စ်ပို့ လုပ်ပေးမည်ဟုပြောဆိုကာ အလုပ်သမားတစ်ဦးစီထံမှ ဘတ်ငွေ ၁၅၀၀၀ နှုန်းဖြင့် တောင်းခံထားခဲ့ခြင်းဖြစ်သည်။ မြန်မာအလုပ်သမားများမှာလည်း ယခင်က ပြုလုပ်ထားခဲ့ကြသော နေထိုင်အလုပ်လုပ်ကိုင်ခွင့် ပန်းရောင်ဘတ်ကတ်မှာ သက်တမ်းကုန်လာခဲ့ပြီးဖြစ်၍ ဘတ်(အထောက်အထားကတ်) သက်တမ်း ဆက်တိုးပေးရန် လုပ်ငန်းရှင်ထံပြောဆိုကြရာ အဆိုပါထိုင်းနိုင်ငံသား လုပ်ငန်းရှင်က ကြိုက်သည့်နေရာတွင် တိုင်ကြားနိုင်ကြောင်း၊ ပြောမရလျှင် ထိုင်းရဲကိုအကြောင်းကြားကာ ဖမ်းဆီးခိုင်းစေမည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုသဖြင့် အလုပ်သမားများကလည်း လုံခြုံနိုင်မည့်နေရာသို့ ရှောင်တိမ်းခဲ့ကြရကြောင်း MAT အဖွဲ့က ပြောသည်။

မြန်မာအလုပ်သမားအမျိုးသမီးတစ်ဦးက "သမီးတို့ ဘတ်က သက်တမ်းကုန်ဆုံးနေပြီလေ။ သူဌေးက ဘတ်လည်းဆက်မပေးဘူး။ အလုပ်သမားတွေကိုလည်း ကြိုက်တဲ့နေရာမှာသွားတိုင်တဲ့။ ထိုင်းရဲနဲ့ ဖမ်းခိုင်းမယ်ဆိုတော့ သမီးတို့ ဒုက္ခရောက်တော့မယ်လေ။ ငွေလည်း ဆုံးမယ်၊ တရားမဝင်အလုပ်သမားလည်း ဖြစ်သွားမယ်။ နိုင်ငံခြားတိုင်းပြည်တစ်ခုမှာ တရားမဝင်အလုပ်သမားအဖြစ် နေထိုင်အလုပ်လုပ်ကိုင်ဖို့ဆိုတာ ဘယ်လိုမှ မလုံခြုံနိုင်တော့ဘူး။ သမီးတို့အကုန်လုံးဘဝပျက်ကုန်မှာပေါ့။ MAT အဖွဲ့ကကူညီပေးတာကို သမီးအလွန် ကျေးဇူးတင်ပါတယ်" ဟု ပြောကြားခဲ့သည်။

MAT အဖွဲ့မှ မြို့တော်ဗန်ကောက်အနီးရှိ ဘန်ဘော်ဟမ်း ရဲစခန်းတွင် အမှုဖွင့် တိုင်ကြားပြီးနောက် ဗန်ကောက်မြို့ ဒင်းဒဲန်အရပ်တွင်ရှိသော ထိုင်းအလုပ်သမားဝန်ကြီးရုံးသို့ သွားရောက်ဖြေရှင်းရန် နယ်မြေခံရဲမှူးကြီးက လမ်းညွှန်ကူညီပေးလိုက်ကြောင်းသိရသည်။

MAT အဖွဲ့ အတွင်းရေးမှူး ကိုခိုင်ကြီးက "ရဲစခန်းက အဲဒီလုပ်ငန်းရှင် ထိုင်းသူဌေးကိုခေါ်တယ်။ မလာဘူး။ ဒါကြောင့် အလုပ်သမားဝန်ကြီးရုံးကို သွားရှင်းရမယ်။ ဒီအလုပ်သမားတွေကို ကျွန်တော်တို့မကူညီရင် အကုန်ဘဝပျက်ကုန်မယ်" ဟုပြောသည်။

လက်ရှိ ထိုင်းနိုင်ငံတစ်ခွင်ရှိ အလုပ်ရုံအတော်များများတွင် မြန်မာအလုပ်သမားများထံမှ ပတ်စ်ပို့လုပ်ပေးမည်ဟုဆို၍ ငွေကြိုဖြတ်တောက်ထားနေကြသလို မြန်မာပွဲစားအတော်များများသည်လည်း မြန်မာအလုပ်သမားများထံမှ ငွေများကောက်ခံနေကြကြောင်း၊ ထို့ကြောင့် မြန်မာအလုပ်သမားများစွာတို့၏ ငွေကြေးဆုံးရှုံးမှုများဖြစ်ပေါ်နေကြောင်းနှင့် နစ်နာမှုများရှိနေရကြောင်း MAT အဖွဲ့မှတစ်ဆင့်သိရသည်။ **(စိုးဝင်း-MLA)**

# နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်နိုင်ရေး မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီညှိနှိုင်းစည်းဝေး



**နေပြည်တော် ဧပြီ ၂၃**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ၊ မြို့ပြ/ကျေးရွာ အဆင့်ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်သည် လုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး၊ နယ်စပ်ရေးရာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးများ ပါဝင်သောလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများ နှင့်အတူ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့် နိုင်ရေးအတွက် မြို့ပြ/ကျေးရွာအဆင့် ဖွံ့ ဖြိုးတိုးတက်မှု အကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်း ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့်ရွေးချယ်စိစစ်ရမည့်ဆုအမျိုး အစား ကိုးမျိုးနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနအလိုက် ကွင်းဆင်းအဖွဲ့များဖြင့် အသီးသီးကွင်းဆင်းစိစစ်ဆောင် ရွက်ခဲ့ကြပြီးဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့ စွမ်းဆောင်ရည်ဆုဖြစ်သည့်အတွက် အထူးအလေးထား ဆောင်ရွက်ခဲ့ပါကြောင်းပြောကြားခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆုနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး စံပြကျေးရွာဆုတို့အတွက် ကွင်းဆင်းစိစစ်ခဲ့မှုအခြေအနေ တို့ကို ကွင်းဆင်းအဖွဲ့များကိုယ်စား လုပ်ငန်းကော်မတီ အဖွဲ့ဝင် ကွင်းဆင်းအဖွဲ့ခေါင်းဆောင် အခြေခံပညာဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဇော်ဝင်းက လည်း ကောင်း၊ စွမ်းဆောင်မှုအကောင်းဆုံး မြို့နယ်ဖွံ့ဖြိုး တိုးတက်မှု အထောက်အကူပြုကော်မတီဆုနှင့် စည်ပင် သာယာရေးကော်မတီဆုတို့အတွက် ကွင်းဆင်းစိစစ်ခဲ့မှု အခြေအနေတို့ကို လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တင်အောင်ချစ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးတို့က လည်းကောင်း၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာဆုများအတွက် ကွင်းဆင်းစစ်ဆေးခဲ့မှုအခြေအနေတို့ကို ကွင်းဆင်းအဖွဲ့ ခေါင်းဆောင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေး မှူးချုပ် ဦးနိုင်ကြည်ဝင်းက လည်းကောင်း၊ မွေးမြူရေးကဏ္ဍ ဆိုင်ရာ ဆုများအတွက် ကွင်းဆင်းစိစစ်ခဲ့မှုအခြေအနေ တို့ကို လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် တွဲဖက်အတွင်းရေးမှူး (၂) မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ဇော်ကလည်းကောင်း အသီးသီး ဆွေးနွေး တင်ပြခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆုရွေးချယ်ခဲ့မှုများနှင့်ပတ်သက်၍ အဆင့်သတ်မှတ်ချက် များကို အသေးစိတ်ဆွေးနွေးခဲ့ပြီး လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ၊မြို့ပြ/ကျေးရွာ အဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီအနေဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာဆု နှစ်ဆု၊ မွေးမြူရေး ကဏ္ဍဆိုင်ရာ ဆုသုံးဆု စုစုပေါင်း ဆုအမျိုးအစား ငါးမျိုး ကိုလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဖွံ့ဖြိုးတိုးတက် မှုအကောင်းဆုံးမြို့နယ်/စံပြကျေးရွာဆု နှစ်ဆု၊ စိုက်ပျိုး ရေးကဏ္ဍဆိုင်ရာဆု နှစ်ဆု၊ မွေးမြူရေးကဏ္ဍဆိုင်ရာဆု သုံးဆု စုစုပေါင်းဆုအမျိုးအစား ခုနစ်မျိုးလျာထားခဲ့သော် လည်း ဆုအမျိုးအစား ခြောက်မျိုးကိုသာ ချီးမြှင့်ပေးအပ် နိုင်ခဲ့သည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး မြို့နယ်/စံပြကျေးရွာဆု နှစ်ဆု၊ စွမ်းဆောင် မှုအကောင်းဆုံးမြို့နယ်ဖွံ့/ထောက်ကော်မတီဆု၊ စည်ပင် သာယာရေးကော်မတီဆု နှစ်ဆု၊စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ဆု နှစ်ဆု၊ မွေးမြူရေးကဏ္ဍဆိုင်ရာ ဆု သုံးဆု စုစုပေါင်း ဆုအမျိုးအစား ကိုးမျိုးတို့အား တိုးမြှင့်ချီးမြှင့်ပေးအပ်နိုင် ရေးအတွက် အသေးစိတ်အမှတ်ပေးစည်းမျဉ်းသတ်မှတ် ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ အကြံပြုချက်များရယူ၍ စိစစ်ရွေးချယ်ခဲ့ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

## ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းများအတွက် မှတ်တမ်းများထားရှိဆောင်ရွက်နေခြင်းအား သိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် ယခင်စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနခွဲအား အစိုးရသစ်လက်ထက်တွင် ခေတ် စနစ်နှင့် လျော်ညီစွာ ၂၄-၁-၂၀၁၃ ရက်နေ့မှစ၍ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲအဖြစ် ပြောင်းလဲဖွဲ့စည်းပြီး ပုံနှိပ် ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများအတွက် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့် ထုတ်ဝေစာများအား မှတ်တမ်း အဖြစ် ထိန်းသိမ်းထားရှိခြင်း၊ တစ်နှစ်အတွင်းထုတ်ဝေသော စာအုပ်စာတမ်းများ နှစ်စဉ် စာရင်းပြုစုမှတ်တမ်းထား ရှိခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လက်ခံရရှိသော စာအုပ်စာစောင်များကို ၁၉၈၄ ခုနှစ်မှစ၍ ၂၀၁၄ ခုနှစ်အထိ သက်ဆိုင်ရာနှစ်အလိုက် မြန်မာနိုင်ငံအတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများ နှစ်ချုပ်စာရင်းစာအုပ် ၂၈ အုပ် ထားရှိပြီး မှတ်တမ်းတင်သိမ်းဆည်းထားပါသည်။

ယခင်က စာအုပ်စာစောင်များကို မှတ်တမ်းအဖြစ်သိမ်းဆည်းခဲ့ရာ ရေရှည်ထားသိုသိမ်းဆည်းရန် နေရာ အခက်အခဲရှိသဖြင့် အရေးကြီးသည်ဟုယူဆရသော စာအုပ်စာစောင်များကိုသာ ဆက်လက်သိမ်းဆည်းနိုင်ပြီး အများစုမှာ နှစ်ရှည်ဆက်လက်ထိန်းသိမ်းနိုင်ခြင်းမရှိခဲ့သည့်အတွက် လက်ရှိတွင် နှစ်အဆက်ဆက်မှတ်တမ်းဖြင့် သိမ်းဆည်းထားသော စာအုပ်စာစောင် ၂၅၇၇၂ အုပ်သာရှိပါသည်။ ယခုအခါ အသစ်ပြဋ္ဌာန်းသည့်ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှင့် နည်းဥပဒေများအရ ပုံနှိပ်သူနှင့် ထုတ်ဝေသူများမှပေးပို့လာသည့် Electronic Document များကိုလည်း ရေရှည်သိမ်းဆည်းမှတ်တမ်းထားရှိရန် ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် နှစ်စဉ်တစ်နှစ်အတွင်း ထုတ်ဝေသောစာအုပ်စာတမ်းများစာရင်းကိုလည်း ဆက်လက်ပြုစုမှတ်တမ်း ထားရှိပြီး ယင်းစာအုပ်စာရင်းကို လေ့လာလိုသူများအတွက် စီဒီဖြင့်ဖြန့်ဝေပေးနိုင်ရေး ၂၀၁၄ ခုနှစ်မှ စတင် ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် နှစ်စဉ်မြန်မာနိုင်ငံအတွင်း ထုတ်ဝေခဲ့သော စာအုပ်စာစောင်များနှင့်ပတ်သက်၍ သုတေသန ပြုလိုသူများ၊ စာအုပ်စာရင်း ပြုစုလိုသူများ၊ မူပိုင်ခွင့်အတွက် အထောက်အထားအဖြစ် လေ့လာအသုံးပြုလိုသူများ အနေဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တယ်လီဖုန်းအမှတ် ၀၆၇- ၄၁၂၂၄၂၊ ၀၉-၈၆၃၆၆၈၀ တို့သို့ ဆက်သွယ်ပြီး အခမဲ့လေ့လာဖတ်ရှုမှတ်တမ်းပြုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# စားဖိုဆောင်သီးနှံဈေးနှုန်းများ သင်္ကြန်အလွန် မြင့်လာသော်လည်း ၂၀၁၀ မှ ယနေ့ကာလအထိ အမြင့်ဆုံးဈေးနှုန်းထိ ရောက်ရှိမှုမရှိ

**ရန်ကုန် ဧပြီ ၂၃**

သင်္ကြန်ပိတ်ရက်ရှည်အလွန် ကုန်စည် ပွဲရုံများတွင် စားဖိုဆောင်သီးနှံ ကုန်သည် အများစု၏ ဈေးနှုန်းများ သိသာစွာမြင့်တက် လာသော်လည်း ၂၀၁၀ မှ ယနေ့ကာလထိ ဖြစ်ပေါ်ခဲ့သော အမြင့်ဆုံးဈေးနှုန်းအထိ ရောက်ရှိမှုမရှိသေးကြောင်း ကုန်သည်တစ်ဦး က ဆိုသည်။

ဧပြီ ၂၂ ရက်တွင် ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၂၂၈၀-၂၃၀၀၊ ရှမ်း ကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၁၂၅၀- ၁၄၅၀-၁၆၅၀-၁၈၀၀၊ ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ကျပ် ၃၂၅-၄၀၀-၄၂၅-၄၅၀၊ ဟဲဟိုးအာလူး တစ်ပိဿာ ကျပ်၅၃၀-၈၇၀- ၉၂၀-၉၄၀၊ မြေပဲ ဆီတစ်ပိဿာ ကျပ်၄၃၀၀၊ စားအုန်းဆီ တစ်ပိဿာ ၁၃၃၅ ကျပ်၊ ကုလား ပဲခြမ်း တစ်ပိဿာ ကျပ် ၁၂၇၀၊ ဝါးခယ်မ ငရုတ်ရှည် တစ်ပိဿာ ကျပ်၂၆၅၀-၂၇၀၀၊ သကြား တစ်ပိဿာကျပ် ၉၇၀-၁၀၄၀၊ ညောင်ဦးဆေးခပ်ထန်းလျက်တစ်ပိဿာ ကျပ် ၁၀၂၀ နှုန်းရှိခဲ့သည်ဟု ဘုရင့်နောင်ကုန်စည် ဒိုင်ဈေးနှုန်းစာရင်းမှ သိရသည်။

သင်္ကြန်မတိုင်မီ ဧပြီ ၁၀ ရက်တွင် ကြူကုတ်ကြက်သွန်ဖြူတစ်ပိဿာ ၁၈၂၅ ကျပ်၊ ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၁၀၅၀-၁၂၅၀-၁၄၀၀-၁၆၀၀၊ ဆိပ်ဖြူ ကြက်သွန်နီ ၂၇၅-၃၅၀-၃၇၅-၄၀၀ ကျပ်၊ ဟဲဟိုးအာလူး တစ်ပိဿာ ကျပ် ၄၀၀-၅၇၀- ၈၅၀-၈၅၀၊ မြေပဲဆီ လက်ကား တစ်ပိဿာ ကျပ် ၄၁၀၀၊ စားအုန်းဆီတစ်ပိဿာ ၁၃၂၇ ကျပ်၊ ကုလားပဲခြမ်းတစ်ပိဿာ ကျပ် ၁၁၉၀၊ ဝါးခယ်မငရုတ်ရှည်တစ်ပိဿာကျပ် ၂၄၀၀- ၂၅၀၀၊ သကြားတစ်ပိဿာကျပ် ၈၇၀-၉၀၀၊ ညောင်ဦးဆေးခပ်ထန်းလျက်တစ်ပိဿာ ကျပ် ၉၂၀ နှုန်းရှိခဲ့ကြောင်း သိရသည်။

သင်္ကြန်ပိတ်ရက်အလွန်တွင် ကြူကုတ် ကြက်သွန်ဖြူတစ်ပိဿာကျပ် ၅၀၀ ဝန်းကျင် ဈေးမြင့်သကဲ့သို့ ကျန်ကုန်စည်များမှာလည်း ပုံမှန်ကာလထက် ထူးခြားစွာဈေးမြင့်တက်လာ သဖြင့် ကုန်စည်လက်ဝယ်ရှိသူများ အကျိုး အမြတ်များစွာရရှိလာသည်။ သို့သော် စားသုံး သူများအတွက်မူ စိုးရိမ်ပူပန်မှုများဖြစ်ပေါ် စေသည်ဟု နယ်ပို့အဝယ်တော် ဦးစိုးလင်းက ဆိုသည်။

မန်ကျည်းသီးတစ်မျိုးတည်းသာ ဈေးနှုန်း ပြောင်းလဲမှုမရှိသော်လည်း ကျန်ကုန်စည်များ ဈေးနှုန်းမြင့်တက်လာသည်ဟု ပြောဆိုနေ ကြရာတွင် ၂၀၁၀ မှ ယနေ့ ကာလအထိ ဈေးကွက်အမြင့်ဆုံးဖြစ်ခဲ့သော ဈေးနှုန်းများ အထိ မရောက်ရှိသေးကြောင်း ဘုရင့်နောင် ပွဲရုံဝင်း စိန်ပန်းလမ်းမှ ပွဲရုံလုပ်ငန်းရှင် တစ်ဦးက ဆိုသည်။

၂၀၁၀ မှ ၂၀၁၃ ခုနှစ်အတွင်း ကြူကုတ် ကြက်သွန်ဖြူတစ်ပိဿာကျပ် ၃၉၀၀၊ ရှမ်း ကြက်သွန်ဖြူတစ်ပိဿာ ကျပ် ၄၉၀၀၊ ကြက်သွန်နီတစ်ပိဿာကျပ် ၂၀၀၀၊ အာလူး တစ်ပိဿာကျပ် ၁၃၀၀၊ မြေပဲဆီတစ်ပိဿာ ကျပ် ၄၇၀၀၊ စားအုန်းဆီတစ်ပိဿာ ကျပ် ၃၀၀၀၊ ကုလားပဲခြမ်းတစ်ပိဿာ ကျပ် ၁၃၈၀၊ ဝါးခယ်မငရုတ်ရှည်တစ်ပိဿာ ကျပ် ၃၆၀၀၊ သကြားတစ်ပိဿာကျပ် ၁၇၅၀၊ ညောင်ဦး ဆေးခပ်ထန်းလျက်တစ်ပိဿာ ကျပ် ၁၆၅၀ နှုန်းသို့ စံချိန်တင်မြင့်တက်ခဲ့သည်ဟု သိရ သည်။ ယခုကာလဈေးနှုန်းမမြင့်တက်သေး သော မန်ကျည်းသီး အသားတစ်ပိဿာကျပ် ၃၀၀၀ ဝန်းကျင်သို့ မြင့်တက်ခဲ့သည်။

အခြေခံစားကုန် ကုန်စည်ဈေးနှုန်း မြင့်တက်မှုပေါ်အကြောင်းပြု၍ စားသောက် ဖွယ်ရာဈေးနှုန်းများ မြင့်တက်လာမှုရှိတတ်ရာ ကုန်စည်ဈေးနှုန်းများ ပြန်လည်ကျဆင်းချိန် တွင် မြင့်တက်ခဲ့သော စားသောက်ဖွယ်ရာ ဈေးနှုန်းများ ပြန်လည်ကျဆင်းမှုမရှိတတ် ကြောင်း လမ်းမတော်မြို့နယ်တွင်းနေ စားသုံး သူတစ်ဦးက ဆိုသည်။

**(မောင်စေအောင်)**

# ဆွမ်ပရာဘွမ်တွင် နိုင်ငံသားစိစစ်ရေးကတ် နေ့ချင်းထုတ်ပေး

**ဆွမ်ပရာဘွမ် ဧပြီ ၂၃**

ကချင်ပြည်နယ် မြောက်ဘက်စွန်းရှိ ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်း၍ နိုင်ငံသားစိစစ် ရေးကတ်ပြားများကို နေ့ချင်းပြီး ထုတ်ပေး လျက်ရှိကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို ဆွမ်ပရာဘွမ် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထင်အောင်နှင့် ဝန်ထမ်းများက မိုးပွင့် (အထူး)စီမံချက်ဖြင့် ဆွမ်ပရာဘွမ်မြို့နယ် အတွင်းရှိ ကျေးရွာများသို့ ယခုနှစ် ဇန်နဝါရီ လမှ စတင်ကွင်းဆင်းကာ နေ့ချင်းပြီးနိုင်ငံသား စိစစ်ရေးကတ်ပြားများကို ပြုလုပ်ပေးခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ယခုဧပြီလတွင်လည်း မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်မှ အသက်(၁၈) နှစ် ပြည့်ပြီးသူ ၈၇ ဦးအား နေ့ချင်းပြီးဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပြန်/ဆက်)**






နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၀)နှစ်ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံ ဒုတိယမြောက်နေ့ မျက်နှာစုံညီအစည်းအဝေးတက်ရောက်စဉ်။ (ပြန်/ဆက်)

# (၁၀)နှစ်ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံ ဒုတိယမြောက်နေ့ မျက်နှာစုံညီအစည်းအဝေး ဆက်လက်ကျင်းပ

**ဂျကာတာ မေ ၂၃**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပလျက်ရှိသော (၁၀)နှစ်ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံ၏ ဒုတိယမြောက်နေ့ မျက်နှာစုံညီအစည်းအဝေးကို ယနေ့ဒေသစံတော်ချိန် နံနက် ၉နာရီတွင် ကျင်းပသည်။**(အောက်ပုံ)**

အဆိုပါ မျက်နှာစုံညီအစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာရှ-အာဖရိကနိုင်ငံများမှ ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။ နံနက်ပိုင်းတွင် မျက်နှာစုံညီအစည်းဝေး နှစ်ကြိမ်ကျင်းပခဲ့ပြီး မွန်းလွဲ ၁ နာရီတွင် ခေတ္တရပ်နားခဲ့သည်။

ယင်းနောက် မျက်နှာစုံညီအစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ပြန်လည်ကျင်းပခဲ့သည်။ ထို့နောက် အာရှ-အာဖရိက ထိပ်သီးညီလာခံ၏ ဒုတိယမြောက်နေ့ ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ အင်ဒိုနီးရှားနိုင်ငံသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် (၁၀)နှစ်ပြည့် အာရှ- အာဖရိက ထိပ်သီးညီလာခံသို့ တက်ရောက်လာသည့် နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များက ဘန်ဒေါင်း အခြေခံမူများကို ကိုင်တွယ်၍ သက်ဆိုင်ရာ မိတ်ဖက်နိုင်ငံများနှင့် ပွင့်လင်းရင်းနှီးစွာဆွေးနွေးကြသည်။

အဆိုပါ ထိပ်သီး ညီလာခံတက်ရောက်ခဲ့မှုနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ပြောကြားရာတွင် “အဖွဲ့ဝင် ၁၀၆ နိုင်ငံအနက် ၉၃ နိုင်ငံ တက်တယ်။ အဲဒီမှာလည်း နိုင်ငံတော်အကြီးအကဲနဲ့ အစိုးရအဖွဲ့ အကြီးအကဲ၊ သမ္မတ၊ ဝန်ကြီးချုပ်၊ ဒုတိယသမ္မတနဲ့ ဒုတိယဝန်ကြီးချုပ်အဆင့် ခေါင်းဆောင် ၃၃ ဦးအပါအဝင် ကျန်တဲ့နိုင်ငံတွေကတော့ နိုင်ငံခြားရေးဝန်ကြီးများနဲ့ ဝန်ကြီးအဆင့် ကိုယ်စားလှယ်တွေ အများစုတက်ရောက်ခဲ့တဲ့ ထိပ်သီးညီလာခံဖြစ်ပါတယ်။

ဒီညီလာခံကနေပြီး ဒီနေ့ပြီးဆုံးသွားတဲ့အခါမှာ ကြေညာချက်နဲ့ ထုတ်ပြန်ချက်သုံးခုကို အတည်ပြုချမှတ်ခဲ့ပါတယ်။ အဲဒီထုတ်ပြန်ချက်သုံးခုကတော့ Bandung Message 2015 လို့ခေါ်တဲ့ ကြေညာချက်ဖြစ်ပါတယ်။ ဒုတိယထုတ်ပြန်ချက်ကတော့ Re-invigorating of the New Strategic Partnership ဆိုတဲ့ ကြေညာချက်ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ Declaration on Palestine ဖြစ်ပါတယ်။ Bandung Message 2015 ဆိုတာကတော့ အာရှနဲ့အာဖရိကနိုင်ငံတွေ ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲ။ နိုင်ငံရေးအရ၊ လုံခြုံရေးအရ ဘယ်လိုဆက်စပ်ဆောင်ရွက်မလဲ၊ စီးပွားရေးဖွံ့ဖြိုးမှုအရ ဘယ်လိုဆက်စပ်ဆောင်ရွက်သွားမလဲ၊ လူမှုရေးနဲ့ ယဉ်ကျေးမှုကဏ္ဍမှာ ဘယ်လိုဆောင်ရွက်သွားမလဲဆိုတဲ့ ရှေ့လုပ်ငန်းစဉ်တွေ ချမှတ်တဲ့ကြေညာချက်ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ အာရှ-အာဖရိကတိုက်ရဲ့ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကြေညာချက်ဖြစ်ပါတယ်။ ဒီနှစ်ခုကလည်း နှစ်(၆၀)မြောက် ဘန်ဒေါင်းညီလာခံကျင်းပခဲ့တဲ့ အထိမ်းအမှတ်မှာ ရှေ့ဆက်ပြီးတော့ ဘယ်လိုသွားမလဲဆိုတာ Bandung Message 2015 နဲ့၊ (၁၀)နှစ်မြောက် အာရှ-အာဖရိက မဟာဗျူဟာမိတ်ဖက်သစ်အထိမ်းအမှတ်နဲ့၊ New Partnership နဲ့ ပတ်သက်ပြီး ထုတ်ပြန်တဲ့ကြေညာချက်ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ Declaration on Palestine ပါလက်စတိုင်းနိုင်ငံကို သီးခြား လွတ်လပ်တဲ့နိုင်ငံတစ်နိုင်ငံအဖြစ်နဲ့ အသိအမှတ်ပြုရေး၊ နိုင်ငံတည်ထောင်ခွင့်ပြုရေးနဲ့ ပတ်သက်ပြီး ကြေညာချက်ထုတ်ပါတယ်။ ဒီကြေညာချက်သုံးခုကို ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ တက်ရောက်လာတဲ့နိုင်ငံတွေ၊ အာရှ- အာဖရိက အဖွဲ့ဝင်နိုင်ငံတွေ အားလုံးကနေပြီး ဒီကြေညာချက်သုံးခုကို တညီတညွတ်တည်း ထောက်ခံပြီး အတည်ပြုခဲ့ကြတာ ဖြစ်ပါတယ်။

ရှေ့မှာလည်းပဲ ကမ္ဘာ့လူဦးရေရဲ့ ၇၅ ရာခိုင်နှုန်းရှိတဲ့ အာရှတိုက်နဲ့ အာဖရိကတိုက်က ပြည်သူလူထုအချင်းချင်း ၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေ အချင်းချင်း ပူးပေါင်းဆောင်ရွက်သွားကြဖို့ အလားအလာတွေ အများကြီးရှိပါတယ်။ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ပူးပေါင်းဆောင်ရွက်မှုတွေ ညီညီညွတ်ညွတ်နဲ့ လွန်ခဲ့တဲ့ နှစ်(၆၀)လောက်ကအတိုင်းပဲ စည်းလုံးညီညွတ်မှုကို ဆက်လက်ထိန်းသိမ်းသွားကြဖို့ ကောင်းမွန်တဲ့အလားအလာတွေပဲ ဖြစ်ပါတယ်။

ဘန်ဒေါင်းညီလာခံကို ၁၉၅၅ ခုနှစ်မှာ စတင်ပြုလုပ်ခဲ့တဲ့ ကနဦးနိုင်ငံတွေက အိန္ဒိယ၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ သီရိလင်္ကာနဲ့ မြန်မာနိုင်ငံတို့ ဖြစ်ပါတယ်။ ကနဦး နိုင်ငံငါးနိုင်ငံထဲမှာပါတဲ့ မြန်မာနိုင်ငံရဲ့ အခန်းကဏ္ဍဟာလည်း အထူးအလေးပေးခြင်းခံရပါတယ်။ ဒါကြောင့်မို့ ဒီအစည်းအဝေးရဲ့ ဖွင့်ပွဲမှာဆိုရင် အိမ်ရှင်အင်ဒိုနီးရှားသမ္မတကြီးကနေပြီး ဖွင့်ပွဲအဖြစ်နဲ့ မောင်းကိုထုပြီးတော့ ဖွင့်လှစ်တဲ့အခမ်းအနားမှာ နိုင်ငံတော်သမ္မတကြီးက ဘေးကနေ ဂုဏ်ထူးဆောင်ဧည့်သည်အဖြစ် ပါဝင်ပြီးတော့ ရပ်ခဲ့ပါတယ်။

နောက်ရက် ဘန်ဒေါင်းမှာလုပ်မယ့် နှစ်(၆၀)မြောက် အာရှ-အာဖရိက ညီလာခံရဲ့ အထိမ်းအမှတ်ပွဲမှာ နိုင်ငံတော်သမ္မတကြီးကနေပြီး အာရှတိုက်နိုင်ငံတွေရဲ့ကိုယ်စား မိန့်ခွန်းပြောကြားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဦးဆောင်မှုကဏ္ဍကို နိုင်ငံတကာဆက်ဆံရေးမှာ ပိုပြီးကျယ်ကျယ်ပြန့်ပြန့်နဲ့ ဆောင်ရွက်ခွင့်ရတဲ့ အခွင့်အလမ်းရခဲ့တဲ့ ညီလာခံတွေ၊ အစည်းအဝေးတွေဖြစ်တယ်လို့ ပြောချင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ၂၀၁၄ ခုနှစ်မှာ ဘင်းမ်စတက် အလှည့်ကျဉက္ကဋ္ဌ၊ အာဆီယံအလှည့်ကျဉက္ကဋ္ဌ တာဝန်တွေကို ထမ်းဆောင်ခဲ့ပြီး ဒီနှစ်မှာလည်း မြန်မာနိုင်ငံရဲ့ ဒေသတွင်းနဲ့ နိုင်ငံတကာမှာ နိုင်ငံခြားရေးမူဝါဒကို တက်တက်ကြွကြွ အကောင်အထည်ဖော်ခွင့်ရခဲ့တယ်။ ဒေသတွင်းမှာလည်း ဦးဆောင်မှု အခန်းကဏ္ဍမှာ ပိုပိုပြင်ပြင်နဲ့ ဆောင်ရွက်သွားနိုင်တဲ့ အနေအထားတွေ တွေ့ရတဲ့အတွက် ဒီညီလာခံကို တက်ရောက်ရတဲ့ ခရီးစဉ်ကလည်း အထူးအောင်မြင်တဲ့ ခရီးစဉ်တစ်ခုဖြစ်ကြောင်း ပြောကြားလိုပါတယ်။”

**(သတင်းစဉ်)**



# မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့အကြား တိုက်ရိုက်လေကြောင်းဆက်သွယ်ပျံသန်းရေး ဆွေးနွေး

**ဂျကာတာ ဧပြီ ၂၃**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် နီပေါဖက်ဒရယ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆူရှီကွိုင်ရာလာနှင့် ယနေ့ ညနေပိုင်းတွင် တွေ့ဆုံခဲ့ သည်။

ထိုသို့ တွေ့ဆုံစဉ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ မြန်မာနိုင်ငံနှင့် နီပေါ နိုင်ငံတို့အကြား တိုက်ရိုက်လေကြောင်းဆက်သွယ်ပျံသန်းရေးနှင့် နီပေါနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုအတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်း၊ ဒေါက်တာကံဇော်၊ ဦးရဲထွန်း၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးစံမြင့်ဦးနှင့် တာဝန် ရှိသူများတက်ရောက်ကြပြီး နီပေါဖက်ဒရယ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့သည် ၁၉၆၀ ခုနှစ်မှစ၍ သံတမန် ဆက်သွယ်မှု စတင်ခဲ့သည်။ နီပေါနိုင်ငံဝန်ကြီးချုပ်သည် ၂၀၁၄ ခုနှစ် မတ်လ ၃ ရက်တွင် နေပြည်တော်၌ ကျင်းပသည့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီး အစည်းအဝေး တက်ရောက်စဉ်ကလည်း နိုင်ငံတော်သမ္မတနှင့် တွေ့ဆုံဆွေးနွေး ခဲ့သည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (ပြန်/ဆက်)




[ဓာတ်ပုံ- ဗန်ကောက်ပို့စ်]

## သီလဝါအထူးစီးပွားရေးဇုန် ဇွန်လတွင် ဖွင့်မည်

**ရန်ကုန် ဧပြီ ၂၃**

မြန်မာနိုင်ငံ၏ ပထမဆုံးသော အထူးစီးပွားရေးဇုန်ဖြစ်သည့် သီလဝါ အထူးစီးပွားရေးဇုန်ကို ဇွန်လတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး စီးပွားရေး ဆိုင်ရာလုပ်ငန်းလည်ပတ်မှုများကိုမူ ဇွန်လကုန်ပိုင်းတွင် စတင်မည်ဖြစ် ကြောင်း ဧပြီ ၂၃ ရက်က ဗန်ကောက် ပို့စ်သတင်းတစ်ရပ်တွင် ဖော်ပြထား သည်။ သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(၁)ရှိ ပြည်တွင်း၊ ပြည်ပစက်ရုံ ရှစ်ရုံ တည်ဆောက်မှုသည်လည်း ပြီးစီးလုနီးပါးရှိနေပြီဖြစ်ရာ အဆိုပါ သီလဝါအထူးစီးပွားရေးဇုန် အပိုင်း (၁)ရှိပြည်တွင်း၊ ပြည်ပစက်ရုံရှစ်ရုံကို လည်း ဇွန်လအတွင်း ဖွင့်လှစ်မည်ဖြစ် ကြောင်း သိရသည်။

အဆိုပါစက်ရုံများဖွင့်လှစ်ပြီးပါက မြန်မာပြည်သူများအတွက် အလုပ် အကိုင်အခွင့်အလမ်း အနည်းဆုံး ၂၀၀၀၀ ဖန်တီးပေးနိုင်မည်ဖြစ်ပြီး သီလဝါအထူးစီးပွားရေးဇုန် အပိုင်း (၁)တစ်ခုလုံး အတိုင်းအတာဖြင့် တွက်ဆပါက အလုပ်အကိုင်အခွင့် အလမ်း ၅၀၀၀၀ အထိ တိုးမြှင့်ဖန်တီး ပေးနိုင်မည်ဖြစ်သည်။ သီလဝါ အထူး စီးပွားရေးဇုန်သည် ရန်ကုန်မြို့၏ အရှေ့တောင်ဘက် ၁၄ မိုင်(၂၃ ကီလိုမီတာ)အကွာတွင် တည်ရှိပြီး ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင် ခဲ့ခြင်းဖြစ်သည်။

သီလဝါအထူးစီးပွား ရေးဇုန်သည် နိုင်ငံတကာအဆင့်မီ အထူးစီးပွားရေး ဇုန်တစ်ခုဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ အပါအဝင် ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်ဝမ် (တရုတ် တိုင်ပေ) စသည့်နိုင်ငံများမှ ကုမ္ပဏီ ပေါင်း ၄၀ တို့က ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**(နိုင်လင်းကြည်)**

### မိတ္ထီလာမှ

နှစ်လမ်းသွား သံကူကွန်ကရစ်တံတားတစ်စင်းဖြစ်ကာ ယခုအသစ်တည်ဆောက်လျက်ရှိသည့် ကန်ကူးတံတား သစ်၏ တံတားအမျိုးအစားမှာ အုတ်မြစ် မီနီဘိုးပိုင်နှင့် ကိုယ်ထည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ယာဉ်သွားလမ်း ၄၈ ပေ လေးလမ်းသွား(မူလ နှစ်လမ်း သွား)နှင့် လူသွားလမ်း တစ်ဖက် ခြောက်ပေစီပါရှိမည် ဖြစ်ကာ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ နှင့်စီမံကိန်းခန့်မှန်းတန်ဖိုးမှာ ကျပ်သန်း ၃၂၀၀ ဖြစ်ကြောင်း သိရသည်။

ယခင် ပေ ၂၀၀ တံတားဟောင်းမှာ လမ်းသွားရ ကျပ်တည်းပြီး အထူးသဖြင့် ကျောင်းသွား ကျောင်းပြန်ချိန် များတွင် ယာဉ်ကြောကျပ်တည်းမှုများ ဖြစ်ပေါ်လျက်ရှိ သည့်အတွက် မြို့နေပြည်သူလူထု၏တောင်းဆိုချက်အရ မူလတံတား ပေ ၂၀၀ ကို ပေ ၆၀၀ ထပ်မံတိုးချဲ့ကာ စုစုပေါင်း ပေ ၈၀၀ အဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး နှစ်လမ်းသွား တံတားသစ်ကြီးပြီးစီးသည့်အခါ လက်ရှိ တံတားမြေသားတာပေါင်ကို ဖယ်ရှား၍ တံတားသစ် တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရ သည်။

"မူလတာပေါင်ကလည်း သိပ်ပြီးခိုင်ခံ့မှုမရှိတဲ့ အတွက် ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်မှုနဲ့ တံတား အသစ်တစ်စင်း ထပ်ဆောက်ဖြစ်သွားတာပါ။ ပထမ မြေကြီးဖို့ရန် ရည်ရွယ်ပေမယ့် ရေကန်ထဲမှာဆိုတော့ သိပ်မငြိမ်တဲ့အတွက် တာရှည်မခံမှာစိုးတာကြောင့် ဝန်ကြီးရဲ့လမ်းညွှန်ချက်နဲ့ တည်ဆောက်နေတာပါ"ဟု ယင်းတံတားတည်ဆောက်ရေးမှ လက်ထောက်အင်ဂျင်နီ ယာ(မြို့ပြ) ဦးသန်းလင်းက ရှင်းပြသည်။

"ဒီတံတားသစ်ကြီး ပြီးသွားရင်တော့ ရုံးတက် ရုံးဆင်းချိန်တွေနဲ့ ကလေးတွေ ကျောင်းသွားကျောင်းပြန် တိုင်း တံတားပေါ်မှာ ယာဉ်ကြောပိတ်လို့ စိတ်ညစ်ရတဲ့ ဒုက္ခ ကင်းဝေးသွားမယ်လို့ ထင်ပါတယ်။ မိတ္ထီလာဒေသခံ တစ်ဦးအနေနဲ့ ဒီလိုတံတားသစ်ကြီးကို ကြိုဆိုပါတယ်" ဟု ကျောင်းသား မိဘတစ်ဦးလည်းဖြစ်ကာ တံတားကြီး ကိုဖြတ်သန်းအသုံးပြုပြီး နေ့တိုင်း ရုံးတက်ရုံးဆင်း ပြုလုပ်နေရသူ ဒေါ်ခင်မမက ပြောကြားခဲ့သည်။

အဝေးပြေးခရီးသွားလမ်းဆုံမြို့တစ်မြို့ဖြစ်သည့် အပြင် ယာဉ်သွားလာမှုများပြားရှုပ်ထွေးသည့် မိတ္ထီလာ မြို့၏ မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းပေါ်ရှိ မိတ္ထီလာကန်ကူး တံတားဟောင်းအနီးကပ်လျက်တွင် ကန်ကူးတံတားသစ်တစ်စင်း တည်ဆောက်လျက်ရှိရာ တံတားကြီးပြီးစီးပါက မြို့ကျက်သရေဆောင်တစ်ခုဖြစ် သော ကန်လယ်တံတားပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုမှ ကင်းဝေးကာ စိတ်လက်ချမ်းသာစွာသွားလာနိုင်တော့ မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ဖြိုးစန္ဒာမြင့်(ကြေးမုံ)**

### မန္တလေးမြို့မှ

အသက်(၆၅)နှစ်ရှိ အဘိုးဦးအေးမောင်ကလည်း နေကပြင်း တော့ အိမ်ထဲမှာထိုင်နေရင်း ချွေးတွေထွက်ပြီး ခေါင်းမူး လာတယ်။ ဒါကြောင့် မနက်နေမထွက်ခင် ဘုရားနီဘုရား ထဲသွားပြီး ပုတီးစိပ်၊ တရားထိုင်ရင်အပူဒဏ်ကို ရှောင်ရှား နေရတယ်။ အဘတို့အရွယ်က ရာသီဥတုဒဏ်ကို မခံနိုင် တော့ဘူးလေ"ဟုဆိုသည်။

"ကျွန်မတို့က ချမ်းအေးသာစံမြို့နယ်ကပါ။ အိမ်ထဲမှာ ပန်ကာတွေ၊ အဲကွန်းတွေနဲ့နေပေမယ့် ကြာရှည်နေလို့ မရဘူး။ နောက်ပြီး အသက်ကြီးသူတွေက အဲကွန်းဒဏ်ကို လည်း ကြာရှည်ခံလို့မရဘူးလေ။ ဒါကြောင့် အရိပ်ရပြီး လေအေးလေးတိုက်တဲ့ ကျုံးနံဘေးမှာ အဖေ၊ အမေတို့ကို ခေါ်လာပြီး လာထိုင်နေကြတာပါ"ဟု မန္တလေးဒေသခံ မစန်းကပြောသည်။ ၂၀၁၄ ခုနှစ် ဧပြီလအတွင်းတွင် မန္တလေးမြို့၏ အမြင့်ဆုံးအပူချိန်မှာ ၄၂ ဒီဂရီစင်တီ ဂရိတ်အထိရှိခဲ့ပြီး ယခုနှစ် တွင် ၄၀ ဒီဂရီစင်တီဂရိတ်ခန့် သာရှိသော်လည်း အပူဒဏ်ကို ပိုမိုခံစားနေရကြောင်း သိရ သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားဧည့်သည်များ တာချီလိတ် နယ်စပ်ဝင်ပေါက်မှ အဆက်မပြတ် တိုးတက်ဝင်ရောက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တော်သို့ နှစ်စဉ်နိုင်ငံခြားသား ကမ္ဘာ လှည့်ခရီးသွားဧည့်သည်များ ဝင်ရောက် မှုမှာ ပြည်မနှင့်နယ်စပ်ဒေသများပါ မကျန် တစ်နှစ်ထက်တစ်နှစ် ပိုမို တိုးတက်လျက်ရှိရာ မြန်မာနိုင်ငံ၏ နိုင်ငံခြားသားခရီးသွားဧည့်သည် ဝင်/ထွက်ရာ အဓိကနယ်စပ် ဝင်ပေါက်တစ်ခုဖြစ်သော ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်နယ်စပ်မြို့ သည်လည်း အပါအဝင်ဖြစ်သည်။



တာချီလိတ်မြို့သည် မြန်မာ-ထိုင်း -လာအို သုံးနိုင်ငံ နယ်နိမိတ်ထိစပ်နေ သော ရွှေတြိဂံ နယ်စပ်မြို့တစ်မြို့ ဖြစ်၍ ထိုင်းနိုင်ငံ မယ်ဆိုင်နယ်စပ်နှင့် တာချီလိတ်-မယ်ဆိုင် အမှတ်(၁) ချစ်ကြည်ရေးတံတားဖြင့် ဆက်သွယ် ထားကာ မြောက်ဘက်တွင်မိုင်းဖြတ် ခရိုင်နှင့်မိုင်းယောင်းမြို့နယ်၊ အရှေ့ ဘက်တွင် လာအိုနိုင်ငံ၊ အရှေ့တောင် နှင့်တောင်ဘက်တွင် ထိုင်းနိုင်ငံနှင့် အနောက်ဘက်တွင် မိုင်းဆတ်ခရိုင် တို့နှင့် နယ်နိမိတ်ချင်းဆက်စပ်လျက် ရှိသည်။ ၂၀၁၃ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် မြန်မာ-ထိုင်း နှစ်နိုင်ငံ သဘောတူညီချက်အရ တာချီလိတ် နယ်စပ်ဝင်ပေါက်ကို အပြည်ပြည် ဆိုင်ရာ နယ်စပ်ဝင်ပေါက်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ ခရီးသွား ဧည့်သည်များအား နေ့စဉ် နံနက် ၆ နာရီမှ ည ၈ နာရီခွဲအထိ ဖွင့်လှစ် ဖြတ်သန်းခွင့်ပြုခဲ့သဖြင့် တတိယ နိုင်ငံသားနှင့် ထိုင်းနိုင်ငံသားများမှာ ယခင်ကထက် စဉ်ဆက်မပြတ် ပိုမို ဝင်/ထွက် သွားလာလျက်ရှိ သည်။

၁၃၇၆-၁၃၇၇ ခုနှစ် မဟာသင်္ကြန် ကာလအတွင်းတွင်လည်း နိုင်ငံခြား သား ကမ္ဘာလှည့်ခရီးသွားဧည့်သည် များမှာ ယခင်နှစ်များနှင့်မတူဘဲ ပိုမို များပြားစွာ ဝင်/ထွက်လည်ပတ် လျက်ရှိပြီး တတိယ နိုင်ငံသားနှင့် ထိုင်းနိုင်ငံသား ခရီးသွားဧည့်သည် များမှာ တာချီလိတ်မြို့တွင်း မဟာ သင်္ကြန်မဏ္ဍပ်များသို့ သွားရောက် လေ့လာလည်ပတ်ခြင်း၊ ဒေသခံတိုင်း ရင်းသားလူမျိုးများနှင့်အတူ ရေသဘင် ပွဲကို အတူတကွ ပျော်ရွှင်စွာဆင်နွှဲ ခဲ့ကြသည်။ ထို့အပြင် တာချီလိတ် မြို့မှ မိုင်းဖြတ်-ကျိုင်းတုံနှင့် မိုင်းလား ခရီးစဉ်ဒေသများသို့ နှစ် ညအိပ် သုံးရက်၊ သုံးညအိပ် လေးရက် ခရီးစဉ်များဖြင့် တစ်ဦးချင်းသော် လည်းကောင်း၊ အစုအဖွဲ့များဖြင့် သော်လည်းကောင်း စဉ်ဆက်မပြတ် သွားရောက်လေ့လာလည်ပတ်လျက် ရှိကြောင်း သိရပါသည်။

**(ဟိုတယ်/ခရီး)**



# ဂျပန်နိုင်ငံအပါအဝင် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများက အထူးစီးပွားရေးဇုန်မှာ စက်ရုံတွေဖွင့်နိုင်ဖို့ မျှော်မှန်းထားကြပါတယ်

**ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi Higuchi**

## မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့်တွေ့ဆုံခြင်း

တွေ့ဆုံမေးမြန်း - မိုးသူဇာစိုး
ဓာတ်ပုံ - လှမိုး

**မြန်မာနိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဂျပန်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုကို အခွန့်ရှည်ကြာစွာ ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် နှစ်(၆၀) ပြည့် ဂျပန်-မြန်မာ သံတမန်ဆက်ဆံရေးကို ခိုင်မာစွာတည်ဆောက်နိုင်ခဲ့သည်။ ဂျပန်နိုင်ငံအစိုးရအနေဖြင့် ငွေကြေးကူညီခြင်း၊ ချေးငွေထုတ်ချေးခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီအထောက်အပံ့များပေးခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးရေးအစီအစဉ်များတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိသည်။**

**ထို့ပြင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတွင် ကောင်းမွန်သည့်ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ဖြစ်ထွန်းစေမည့် အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ရာတွင် သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးလုပ်ငန်းများတွင်လည်း ဂျပန်နိုင်ငံ၏ပူးပေါင်းဆောင်ရွက်နေမှုကို ထင်ရှားစွာတွေ့မြင်နေရသည်။ သို့ဖြစ်ရာ ဂျပန်-မြန်မာဆက်ဆံရေးနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအစီအစဉ်များတွင် ဂျပန်အစိုးရ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ သိရှိနိုင်ရန် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi Higuchi အား မြန်မာ့သတင်းစဉ်မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့မှုများကို ပြန်လည်တင်ပြလိုက်ပါသည်။**

**မေး။ ။ မြန်မာနိုင်ငံမှာ လက်ရှိကူညီဆောင်ရွက်နေတဲ့ ဂျပန်အစိုးရရဲ့ အကူအညီတွေက ဘယ်လိုကဏ္ဍတွေ အဓိကပါဝင်တယ်ဆိုတာ ရှင်းပြပေးစေလိုပါတယ်ရှင့်။**

ဖြေ။ ။ ဂျပန်နိုင်ငံရဲ့ အကူအညီတွေက ဒီမိုကရေစီ ထွန်းကားရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုဆိုတဲ့ မြန်မာနိုင်ငံရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေကို တွန်းအားပေးဖို့ရည်ရွယ်ထားပြီး ကဏ္ဍသုံးရပ် ပါဝင်ပါတယ်။ ဆင်းရဲချို့တဲ့စွာ နေထိုင်ရတဲ့ လူတွေနဲ့ မျိုးနွယ်စုလူနည်းစုတွေရဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့ ကူညီခြင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်တဲ့ စီးပွားရေးနဲ့ လူ့အဖွဲ့အစည်းတွေဖြစ်အောင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုနဲ့ အင်စတီကျူးရှင်းဖွံ့ဖြိုးမှုအတွက် ကူညီခြင်းနဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိတဲ့ စီးပွားရေးအတွက် လိုအပ်တဲ့ ဆက်စပ်နည်းစနစ်တွေမှာ ကူညီဆောင်ရွက်ခြင်းတွေ ပါဝင်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ စတင်ဆောင်ရွက်ချိန်ကစပြီး ဘယ်လောက်အတိုင်းအတာအထိ ဂျပန်အစိုးရက ကူညီပံ့ပိုးနေတယ်ဆိုတာ သိလိုပါတယ်။**

ဖြေ။ ။ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ စတင်ခဲ့တဲ့ ၂၀၁၁ ခုနှစ် မတ်လကစပြီး ဂျပန်အစိုးရရဲ့ အကူအညီတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပါတယ်။ ပမာဏအနေနဲ့ ပြောရရင် ဒီကာလတွေမှာ ဂျပန်ယန်း ၂၄၀ ဘီလီယံ ( အမေရိကန်ဒေါ်လာနှစ်ဘီလီယံ) ကျော်ပါတယ်။ **၂၀၁၄ ခုနှစ် တစ်နှစ်တည်းမှာပဲ ဂျပန်ယန်း ၁၂၀ ဘီလီယံကျော်ကို မြန်မာနိုင်ငံအတွက် အကူအညီတွေ ပေးခဲ့ပါတယ်။** အထူးသဖြင့် မြန်မာတစ်နိုင်ငံလုံးကို ကျယ်ကျယ်ပြန့်ပြန့်ကူညီရာမှာ ဂျပန်နိုင်ငံရဲ့ စုစုပေါင်း ငွေကြေးကူညီမှုတွေရဲ့ ၁၁ ရာခိုင်နှုန်းအထိ ပံ့ပိုးသွားနိုင်ဖို့ ရည်ရွယ်ထားခဲ့တယ်။ **ဒီလိုကူညီမှုတွေက မြန်မာနိုင်ငံရဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကြိုးပမ်းမှုတွေအတွက် ဂျပန်နိုင်ငံရဲ့ ပူးပေါင်းပါဝင်မှု အဖြေလည်းဖြစ်ပါတယ်။** ဒီနှစ် ဇန်နဝါရီလအထိ ဂျပန်ကျွမ်းကျင်ပညာရှင် ၁၂ ဦးနဲ့ နည်းပညာပိုင်းဆိုင်ရာ စီမံကိန်း ၂၀ မှာ ပါဝင်ဆောင်ရွက်ကူညီပေးနေပါတယ်။

မြန်မာနိုင်ငံဖွံ့ဖြိုးရေးအစီအစဉ်တွေအတွက် ငွေကြေးကဏ္ဍသာမကဘဲ လူ့စွမ်းအားအရင်းအမြစ်နဲ့ အင်စတီကျူးရှင်းတည်ထောင်တဲ့ လုပ်ငန်းတွေမှာပါ ငွေအားရော လူအားပါ ပံ့ပိုးကူညီနေပါတယ်။ ဂျပန်နိုင်ငံက မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွေနဲ့ လုပ်ငန်းစဉ် ဆောင်ရွက်ရာမှာ ငွေကြေးအကူအညီနဲ့ ချေးငွေထုတ်ချေးခြင်းတွေမှာသာမက မြန်မာပြည်သူပြည်သားတွေနဲ့အတူ ကဏ္ဍစုံမှာ ဂျပန်နိုင်ငံက ကျွမ်းကျင်ပညာရှင်တွေလည်း အားဖြည့်ဆောင်ရွက်နေကြပါတယ်။

**မေး။ ။ ဂျပန်အစိုးရအကူအညီနဲ့ ဆောင်ရွက်နေတဲ့ စီမံကိန်းတွေရဲ့ အောင်မြင်မှုတွေကို ဘယ်လိုပြန်ပြီး ဆန်းစစ်သလဲဆိုတာကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။ ဂျပန်အစိုးရရဲ့ ကူညီမှုမှာ စီမံကိန်းမျိုးစုံနဲ့ ကဏ္ဍစုံပါဝင်ပါတယ်။ မြန်မာပြည်သူ ပြည်သားတွေရဲ့ လူမှုဘဝ ဖွံ့ဖြိုးလာတယ်လို့ အမှန်တကယ်ခံစားရမယ့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုလို မြန်မာ့ဖွံ့ဖြိုးရေး အကူအညီဆိုင်ရာ စီမံကိန်းတွေက အကန့်အသတ်မရှိပါဘူး။ ဥပမာဆိုရရင် အခြေခံလူတန်းစားအတွက် အကူအညီအစီအစဉ်အရ ၂၀၁၁ ခုနှစ်ကတည်းက မြန်မာနိုင်ငံ တစ်နံတစ်လျားမှာ ကျောင်းပေါင်း ၃၂၈ ကျောင်းကို ဂျပန်နိုင်ငံက တည်ဆောက်ပေးခဲ့ပါတယ်။

နောက်တစ်ခုက ကျန်းမာရေးနဲ့ ဆေးပညာကဏ္ဍမှာ ဂျပန်နိုင်ငံက ဆက်တိုက်ကူညီထောက်ပံ့နေတာ နှစ်ပေါင်း ၃၀ ကျော်လောက်ရှိပါပြီ။ လတ်တလောအကူအညီတွေမှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနဲ့ မန္တလေးပြည်သူ့ဆေးရုံကြီးတို့အတွက် ဆေးပညာဆိုင်ရာ ပစ္စည်းသစ်တွေနဲ့ မိတ်ဆက်ပေးတဲ့ စီမံချက်တွေပါဝင်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေရဲ့အချက်အချာကျတဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာရှိတဲ့ အထွေထွေရောဂါကုဆေးရုံတွေဖွံ့ဖြိုးတိုးတက်ဖို့မှာ ကယားပြည်နယ် လွိုင်ကော်ပြည်သူ့ဆေးရုံရဲ့ အဆောက်အအုံအသစ်ကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီလက အုတ်မြစ်ချနိုင်ခဲ့ပါတယ်။

ပို့ဆောင်ရေးကဏ္ဍမှာဆိုရင်လည်း ခရီးသည်သုံးသောင်းလောက် နေ့စဉ်ဖြတ်သန်းသွားလာနေပြီး တစ်နှစ်ကို ခရီးသည် ၁၀ သန်းလောက် အသုံးပြုနိုင်မယ့် ရန်ကုန်-ဒလမြစ်ကူး ကူးတို့သင်္ဘောသုံးစင်းကို ပံ့ပိုးကူညီထားပါတယ်။

**မေး။ ။ ဂျပန်အစိုးရအကူအညီနဲ့ လက်ရှိဆောင်ရွက်နေတဲ့ မြန်မာ့ဖွံ့ဖြိုးရေးဆိုင်ရာ အစီအစဉ်တွေကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။ **သီလဝါအထူးစီးပွားရေးဇုန်က ဒီ ၂၀၁၅ ခုနှစ်အတွင်းမှာ လုပ်ငန်းတွေ စတင်ဆောင်ရွက်နိုင်အောင် ရည်မှန်းထားပြီး ဆောင်ရွက်နေပါတယ်။ ဂျပန်နိုင်ငံအပါအဝင် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများက အထူးစီးပွားရေးဇုန်မှာ စက်ရုံတွေဖွင့်နိုင်ဖို့ မျှော်မှန်းထားကြပါတယ်။ ဒါက အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ဖို့တင်မကဘဲ နည်းပညာအကူးအပြောင်းနဲ့အတူ မြန်မာ့ဖွံ့ဖြိုးရေးကို ဖော်ဆောင်ပေးနိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်ထားပါတယ်။**

ရထားပို့ဆောင်ရေးနည်းပညာမှာ ကမ္ဘာ့ထိပ်တန်းဖြစ်တဲ့ ဂျပန်နိုင်ငံရဲ့ နည်းပညာတွေနဲ့ ရန်ကုန်-မန္တလေး ဆက်သွယ်ရေးမှာ အသက်သွေးကြောဖြစ်တဲ့ ရထားလမ်းနဲ့ ရန်ကုန်မြို့ပတ်ရထားလမ်း ဖွံ့ဖြိုးတိုးတက်လာအောင် ကူညီပံ့ပိုးရင်း မဝေးတော့တဲ့အနာဂတ်မှာ မြန်မာလူထုကို လုံခြုံစိတ်ချရတဲ့ ရထားပို့ဆောင်ရေးဝန်ဆောင်မှုပေးနိုင်ဖို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

**မေး။ ။ မကြာသေးမီက နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးခဲ့တဲ့ ဆိပ်ကမ်းဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းတွေမှာ ဂျပန်အစိုးရက ဘယ်လိုကူညီသွားမယ်ဆိုတာလည်း သိပါရစေရှင့်။**

ဖြေ။ ။ ဆိပ်ကမ်းတွေဟာ နိုင်ငံတကာကုန်သွယ်ရေးအတွက် တံခါးပေါက်တွေဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံကို ခေတ်မီ ဖွံ့ဖြိုးအောင်တည်ဆောက်ရာမှာလည်း ခေတ်မီတိုးတက်တဲ့ ဆိပ်ကမ်းတွေက မရှိမဖြစ်ပါပဲ။

လက်ရှိအချိန်မှာ မြန်မာနိုင်ငံက ဆိပ်ကမ်း Cargo လုပ်ငန်းစဉ်တွေမှာ အချိန်ယူဆောင်ရွက်နေရပြီး အီလက်ထရွန်နစ်စနစ်ကို ထည့်သွင်းအသုံးပြုခြင်းက အရိုးရှင်းဆုံးနဲ့ အလွယ်ကူဆုံးလုပ်ငန်းစဉ်တွေ ဖြစ်လာမယ်လို့ မျှော်မှန်းပါတယ်။ **Cargo လုပ်ငန်းစဉ်ဆောင်ရွက်နိုင်မှု မြင့်မားလာခြင်းက မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ကြီးမားတဲ့ အထောက်အပံ့ဖြစ်စေပါတယ်။** ဒီအနေအထားရဲ့ ကြီးမားတဲ့ အကျိုးဆက်ကိုရရှိလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

**မေး။ ။ ရန်ကုန်နဲ့ မန္တလေးမြို့ရဲ့ ရေအရင်းအမြစ်ဖွံ့ဖြိုးမှုလုပ်ငန်းတွေမှာ ဂျပန်အစိုးရက ကူညီအကောင်အထည်ဖော်သွားမယ်လို့လည်း သိရပါတယ်။ ဒါနဲ့ ပတ်သက်ပြီးလည်း သိပါရစေရှင့်။**

ဖြေ။ ။ ရန်ကုန်မြို့ရဲ့ ရေပေးဝေရေးစနစ်မှာပါဝင်တဲ့ စက်ရုံတွေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့ ဒီအစီအစဉ်က ရည်ရွယ်ပါတယ်။ ဒါတွေက ပျက်စီးယိုယွင်းမှုတွေကြောင့် လုံလောက်ပြီး အန္တရာယ်ကင်းတဲ့ ရေရရှိအောင် လတ်တလောမှာ မထောက်ပံ့နိုင်ပါဘူး။ ယိုစိမ့်မှုကြောင့် လေလွင့်ဆုံးရှုံးတဲ့ ရေပမာဏလျှော့ချဖို့၊ ရေသုံးစွဲမှုကျသင့်ငွေကောက်ခံတဲ့စနစ်နဲ့ ရေပေးဝေရေးစီမံခန့်ခွဲမှုစနစ်တွေ ဖွံ့ဖြိုးတိုးတက်စေဖို့ ကျွန်တော်တို့ ရည်ရွယ်ထားပါတယ်။

ဒီအစီအစဉ်က မန္တလေးမြို့ရဲ့ ရေပေးဝေရေးစနစ် အသုံးပြုနှုန်းတွေနည်းပါးတဲ့ ပြည်ကြီးတံခွန်မြို့နယ်မှာ အန္တရာယ်ကင်းတဲ့ ဘုံပိုင်ရေလိုအပ်ချက်နဲ့ ရေလိုအပ်မှုမြင့်မားနေတာတွေကို ရေပေးဝေရေးနဲ့ ကလိုရင်းခတ်တဲ့ စက်ပိုင်းဆိုင်ရာ တပ်ဆင်မှုတွေဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ဂျပန်အစိုးရက ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်တွေ ရှိရင်လည်း သိပါရစေရှင့်။**

ဖြေ။ ။ မြန်မာနိုင်ငံက ဂျပန်နိုင်ငံရဲ့ မိတ်ရင်းဆွေရင်း ဖြစ်ပါတယ်။ ဂျပန်နိုင်ငံကိုလည်း မြန်မာနိုင်ငံရဲ့ မိတ်ဆွေရင်းဖြစ်စေဖို့ မျှော်လင့်ပါတယ်။ အခုအချိန်က မြန်မာနိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေအတွက် အရေးကြီးတဲ့အချိန် ဖြစ်ပါတယ်။ **မြန်မာနိုင်ငံ တည်ဆောက်ရေးနဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို မြန်မာပြည်သူ ပြည်သားတွေနဲ့ ကောင်းကောင်းမွန်မွန် ညှိနှိုင်းတိုင်ပင်ရင်း ဂျပန်နိုင်ငံက အပြည့်အဝဆက်လက်ကူညီထောက်ပံ့သွားမှာ ဖြစ်ပါတယ်။**

**မေး။ ။ ဂျပန်အစိုးရရဲ့ မြန်မာ့ဖွံ့ဖြိုးရေးဆောင်ရွက်မှုတွေမှာ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုကိုလည်းသိပါရစေ။**

ဖြေ။ ။ ဂျပန်နိုင်ငံရဲ့ အကူအညီတွေကို မြန်မာနိုင်ငံအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ရုံတင်မကဘဲ အစိုးရမဟုတ်တဲ့ ပြည်တွင်းအဖွဲ့အစည်းတွေနဲ့ အခြေခံလူတန်းစားတွေအတွက် ကျောင်းနဲ့ကျန်းမာရေးဌာနတည်ဆောက်မှုတွေမှာ မြန်မာလူထုနဲ့ပါ ပူးပေါင်းဆောင်ရွက်နေပါတယ်။ နောက်ပြီး နယ်စပ်ဒေသတွေနဲ့ IDPs အတွက် အကူအညီပေးရေးလုပ်ငန်းတွေမှာ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။

**မေး။ ။ ဂျပန်-မြန်မာ ဆက်ဆံရေးမှာ ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီး နောက်ထပ်ပြောကြားလိုတာရှိရင် သိပါရစေရှင့်။**

ဖြေ။ ။ ဂျပန်-မြန်မာ ဆက်ဆံရေးကို နှစ်ပေါင်းများစွာ ခိုင်မာအောင်တည်ဆောက်ထားပြီး ပြီးခဲ့တဲ့ နှစ်က နှစ်(၆၀) ပြည့်အဖြစ် ကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ **ဂျပန်-မြန်မာ ဆက်ဆံရေးပိုမိုခိုင်မာဖို့နဲ့ နောင်လာမယ့် နှစ်ပေါင်း ၆၀ မှာလည်း မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေးကို ဂျပန်နိုင်ငံက ဘယ်လို ဆက်လက်ကူညီမယ်ဆိုတဲ့ ရှုထောင့်ကနေ သစ္စာရှိရှိ ဆက်လက်ကူညီပံ့ပိုးသွားနိုင်ဖို့ စဉ်းစားထားပါတယ်။** မြန်မာပြည်သူအားလုံး ထူးခြားတဲ့ နှစ်သစ်ကာလကို ရရှိပါစေကြောင်းလည်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**(အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင့်)**



## သီပေါ၌ လေပြင်းတိုက်ခတ် ဓာတ်တိုင်၊ ကြော်ငြာဆိုင်းဘုတ်များ ကျိုးကျ

**သီပေါ မေ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့တွင် မေ ၂၁ ရက် ညနေ ၃ နာရီခွဲက မိုးသက်လေပြင်းတိုက်ခတ်ကာ မြို့တွင်းရှိ သစ်ပင်ကြီးအချို့ကျိုးကျခြင်းကြောင့် လူအသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှုမရှိသော်လည်း မန္တလေး-လားရှိုးပြည်ထောင်စုလမ်းမ ဒုဋ္ဌဝတီမြစ်ကူးတံတားကြီးအနီးရှိ ကြော်ငြာဆိုင်းဘုတ်များ ပြိုလဲခြင်း၊ တိန်းချေ တိန်းစံကျေးရွာအုပ်စု ရွာသစ်ရွာမှ ဓာတ်တိုင်နှစ်တိုင်ကျိုးကျခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုနှင့်အတူ မိုးသီးများကျရောက်ခဲ့ပြီး တောင်မြို့နှင့် ရွှေကျောင်းရပ်ကွက်များရှိ လူနေအိမ်အချို့ သွပ်ပြားများလန်ကာ ပျက်စီးသွားသည်။ ရွာသစ်ကျေးရွာမှ ဒေသခံပြည်သူများ လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် လျှပ်စစ်ဝန်ထမ်းများက ဓာတ်တိုင်များပြန်လည်စိုက်ထူခြင်း၊ လျှပ်စစ်ကြိုးများပြန်လည်သွယ်တန်းခြင်း လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဘက်စုံပညာထူးချွန်လူငယ်များ ငွေဆောင်အပန်းဖြေစခန်းသို့ သွားရောက်ရန် မန္တလေးဘူတာကြီးမှ ထွက်ခွာ



**မန္တလေး မေ ၂၃**

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် အထက်မြန်မာပြည်မှ စိစစ်ရွေးချယ်ထားသည့် ဒသမတန်းဘက်စုံပညာထူးချွန်လူငယ်များ ငွေဆောင်အပန်းဖြေစခန်းသို့ သွားရောက်ရန်အတွက် မေ ၂၃ ရက်တွင် မန္တလေးဘူတာကြီးမှ ညနေ ၃ နာရီ ရထားဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဘက်စုံပညာထူးချွန်လူငယ်အဖွဲ့တွင် အထက်မြန်မာပြည် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ရွေးချယ်ထားသည့် ကျောင်းသား ၅၀ နှင့်ကျောင်းသူ ၅၀ စုစုပေါင်း ၁၀၀ ပါဝင်၍ ကြီးကြပ်သူများအဖြစ် ဆရာကိုးဦးနှင့် ဆရာမကိုးဦးတို့လည်း လိုက်ပါသွားခဲ့ကြပြီး ရန်ကုန်မြို့ရှိ အောက်မြန်မာပြည်မှ ရွေးချယ်ထားသည့် ဒသမတန်းဘက်စုံပညာထူးချွန်လူငယ်များနှင့် ပူးပေါင်းကာ မေ ၂၅ ရက်မှ မေ၅ ရက်အထိ ဒသမတန်းဘက်စုံပညာထူးချွန်လူငယ်များအတွက် ဖွင့်လှစ်မည့် ငွေဆောင်အပန်းဖြေစခန်းသို့ စခန်းဝင်သွားရောက်ကြမည်ဖြစ်သည်။

၁၉၆၄ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့သည့် လူရည်ချွန်စီမံကိန်းအစီအစဉ်ကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ဘက်စုံပညာထူးချွန်လူငယ်အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းတို့မှ ဘက်စုံပညာထူးချွန်လူငယ် ၅၂၈ ဦးတို့အား စိစစ်ရွေးချယ်ထားပြီး ဖြစ်သည်။ အဋ္ဌမတန်းဘက်စုံပညာထူးချွန်လူငယ်များအတွက် ပုဂံအပန်းဖြေစခန်း၊ နဝမတန်းဘက်စုံပညာထူးချွန်လူငယ်များအတွက် အင်းလေး အပန်းဖြေစခန်းနှင့် ဒသမတန်းဘက်စုံပညာထူးချွန်လူငယ်များအတွက် ငွေဆောင်အပန်းဖြေစခန်းတို့ကို မေ ၂၅ ရက်မှ မေ ၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး စခန်းဝင်စဉ် ကာလအတွင်း ကင်းထောက်သင်တန်း၊ လူရည်ချွန်ဟောင်းများနှင့် တွေ့ဆုံမေးမြန်းခြင်းနှင့် လေ့လာရေးခရီးစဉ်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အောင်ရဲသွင်)**



ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)အုပ်ချုပ်ရေးအဖွဲ့က US$ ၃၁၆၅၅ တန်ဖိုးရှိအစာအိမ်နှင့် အူလမ်းကြောင်း စစ်ဆေးသည့်စက်ကို သဃ်န်းကျွန်းစံပြဆေးရုံကြီးသို့ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဇေယျ လက်ခံယူစဉ်။ (ကြေးမုံ)



# ညောင်တုန်းမြို့၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေစာရင်းများ မှန်ကန်မှုရှိစေရေး အခြေခံမဲစာရင်းများပြုစုဆောင်ရွက်

**ညောင်တုန်း မေ ၂၃**

၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်နှင့် နိုဝင်ဘာလဆန်းတွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြိုလုပ်ငန်းများဖြစ်သည့် မဲဆန္ဒရှင်ပြည်သူစာရင်းများ တိကျမှန်ကန်မှုရှိစေရေးအတွက် ကွန်ပျူတာဖြင့် အခြေခံမဲစာရင်းပြုစုထိန်းသိမ်းထည့်သွင်းခြင်း လုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးတွင် မတ်လမှစတင်၍ ကွန်ပျူတာဖြင့် မဲစာရင်းထည့်သွင်းရာ မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၅ အုပ်စုတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ၁၄၂၀၅၀ ခန့်အားအမြန်ဆုံး ရေးသွင်းပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မေ ၂၂ ရက်အထိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၀၅၀၀ အား စာရင်းပြုစုရေးသွင်းပြီးဖြစ်သည်။ ကွန်ပျူတာဖြင့် မဲဆန္ဒရှင်စာရင်း ပြုစုထည့်သွင်းခြင်းလုပ်ငန်းများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဖိုးလစ်သောင်းရွှေနှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဒေါ်သန်းသန်းစိုး ဦးဆောင်ကာ ကွန်ပျူတာ ၁၅ လုံး၊ ဌာနဆိုင်ရာများမှ ကွန်ပျူတာကျွမ်းကျင်သူ ၁၁ ဦး၊ ပညာရေးဌာနမှ ကွန်ပျူတာကျွမ်းကျင် ဆရာ ဆရာမ ၁၀ ဦးဖြင့် မဲစာရင်း ရေးသွင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာ ရပ်ကွက်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများက မဲစာရင်းများတူညီဖတ်ကြားပေးကြသည်။ ကွန်ပျူတာဖြင့် အခြေခံမဲစာရင်းပြုစုရေးသွင်းခြင်းလုပ်ငန်းများကို မေ ၁၆ ရက် နောက်ဆုံးထားအပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကရင်ပြည်နယ်အတွင်း၌ အောက်ဖော်ပြပါ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | မြေလမ်း | (၄၃/၄)မိုင် |
| (ခ) | ကျောက်လမ်း | (၁၄/၄. ၃)မိုင် |
| (ဂ) | ကတ္တရာလမ်း | (၁/၂. ၅)မိုင် |
| (ဃ) | ကွန်ကရစ်တံတား | (၃၄၆)ပေ |
| (င) | ကွန်ကရစ်ရေပြွန်/Box Culvert | (၁၃)ခု |
| (စ) | သောက်သုံးရေသွယ်ယူခြင်း | (၂၂/၃)မိုင် |
| (ဆ) | ရေတားတမံ | (၂)ခု |
| (ဇ) | ဆိုလာမီးတပ်ဆင်ခြင်း | (၆၇၇၀)စုံ |

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနက သတ်မှတ်ထားသော လုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်၍ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် Profile တင်ပြရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့်စည်းကမ်းချက်များကို ၂၄-၄-၂၀၁၅ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ကရင်ပြည်နယ် ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(နတလ)ရုံး ဘားအံမြို့တွင် ရောင်းချမည်ဖြစ်ပြီး ၂၂-၅-၂၀၁၅ရက်နေ့ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန်နှင့် တင်ဒါဖွင့်လှစ်မည့်ရက်ကို တင်ဒါတင်သွင်းသူများထံ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို အထက်ပါရုံး၌ လည်းကောင်း၊ ဖုန်း ၀၅၈-၂၁၁၆၂သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**

# (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စောင်းအတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

**(ယမန်နေ့မှ အဆက်)**

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | တောတောင်စွယ် | (ယိုးဒယား) |
| (ခ) | ယမုံနာ | (ပတ်ပျိုး) |
| (ဂ) | စုံသာမြိုင်လယ် | (သီချင်းခံ) |
| (ဃ) | စိန်ခြယ်ခြူးသန်း | (ပတ်ပျိုး) |
| (င) | ရွှေတညာ | (ယိုးဒယား) |
| (စ) | ဇမ္ဗူကျွန်းလုံး | (သီချင်းခံ) |
| (ဆ) | သောင်းကျေးဒီပါဝွေ | (မွန်) |
| (ဇ) | ဘုန်းမျှားမျှားမင်း | (ပတ်ပျိုး) |

**၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်( အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | ခါနွေဆန်း | (ယိုးဒယား) |
| (ခ) | ညှင်းလေကသွေး | (ပတ်ပျိုး) |
| (ဂ) | ဥကင်ဘုံမြင့် | (ဘွဲ့) |

**၃။ အဆင့်မြင့် ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | နန်းသီဟိုဠ် | (ယိုးဒယား) |
| (ခ) | ရွှန်းရွှန်းမြ | (သီချင်းခံ) |
| (ဂ) | ဇေယျာအောင်ချာ | (ကြိုး) |

**၄။ အခြေခံပညာ (၁၅-၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | သီတာသီတာရောကြီး | (ကြိုး) |
| (ခ) | ဝိဇ္ဇာတောလား | (ယိုးဒယား) |
| (ဂ) | ရန်တကာအောင် | (ဘွဲ့) |

**၅။ အခြေခံပညာ (၁၀-၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | မြမန်းဂီရိ | (ယိုးဒယား) |
| (ခ) | မင်္ဂလာသီရိ | (ဘွဲ့) |
| (ဂ) | မှိုင်းရိပ်ကယ်တည့် | (ကြိုး) |

# (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စန္ဒရား အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

**၁။ ဝါသနာရှင် (ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | တောတောင်စွယ် | (ယိုးဒယား) |
| (ခ) | တောမြိုင်စွန်း | (ယိုးဒယား) |
| (ဂ) | သေနင်္ဂမည် | (ပတ်ပျိုး) |
| (ဃ) | ဒီပါအေးမြ | (ပတ်ပျိုး) |
| (င) | မန်းတောင်လက်ယာ | (ယိုးဒယား) |
| (စ) | စိန်ကြယ်ညီးလင်း | (မွန်) |
| (ဆ) | ကောင်းချီးသဒ္ဒါ | (မွန်) |
| (ဇ) | ဇမ္ဗူကျွန်းလုံး | (သီချင်းခံ) |

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | မြိုင်ဂန္ဓမာ | (ယိုးဒယား) |
| (ခ) | ပိတောက်လမ်း | (ကာလပေါ်) (မာမာအေး) (Original Key;D) |
| (ဂ) | ယမုံနာ | (ပတ်ပျိုး) |

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | ရွှေပြည်တော်သည် | (ပတ်ပျိုး) |
| (ခ) | တစ်ဆောင်းသစ်ပြန်ပြီ | (ကိုသန်းလှိုင်) (Key-G) |
| (ဂ) | အတိုင်းမသိ | (ဘွဲ့) |

**၄။ အခြေခံပညာ (၁၅-၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | ညဥ့်သုံးယံ | (ပတ်ပျိုး) |
| (ခ) | တမာလမ်း | (ကာလပေါ်) (ချိုပြုံး) (Key-$E^b$) Original |
| (ဂ) | ဆန်းဆန်းသဉ္ဇာကြာညောင် | (ယိုးဒယား) |

**၅။ အခြေခံပညာ(၁၀-၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | မင်္ဂလာသီရိ | (ဘွဲ့) |
| (ခ) | သောင်းသောင်းညံ | (ယိုးဒယား) |
| (ဂ) | တောသူအချစ် | (ကာလပေါ်) (ပန်တျာတင်တင်မြင့်) |

**(ဆက်လက်ဖော်ပြပါမည်။)**

# ဂျော်နီဒပ်၏ Pirates of the Caribbean 5 မှ ပထမဦးဆုံး ဓာတ်ပုံဖော်ပြ



နာမည်ကြီး ပင်လယ်ဓားပြကြီး ဂျက်စပဲရိုးအကြောင်း ရိုက်ကူးထားသည့် ဇာတ်လမ်းများ အနက် နောက်ဆုံးရိုက်ကူးခဲ့သည့် Pirates of the Caribbean 5 ရုပ်ရှင်မှ ပထမဦးဆုံးဓာတ်ပုံကို အဆိုပါ ရုပ်ရှင်ထုတ်လုပ်သူ ဂျယ်ရီ ဘရော့ခိုင်မာက ပြီးခဲ့သည့် အင်္ဂါနေ့တွင် သူ၏ တွစ်တာပေါ်၌ ဖော်ပြခဲ့သည်။

အဆိုပါဓာတ်ပုံတွင် ပင်လယ်ဓားပြကြီး ဂျက်စပဲရိုးအဖြစ် သရုပ်ဆောင်ခဲ့သော ပြင်သစ် မင်းသား ဂျော်နီဒပ်သည် သူ၏ပင်လယ်ဓားပြဝတ်စုံကို ဝတ်ဆင်ထားပြီး သူ့အားတိုင်တွင် ကြိုးများဖြင့် တုပ်နှောင်နေကြပုံ ဖြစ်သည်။

ဩစတြေးလျတွင် ရိုက်ကူးခဲ့သော အဆိုပါ ရုပ်ရှင်သည် မင်းသားဂျော်နီဒပ် လက်ထိခိုက် ဒဏ်ရာရရှိခဲ့၍ အမေရိကန်သို့ခွဲစိတ်ကုသမှုခံယူရန် ထွက်ခွာခဲ့ပြီးနောက် ရိုက်ကူးရေးလုပ်ငန်း များကို မတ်လအတွင်း ခေတ္တရပ်ဆိုင်းထားခဲ့ရသည်။ အဆိုပါရုပ်ရှင်ကို တွဲဖက်ဒါရိုက်တာများ ဖြစ်သော ရော့ကမ်ရိုးနင်းနှင့် အက်စ်ပန်ဆန်းဘာ့ချ်တို့က ရိုက်ကူးပေးကာ အော်လန်ဒိုဘလွန်း၊ ဂျော့ဖရီရက်ရှ်၊ ဂျာဗီးယားဘာဒန်၊ ကာရာခကိုဒီလာရီရိုနှင့် ဘရန်ဒန်ဝေ့သ်စ်တို့က ပါဝင်သရုပ်ဆောင် ထားကာ ၂၀၁၇ ခုနှစ် ဇူလိုင် ၇ ရက်တွင် ရုံတင်ပြသသွားမည်ဖြစ်သည်။

ယင်းပင်လယ်ဓားပြဇာတ်လမ်းများအနက် ၂၀၁၁ ခုနှစ်က နောက်ဆုံးရုံတင်ပြသခဲ့သည့် ဒါရိုက်တာ ရော့မာရှဲလ်၏ Pirates of the Caribbean: On Stranger Tides သည် ကမ္ဘာတစ်ဝန်း ဝင်ငွေ အမေရိကန် ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံရရှိခဲ့သည်။

**(ခင်ခင်သက်)**

# X-man အား ဂေးတစ်ယောက်အဖြစ်ပုံဖော်ခဲ့သူစာရေးဆရာကို ကောမစ် ပရိသတ်က ဝေဖန်စွပ်စွဲ

X-man၏ ဇာတ်ကောင်တစ်ဦးဖြစ်သော Ice-Man သည် ၁၉၆၃ ခုနှစ်ဝန်းကျင်ကတည်းက ပေါ်ထွက်လာသော ကောမစ်ဇာတ်ကောင်တစ်ဦး ဖြစ်သော်လည်း ယခုအခါစာရေးဆရာက ဂေး တစ်ဦးအဖြစ် ပုံဖော်ခဲ့ရာ ကောမစ်ပရိသတ်များက စိတ်ဆိုးဒေါသထွက်ကာ စာရေးဆရာမိုက်ကယ် ဘန်းဒစ်စ်အား လိင်တူချင်းစိတ်ဝင်စားသူ တစ်ယောက်အဖြစ်စွပ်စွဲခဲ့သည်။

မိုက်ကယ်ဘန်းဒစ်စ်က ထိုကဲ့သို့စွပ်စွဲမှုများ အပေါ် အံ့ဩမှင်တက်မိပြီး သူ၏ဇာတ်ကောင်အား တခြားသူများကဲ့သို့ပင် ဖြစ်လေ့ဖြစ်ထရှိသော အကြောင်းအရာတစ်ရပ်ဖြစ်တတ်သည်ကိုသာ တင်ပြလိုခြင်းဖြစ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။ နောက်ဆုံးထွက်ရှိခဲ့သော ဇာတ်ကောင်များအားလုံး တွင် Ice-Man သည်ဆယ်ကျော်သက်ဇာတ်ကောင် တစ်ဦးဖြစ်ကာ အနာဂတ်၌ X-Man အဖွဲ့က ပဋိပက္ခကိုဖြေရှင်းရာတွင် ဝိုင်းဝန်းကူညီသွားမည့် သူတစ်ဦးအဖြစ် ပုံဖော်ထားခြင်းဖြစ်သည်။

သို့သော်ကောမစ်ပရိသတ်များက Ice-Man ကို ဂေးအဖြစ်ပုံဖော်ထားသည်ကိုမနှစ်သက်ဘဲ ၎င်းအားအမျိုးသားဟုပင် ထင်မှတ်၍မရဘဲ အမျိုးသမီးတစ်ယောက်အဖြစ်သာ ရုပ်လုံးပေါ်နေ သည်ဟု ဝေဖန်ခဲ့ကြသည်။

စာရေးဆရာမိုက်ကယ်ဘန်းဒစ်စ်က " Ice-Man ကို ဆယ်စုနှစ်တော်တော်များများသူရဲကောင်း



တစ်ဦးအဖြစ် အသက်သွင်းထားတော့ အခုဇာတ် လမ်းမှာပုဂ္ဂိုလ်ရေးရာကိစ္စရပ်တွေမှာ ဖြစ်တတ်တဲ့ သဘာဝတစ်ခုကိုသာ တင်ပြခဲ့တာပါ။ ဒါကို ကျွန်တော်က အနုတ်လက္ခဏာဆန်ဆန်ပုံဖော်ခဲ့တာ မဟုတ်သလို ပရိသတ်တွေစိတ်ဆိုးဒေါသဖြစ်ရ အောင်၊ တွေဝေရအောင်ဖန်တီးခဲ့တာမျိုးမဟုတ်ပါ ဘူး။အခုတော့ ကျွန်တော့်ရည်ရွယ်ချက်နဲ့ ပရိသတ် ဆန္ဒကတခြားစီဖြစ်သွားခဲ့သလိုပါပဲ။ ဒါပေမယ့် လည်း တစ်ခုတွေးရမှာက ဒါကို ထောင်နဲ့ချီတဲ့အရေ အတွက်လောက်ကပဲမနှစ်မြို့ကြတာဖြစ်ပြီး သန်းနဲ့ ချီတဲ့ပမာဏကမှ မဟုတ်တာ" ဟု ဆိုသည်။

မာဗယ်လ်သည်ကောမစ်ဇာတ်ကောင်များစွာ ကို အမျိုးမျိုးသောပုံစံများဖြင့်တင်ဆက်လာခဲ့ရာ ၂၀၁၂ ၌ ဂေးဇာတ်ကောင်နော့စတားအနေဖြင့် သူ၏ကာလကြာရှည်စွာလက်တွဲခဲ့သော အမျိုးသား မိတ်ဆွေနှင့် လက်ထပ်ခဲ့သည်ကို ပထမဆုံးအနေဖြင့် ပုံဖော်သွားမည်ဟု ကြေညာခဲ့သည်။ ယင်းကို X-Man ပရိသတ်များကလက်မခံနိုင်ဘဲ တွစ်တာမှ တစ်ဆင့် ၎င်းတို့အနေဖြင့် ထိုသို့သောပုံစံကို မနှစ်သက်၍ အခြားပုံသဏ္ဌာန်ဖြင့် ပြောင်းလဲတင်ဆက် ပေးရန် ရေးသားပေးပို့ခဲ့ကြသည်။ **(မေလှဲ့သင်း)**

## နာမည်ကျော် ကေပေါ့စတားမောင်နှမနှစ်ဦး W Korea မဂ္ဂဇင်းအတွက် ဓာတ်ပုံရိုက်ကူး

ကိုရီးယား၏ကျော်ကြားသော ကေပေါ့အနုပညာမောင်နှမနှစ်ဦးဖြစ်သည့် 2NE1 အဖွဲ့မှ ဒါရာနှင့် သန်ဒါတို့ နှစ်ဦးသည် ဖက်ရှင်မဂ္ဂဇင်း W Korea အတွက် ဓာတ်ပုံများရိုက်ကူးပေးခဲ့သည်။ ထိုသို့ရိုက်ကူးရာတွင် ၎င်းတို့ နှစ်ဦးစလုံးသည် ပြင်သစ်အမှတ်တံဆိပ် "The Koopless"၏ အဝတ်အစားများကို ဝတ်ဆင်ရိုက်ကူးပေးခဲ့ကြ သည်။

ယခုလတ်တလောတွင် သန်ဒါသည် Make a Woman Cry ဒရာမာဇာတ်ကားကို ရိုက်ကူးလျက်ရှိပြီး သူ၏ ဆိုလို တေးဂီတခွေထုတ်လုပ်ဖြန့်ချိနိုင်ရန်လည်း ပြင်ဆင်နေသည်။ ဒါရာကမူ WINNER အဖွဲ့မှ ကန်ဆောင်ယွန်းနှင့် တွဲဖက်၍ We Broke Up ဇာတ်ကားကို ရိုက်ကူးမည်ဖြစ်သည်။ **(ခင်ခင်သက်)**

# People ၏ ၂၀၁၅ ကမ္ဘာ့အလှပဆုံးအမျိုးသမီးအဖြစ် ဆန်ဒရာဘူးလော့ ရွေးချယ်ခံရ

People မဂ္ဂဇင်းက ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ၁၅ နှစ်တိုင်အောင် ကမ္ဘာ့အလှပဆုံး အမျိုးသမီးအဖြစ် မည်သူ့ကိုမျှမရွေးချယ်ခဲ့ဘဲ ၂၀၁၅ တွင် အသက်(၅၀)အရွယ်ရှိ ဆန်ဒရာဘူးလော့ အား ကမ္ဘာ့အလှပဆုံး အမျိုးသမီးအဖြစ်ဖော်ပြခဲ့သည်။ ၂၀၀၀ ပြည့်နှစ်၌ ဂျူလီယာရောဘတ် အား ကမ္ဘာ့အလှပဆုံးနံပါတ်(၁) အဖြစ်ရွေးချယ်ကာ မျက်နှာဖုံးရှင်အဖြစ် တင်ဆက်ခဲ့သည်။

ဘူးလော့သည် လောလောဆယ်ရေပန်းစားနေသော ကိတ်အက်ပ်ဆန်နှင့် ကင်မ်ကာ ဒက်ရှီယွန်တို့အား ကျော်လွန်ကာရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

ဘူးလော့က "အလှစစ်ဆိုတာအဓိပ္ပာယ်ဖွင့်ဆိုရရင် စိတ်ချမ်းသာမှုလို့ ခေါ်မလားပဲ။ ကျွန်မက မိခင်ကောင်းတစ်ယောက် အစားအသောက်ကိုအချိန်မှန်စားပြီး အလုပ်ကောင်းကောင်းရှိထားတဲ့ အမျိုးသမီးတစ်ယောက်ပါ။ အရာအားလုံးကိုရိုးရိုးရှင်းရှင်းပဲကြည့်တတ်ရင် စိတ်ကိုမနာကျင်စေတဲ့ အတွက် ပိုပြီးလှပလာတတ်တာကို ကျွန်မသိရှိထားတယ်လေ။ ရှင်ကကျွန်မကိုမေးတယ်နော် ကျွန်မ မျက်နှာမှာ ပါးရေအနည်းငယ်တွန့်နေတယ်လို့ ဒါကကျွန်မက အရမ်းအရယ်သန်တော့ တချို့နေရာတွေမှာ အရေးအကြောင်းတွေရှိနေပါတယ်။ ဒါပေမယ့် ပျော်တတ်တဲ့သူက ဘယ်တော့မှအိုမင်းမသွားတတ်ဘူး။ ပျော်ပျော်ရွှင်ရွှင်ဘဝကို ဖြတ်သန်းရတာကိုကောင်းပါတယ်" ဟု လှပမှု၏ လျှို့ဝှက်ချက်အား ထုတ်ဖော်ပြောကြားခဲ့သည်။ **(မေလှဲ့သင်း)**




## ရုပ်မြင်သံကြားအစီအစဉ်
### ၂၄-၄-၂၀၁၅ (သောကြာနေ့)

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၅ မေတ္တာပို့
- ၆း၂၅ ဓမ္မပူဇာတေး
- ၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၅ မျိုးချစ်တပ်မတော်
- ၆း၅၀ မှတ်တမ်း
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၇း၂၀ သင့်အတွက်တစ်နေ့တာ
- ၈း၂၅ DVD Hits
- ၈း၃၅ အင်္ဂလိပ်စာသုတ
- ၈း၃၅ မြဝတီနေ့စဉ်သတင်း
- ၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
- ၁၁း၀၀ English For Myanmar
- ၁၁း၀၈ မျိုးချစ်တပ်မတော်
- ၁၁း၁၅ တစ်ပတ်အတွင်း ပြည်တွင်းသတင်း
- ၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တစ်နေ့နေ့တော့"
- ၁၃း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "စက်ရုပ်ချစ်သူ"အပိုင်း(၁၁)
- ၄း၅၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၁၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဂါလီမာ"အပိုင်း(၁၉)
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၀၅ အမျိုးသားရေးတေးကဗျာ
- ၆း၁၀ ဘဝကြေးမုံ
- ၆း၃၅ လူစွန့်စားခရီးသွားနေသည်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပန်းခူးသူဆူးစူးပါစေ" အပိုင်း(၃၄)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
  - -အမျိုးသားရေးတေးကဗျာ
  - -နိုင်ငံတကာသတင်း
  - -မိုးလေဝသသတင်း
  - -VOA အင်္ဂလိပ်စာသင်ခန်းစာ
  - -ပဟေဠိနန်းတော်
  - -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာဖွဲ့ကြိုး" အပိုင်း(၄၀)

### MRTV-4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ အာရွှာနာဠိယသုတ်
- ၅း၄၀ "လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏ကြိုးပမ်းချက်" (အပိုင်း-၇၂) တရားတော် (ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ)
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၉၁)
- ၈း၀၀ Cartoon Series (Go Go Giggles)
- ၈း၄၀ ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ
- ၉း၀၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၄၇)
- ၉း၄၅ အနုပညာမိုးကောင်းကင်
- ၁၀း၀၅ ခေတ်သစ်ပျိုမေ
- ၁၁း၃၅ MRTV-4 Stage
- ၁၂း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၁၂၇)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၁၇)
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၉၂)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၁၈)
- ၈း၁၅ ရသစုံညွှန်းတမ်းများ
- ၈း၃၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၄၈)
- ၁၀း၂၀ Movie Talk [ကလေးသရုပ်ဆောင်များ အကြောင်း(အပိုင်း-၁၅)]
- ၂း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၁၂၈)
- ၄း၀၅ World of Knowledge (CIA Drone War)

### MYANMAR INTERNATIONAL
### Programme Schedule (24-4-2015) (Friday)

- History Of Myauk U Pagoda
- Products Of Myanmar - Shin Ma Taung Thanakhar
- Photographer
- A Day In Bagan
- Black Gold (P- II)
- Rakhine Traditional Wedding Ceremony
- A Worth Studying Site For Ancient Myanmar Heritages
- India-Myanmar Bilateral Ties
- "Myanmar's Traditions and Culture" Myanmar's Secret Beautifier
- Sons of the Lake
- Today Myanmar (Seafood Export)
- Lisu: Their Life and Customs (Part- I)
- Entrepreneur "U Nyan Lin"
- Entrepreneur: Chaw Khin Khin
- Welcome to the Southernmost Part of Myanmar
- MONASTERY (Bargayar Kyaung)
- Shots & Logs (Ep-2)
- Grow Back for Posterity "The dawn of development"
- Products Of Myanmar - Pottery Business
- Ngapali Beach: Fishing Villages
- Amazing May Phoo Han
- The World's Largest Book
- Culture Show: Theatrical Make Up

# ပရီမီယာလိဂ်ရင်ခုန်သံ-၃၄

**ပရီမီယာလိဂ်ပွဲစဉ် (၃၃)မှာ မန်ယူနဲ့ဆောက်သမ်တန်တို့ ရှုံးပွဲကြုံခဲ့ကြတယ်။ အဲဒီအတွက် မန်ယူက ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရဖို့နဲ့ ပြီးတော့ ဆောက်သမ်တန်က ဥရောပဝင်ခွင့်ရဖို့ မသေမချာဖြစ်သွားတယ်။ ဒါကြောင့် မေ ၂၅၊ ၂၆ ရက်တွေမှာ ကစားမယ့် ပွဲစဉ်(၃၄)မှာ ဒီအသင်းတွေနိုင်ပွဲပြန်လည်ရရှိမလားဆိုတာ စောင့်ကြည့်ရမယ်။**

**ဆောက်သမ်တန်-စပါး** ည ၆း၁၅(၂၅-၄-၁၅)

ဥရောပဝင်ခွင့်အတွက် အရေးပါတဲ့ပွဲဖြစ်တယ်။ ဒါကြောင့် နှစ်သင်းစလုံးခြေကုန်ထုတ်ကြဖို့ရှိပြီး လက်ရှိအချိန်မှာတော့ ဆောက်သမ်တန်က ခြေစွမ်းပိုင်းမတည်ငြိမ်ဘူး။ ဒါပေမယ့် စပါးကလည်း အခုနောက်ပိုင်း အဝေးကွင်းစွမ်းဆောင်ရည် မတည်ငြိမ်တာတွေ့ရတယ်။ သွင်းဂိုးအနည်းနဲ့ သရေကျသွားမယ်လို့ မြင်တယ်။

**ဘန်လေ-လက်စတာ** ည ၈း၃၀(၂၅-၄-၁၅)

ဒီပွဲက တန်းမဆင်းရေး အရေးပါတဲ့ပွဲပါ။ အထူးသဖြင့် ဟားလ်နဲ့ တန်းမဆင်းရဖို့ အားပြိုင်နေရတဲ့ လက်စတာက ဒီပွဲမှာ အနိုင်ရဖို့အတွက် ခြေကုန်ထုတ်လာမှာ သေချာပါတယ်။ လက်ရှိ လက်စတာရဲ့ရှန်းအားကလည်း ကောင်းမွန်နေတာကြောင့် ဘန်လေကို ဖိအားပေးသွားနိုင်မှာပါ။ လက်စတာကပ်ပြီး အနိုင်ရသွားနိုင်ပါတယ်။

**ပဲလေ့စ်-ဟားလ်** ည ၈း၃၀(၂၅-၄-၁၅)

ဟားလ်ဟာ တန်းမဆင်းရဖို့အတွက် အာမခံချက်လုံးဝမရှိသေးတာကြောင့် အမှားအယွင်းအဖြစ်ခံမှာမဟုတ်ဘဲ ခြေကုန်ထုတ်မှာ သေချာပါတယ်။ ဒါပေမယ့် ပဲလေ့စ်ကလည်း ဝက်စ်ဘရွန်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်ရဖို့ အိမ်ကွင်းမှာ အားစိုက်လာဖို့ရှိပါတယ်။ ပဲလေ့စ်ကို ကပ်ပြီးနိုင်ပွဲရသွားဖို့ရှိပါတယ်။

**ကာဆယ်-ဆွမ်ဆီး** ည ၈း၃၀(၂၅-၄-၁၅)

ကာဆယ်ရဲ့ လက်ရှိခြေစွမ်းက အားနည်းလွန်းပါတယ်။ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေပြီး တိုက်စစ်ကစားပုံ အားနည်းပါတယ်။ ဆွမ်ဆီးကတော့ နောက်ဆုံးပွဲစဉ်မှာ လက်စတာကိုရှုံးခဲ့လို့ နိုင်ပွဲပြန်ရအောင် အားစိုက်လာဖို့ရှိသလို ခြေစွမ်းပိုင်းအရလည်း ကာဆယ်ထက် ပိုကောင်းပါတယ်။ ကာဆယ်သရေထက်မပိုနိုင်ပါဘူး။

**ကျူပီအာ-ဝက်စ်ဟမ်း** ည ၈း၃၀(၂၅-၄-၁၅)

ကျူပီအာက တန်းမဆင်းရဖို့ ပွဲတိုင်းမှာ အားစိုက်ကစားနေပေမယ့် အသင်းလိုက်စွမ်းဆောင်ရည်က အားနည်းလွန်းပါတယ်။ ဒါပေမယ့် အခုအချိန်မှာ ဝက်စ်ဟမ်းရဲ့ခြေကလည်း မတည်ငြိမ်သလို အဝေးကွင်းစွမ်းဆောင်ရည်လည်း အားနည်းတတ်ပါတယ်။ ဒါကြောင့် ကျူပီအာကို အခွင့်အရေးရနိုင်ပြီး သရေလောက် ကစားနိုင်ဖို့ရှိပါတယ်။

**စတုတ်-ဆန်းဒါးလန်း** ည ၈း၃၀(၂၅-၄-၁၅)

အခုနောက်ပိုင်း စတုတ်ရဲ့ကစားပုံမဆိုးဘူး။ ဆောက်သမ်တန်ကို အနိုင်ရခဲ့တဲ့ပွဲမှာ အသင်းလိုက်ကစားပုံကောင်းမွန်ကာ အိမ်ကွင်းမှာ ခြေစွမ်းပိုင်းပိုမိုမာကျောမှုရှိပါတယ်။ ဒ့ါအပြင် လက်ရှိအချိန်မှာ ဆန်းဒါးလန်းရဲ့ခြေကလည်း တည်ငြိမ်မှုမရှိတာကြောင့် စတုတ်ကို ထိန်းချုပ်နိုင်ဖို့ရှိပြီး ကပ်ပြီးအနိုင်ရသွားနိုင်ပါတယ်။

**ဝက်စ်ဘရွန်း-လီဗာပူး** ည ၈း၃၀(၂၅-၄-၁၅)

ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့မျှော်လင့်ချက်ရှိနေသေးတဲ့ လီဗာပူးဟာ အမှားအယွင်းအဖြစ်ခံမှာမဟုတ်ပါဘူး။ ဝက်စ်ဘရွန်းကလည်း တန်းမဆင်းရဖို့ လုံလောက်တဲ့အမှတ်မရရှိသေးတာကြောင့် ခြေကုန်ထုတ်လာဖို့ ရှိနေပါတယ်။ အထူးသဖြင့် ဝက်စ်ဘရွန်းက အိမ်ကွင်းကစားပုံကောင်းတတ်တာကြောင့် လီဗာပူးအခက်တွေ့နိုင်ပြီး ကပ်ပြီးသာနိုင်မယ်။

**မန်စီးတီး-ဗီလာ** ည ၁၁း၀၀(၂၅-၄-၁၅)

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အမှားမခံတာကြောင့် မန်စီးတီးတို့ ခြေကုန်ထုတ်မှာပါ။ အိမ်ကွင်းလည်းဖြစ်တာကြောင့် မဖြစ်မနေနိုင်ပွဲရဖို့ ကြိုးစားပါလိမ့်မယ်။ ဗီလာကတော့ ခြေစွမ်းမဆိုးသလို တန်းမဆင်းရဖို့ ခြေကုန်ထုတ်လာမှာဖြစ်ပေမယ့် မန်စီးတီးရဲ့ ဖိအားပေးမှုကိုတော့ ထိန်းဖို့ခက်ပါတယ်။ မန်စီးတီးပဲနိုင်ပွဲရမယ်။

**အဲဗာတန်-မန်ယူ** ည ၇း၀၀(၂၆-၄-၁၅)

ချယ်လ်ဆီးကို ရှုံးနိမ့်ခဲ့ရပေမယ့် အဲဒီပွဲမှာ မန်ယူရဲ့ကစားပုံက ကောင်းမွန်ပါတယ်။ ဒ့ါအပြင် ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်ရဖို့အတွက်လည်း မသေချာသေးလို့ ခြေကုန်ထုတ်ကစားလာမှာပါ။ အဲဗာတန်က လက်ရှိခြေစွမ်းပိုင်းမဆိုးသလို အိမ်ကွင်းလည်းဖြစ်တာကြောင့် အားစိုက်လာမှာဖြစ်ပေမယ့် မန်ယူပဲ ကပ်နိုင်သွားမှာပါ။

**အာဆင်နယ်-ချယ်လ်ဆီး** ည ၉း၃၀(၂၆-၄-၁၅)

အာဆင်နယ်အတွက် ချန်ပီယံမျှော်လင့်ချက်က အားနည်းနေပြီဆိုပေမယ့် လက်ကျန်မျှော်လင့်ချက်အတွက် ခြေကုန်ထုတ်ကစားသွားမှာပါ။ အာဆင်နယ်ရဲ့ လက်ရှိခြေကလည်း ကောင်းမွန်နေသလို အိမ်ကွင်းလည်းဖြစ်နေတဲ့အတွက် ချယ်လ်ဆီးအသာရဖို့ ခက်ပါလိမ့်မယ်။ အာဆင်နယ်အတွက် အနိမ့်ဆုံးသရေပါ။

**(ရှိုင်းမင်းမင်း)**

# ရီးယဲလ်မက်ဒရစ်အသင်း ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်သို့(၁၁)ကြိမ်မြောက်တက်လှမ်း




ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့အဖြစ် မက်ဒရစ်မြို့ခံနှစ်သင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးယဲလ်မက်ဒရစ်အသင်းသည် အိမ်ကွင်း၌ တိုက်စစ်မှူး ဟာနန်ဒက်ဇ်၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရီးယဲလ်မက်ဒရစ် အသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့၏ ပွဲစဉ်သည် ပြိုင်ဆိုင်မှုပြင်းထန်လှပြီး ပွဲကစားချိန် ၇၅ မိနစ်အရောက်တွင် အက်သလက်တီကိုမက်ဒရစ်အသင်း၏ အားထားရသည့် ကစားသမားတူရန်မှာ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရခြင်းကြောင့် တစ်ယောက်လျော့ကစားရသည့် အက်သလက်တီကိုမက်ဒရစ်အပေါ် ရီးယဲလ်မက်ဒရစ် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲကစားချိန် ၈၈ မိနစ်အရောက်တွင် တိုက်စစ်မှူးဟာနန်ဒက်ဇ်က ရီးယဲလ်မက်ဒရစ်အသင်းအတွက် နောက်တစ်ဆင့်တက်ရန် သေချာစေမည့် အနိုင်ဂိုးကို သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ် အသင်းတို့သည် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့တွင် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက နှစ်ကျော့ပေါင်းရလဒ် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်သို့ ငါးနှစ်ဆက်တိုက်တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ထို့ပြင် ချန်ပီယံလိဂ်ဖလား(၁၀)ကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့သည့် လက်ရှိချန်ပီယံရီးယဲလ်မက်ဒရစ်အသင်းသည် ယခုတစ်ကြိမ်ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းကြောင့် ဆီမီးဖိုင်နယ်အဆင့်ကို (၁၁)ကြိမ်မြောက် တက်လှမ်းနိုင်ခဲ့သည့် မှတ်တမ်းကောင်းတစ်ခုကိုလည်း ရေးထိုးနိုင်ခဲ့သည်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့၏ အခြားပွဲစဉ်တစ်ပွဲဖြစ်သည့် ပြင်သစ်ကလပ် မိုနာကိုအသင်းနှင့် အီတလီကလပ် ဂျူဗင်တပ်တို့၏ ပွဲစဉ်တွင် ဂိုးမရှိသရေဖြစ်ခဲ့ခြင်းကြောင့် နှစ်ကျော့ပေါင်းရလဒ် တစ်ဂိုး-ဂိုးမရှိဖြင့် ဂျူဗင်တပ်အသင်းက အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ ဂျူဗင်တပ်အသင်းသည် မိုနာကိုအား အနိုင်ရရှိခဲ့ခြင်းကြောင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းသည် (၂၂)ကြိမ်မြောက် ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။

ယမန်နေ့က ကစားခဲ့သည့် ပွဲစဉ်များတွင် ဘာစီလိုနာအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး ဘာစီလိုနာအသင်းအတွက် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်သို့ အကြိမ်(၃၀)မြောက် တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းအတွက်မူ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်သို့ (၂၅)ကြိမ်မြောက် တက်လှမ်းလာခဲ့ခြင်းဖြစ်ပြီး ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၂၄ ရက်တွင် မဲခွဲဆုံးဖြတ်သွားမည်ဖြစ်ကြောင်းသိရသည်။

**(ငွေကြယ်)**

# ရီးယဲလ်သည် ကမ္ဘာ့အကောင်းဆုံးအသင်းဟု တိုနီခရူးစ်ဆို




မေ ၂၃ရက်တွင် ရီးယဲလ်က အက်သလက်တီကိုအား နှစ်ကျော့ပေါင်းရလဒ် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ရာ ရီးယဲလ်ကွင်းလယ်ကစားသမား တိုနီခရူးစ်က ရီးယဲလ်သည် ကမ္ဘာ့အကောင်းဆုံးအသင်းတစ်သင်းဆိုသည်ကို အထင်အရှား ပင်သိမြင်နိုင်မည်ဖြစ်ကြောင်းဆိုသည်။ အဆိုပါပွဲ၌ ၈၈ မိနစ်အရောက်တွင် စီရိုနယ်လ်ဒို ချပေးသောဘောလုံးကို ဟာနန်ဒက်ဇ်ကပိတ်သွင်းကာ ထိုတစ်လုံးတည်းသော အနိုင်ဂိုးဖြင့် အကြိုဗိုလ်လုပွဲအဆင့်သို့အရောက်ပို့ပေးခဲ့သည်။

ခရူးစ်က" နှစ်ကျော့စလုံးမှာမှသွင်းဂိုးတစ်ဂိုးတည်းသွင်းနိုင်ခဲ့တယ်ဆိုပေမယ့် ကျွန်တော်တို့က နှစ်ကျော့စလုံးမှာခြေစွမ်းအသာနဲ့ပဲကစားနိုင်ခဲ့တာပါ။ဒီထက်ဂိုးစောစောရခဲ့သင့်တယ်။ပထမပိုင်းမှာတင်သေချာပေါက်အခွင့်အရေးနှစ်ကြိမ်လောက်ရခဲ့တာလေဗျာ။ဒါပေမယ့်ကျွန်တော်တို့အသင်းစိတ်ရှည်ရှည်နဲ့ အခွင့်အရေးတွေကိုစောင့်ခဲ့တော့နောက်ဆုံးမှာ လိုချင်တဲ့ရလဒ်ကိုရောက်ရှိခဲ့တယ်။ကျွန်တော်တို့အက်သလက်နဲ့တွေ့မယ်ဆိုကတည်းက သူတို့ဟာကစားရအင်မတန်ခက်တယ်ဆိုတာကိုလည်း သိခဲ့တယ်လေ" ဟုပြောကြားခဲ့သည်။

အဆိုပါနိုင်ပွဲကြောင့်ရီးယဲလ်သည်လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်မည့် ပထမဆုံးအသင်းဖြစ်လာရန်မျှော်လင့်ချက်များပိုမိုရှင်သန်နီးစပ်လာကာ ယင်းအနိုင်ရလဒ်အတွက် တိုက်စစ်မှူးဟာနန်ဒက်ဇ်ကို အသင်းသားများအားလုံးကျေးဇူးတင်နေကြသည်ဟု နည်းပြအန်စလော့တီက ထုတ်ဖော်ပြောကြားခဲ့သည်။ရီးယဲလ်သည်အကြိုဗိုလ်လုပွဲ၌ အီတလီချန်ပီယံဂျူဗင်တပ်နှင့်တွေ့ဆုံရမည်ဖြစ်ရာ ၂၀၀၁ချန်ပီယံလိဂ်အိပ်မက်ဆိုးကို ရပ်တန့်နိုင်မည်လားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ **(မေလှဲ့သင်း)**

# ခရစ်စမောလင်း မန်ယူနှင့် စာချုပ်သက်တမ်းတိုး

မန်ယူက အသင်း၏နောက်ခံကစားသမား ခရစ်စမောလင်းနှင့် ၂၀၁၉ အထိ သက်တမ်းရှိမည့် စာချုပ်သစ်တစ်ရပ်ကို ထပ်မံချုပ်ဆိုနိုင်ခဲ့သည်ဟု အတည်ပြုခဲ့သည်။ အသက်(၂၅)နှစ်အရွယ်ရှိ အဆိုပါ မန်ယူနောက်တန်းကစားသမားကို ပြီးခဲ့သည့် ဆောင်းရာသီအပြောင်းအရွှေ့၌ အာဆင်နယ်ကခေါ်ယူရန် ကြိုးပမ်းခဲ့သေးသည်။

မန်ယူနည်းပြဗန်ဟားလ်က" ခရစ်က တကယ့်ကို အချိန်တိုအတွင်း လျင်လျင်မြန်မြန် တိုးတက်လာနေပါပြီ။ သူကအခုဆိုအသင်းရဲ့ပထမကစားသမားအဖြစ် အမြဲရွေးချယ်ခံရတဲ့ ကစားသမားဖြစ်လာခဲ့ကာ ပရော်ဖက်ရှင်နယ်ပီသလွန်းတဲ့ စရိုက်ရှိတဲ့ ကစားသမားဖြစ်တဲ့အပြင် အမြဲတမ်းကောင်းမွန်အောင် ကြိုးစားတတ်တဲ့အကျင့်ဗီဇရှိတော့ သူ့ရဲ့ ခြေစွမ်းကပိုပြီးကောင်းလာနေတာပေ့ါ။ နောက်ခံလူဖြစ်ပေမယ့် ဒီရာသီမှာ အသင်းအတွက်လိုအပ်နေတဲ့အချိန်မှာ သူ့ရဲ့သွင်းဂိုးတွေနဲ့ ရလဒ်ကောင်းတွေကိုဆောင်ကြဉ်းပေးနိုင်ခဲ့တယ်" ဟုထုတ်ဖော်ချီးကျူးခဲ့သည်။

စမောလင်းက "စာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့တာဟာ ကျွန်တော့်အတွက် တကယ့်ကိုကျေနပ်စရာဖြစ်ခဲ့ပါတယ်။ ဒီလိုအစဉ်အလာကြီးတဲ့အသင်းကြီးမှာကစားခွင့်ရတာ ကံကောင်းပါတယ်။ဗန်ဟားလ်လက်ထက်မှာ ကျွန်တော်ခြေစွမ်းတွေပိုမိုတိုးတက်လာပြီး အခုဆို ယူနိုက်တက်အသင်းသားတွေပိုပြီး စုစုစည်းစည်းနဲ့ ပုံစံကောင်းတစ်ခုမှာအံကျအောင်ကစားနိုင်ခဲ့ပါပြီ။ ကျွန်တော့်အတွက် မန်ယူမှာကစားနေရတဲ့ အချိန်တိုင်းက စိတ်လှုပ်ရှားမှုတွေနဲ့ အမြဲပြည့်နှက်နေတတ်ပြီး ဒီမှာကစားခဲ့ရလို့ အဆင့်မြင့်ပွဲတွေကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အတွေ့အကြုံတွေ ရရှိခဲ့တာပါ "ဟု ဆိုသည်။

စမောလင်းသည် မန်ယူအသင်းနှင့်အတူ ပွဲပေါင်း ၁၄၇ ပွဲအထိ ပါဝင်ကစားခဲ့ပြီး ပရီမီယာလိဂ်ဖလား နှစ်ကြိမ်အထိ ဆွတ်ခူးပေးနိုင်ခဲ့သည်။ **(မေလှဲ့သင်း)**

# နံယွန်ငါးဖမ်းလှေဆိပ်၌ ငါးဖမ်းစက်လှေမီးလောင် မြန်မာအလုပ်သမားနှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရ

**ဖန်ငဧပြီ ၂၃**

ထိုင်းနိုင်ငံတောင်ပိုင်း ဖန်ငခရိုင် တကွန်ပါမြို့နယ်ရှိ နံယွန်ငါးဖမ်းလှေဆိပ်၌ရှိနေသော ငါးဖမ်းစက်လှေတစ်စင်းမှာ ဘက်ထရီအိုးပေါက်ကွဲခဲ့သဖြင့် မြန်မာအလုပ်သမားနှစ်ဦး သေဆုံးပြီး ငါးဦးမှာလက်ရှိ အတွင်းလူနာအဖြစ် ဆေးဝါးကုသခံနေရကြောင်း မိသားစုဝင်တစ်ဦး၏ပြောပြချက်ကို ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့(Myanmar Association in Thailand)မှ ဆက်သွယ်ပြောကြားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြီးခဲ့သည့်သင်္ကြန်ကာလမတိုင်မီက ထိုင်းနိုင်ငံတောင်ပိုင်း ဖန်ငခရိုင် တကွန်ပါမြို့နယ်ရှိ နံယွန်ငါးဖမ်းလှေဆိပ်၌ရှိနေသော ငါးဖမ်းစက်လှေတစ်စင်းမှာ ဧပြီ ၁၀ ရက် ဒေသစံတော်ချိန် ည ၈နာရီခန့်က လှေရပ်နားထားပြီး မြန်မာအလုပ်သမားများအိပ်ပျော်နေစဉ် အလုပ်သမားများအိပ်ခန်းအတွင်း ထားရှိသော ဘက်ထရီအိုးကြီး ခြောက်လုံးအနက် သုံးလုံးမှာပေါက်ကွဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကာ မီးလောင်ပြီး ဒဏ်ရာရရှိသွားကြသည့် မြန်မာအလုပ်သမား ခုနစ်ဦးအနက် နှစ်ဦးအား ဖူးခက်ဆေးရုံသို့ လည်းကောင်း၊ နှစ်ဦးအား ရနောင်းဆေးရုံသို့ လည်းကောင်း၊ တကွန်ပါဆေးရုံသို့ သုံးဦးအားလည်းကောင်း အသီးသီး ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

အဆိုပါ မီးလောင်ခံရသူများမှာ မြန်မာနိုင်ငံမှသွားရောက်အလုပ်လုပ်ကိုင်နေကြသော ရခိုင်အလုပ်သမားများဖြစ်ကြကြောင်းသိရပြီး မီးလောင်ဒဏ်ရာရရှိသူများမှာ မြောက်ဦးမြို့နယ် ပြိုင်းချရွာမှဖြစ်ပြီး ရနောင်းဆေးရုံတွင် လက်ရှိတင်ပို့ကုသနေရသည့် ဦးသိန်းရွှေ(၄၄)နှစ်၊ ဦးလှသိန်းထွန်း(၄၃)နှစ်၊ တကွန်ပါ ဆေးရုံတွင် လက်ရှိကုသနေရသော ကိုအောင်စိုးမင်း(စိုးရိမ်ရ) (၂၄)နှစ်၊ ကိုမောင်မောင်သိန်း(၂၆)နှစ်၊ တကွန်ပါ ဆေးရုံတွင် လက်ရှိကုသနေရသော ဦးဝင်းလှိုင်(စိုးရိမ်ရ) (၃၆)နှစ်နှင့် မြောက်ဦးမြို့နယ် ရွှေကျင်ပြင်ရွာမှ ဖူးခက်ဆေးရုံကြီးတွင် ကွယ်လွန်သွားသော ဦးသန်းဝင်း(၃၉)နှစ်(ဧပြီ ၁၉ ရက်က ဖူးခက်ဆေးရုံတွင် ကွယ်လွန်)နှင့် မြောက်ဦးမြို့နယ် ပြိုင်းချရွာမှ ဦးတင်ဝင်း (၃၉)နှစ် (တကွန်ပါဆေးရုံတွင် ဧပြီ ၁၅ ရက်က မီးလောင်ဒဏ်ရာဖြင့်ကွယ်လွန်)တို့ ဖြစ်ကြောင်း သိရပြီး ၎င်းတို့အနက် ရနောင်းဆေးရုံတွင် ဆေးဝါးကုသမှုခံယူခဲ့ရသော ဦးသိန်းရွှေ(၄၄)နှစ်နှင့် ဦးလှသိန်းထွန်း(၄၃)နှစ်တို့မှာ ဧပြီ ၂၀ ရက်က နံယွန်ငါးဖမ်းလှေဆိပ်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြပြီး ပြင်ပလူနာများအဖြစ် ဧပြီ ၂၁ ရက်က နံယွန်ဆေးရုံသို့ ထပ်မံသွားရောက်ကုသခံနေကြဆဲဖြစ်ကြောင်း သိရသည်။

သေဆုံးသူ မြန်မာအလုပ်သမား ဦးသန်းဝင်း၏ အစ်ကိုတော်စပ်သူ မြန်မာအလုပ်သမားခေါင်းဆောင်က "သေဆုံးသွားသူတွေအတွက် ငါးဖမ်း စက်လှေပိုင်ရှင်ကတော့ လောလောဆယ် ဘာမှမပြောသေးပါဘူး။ အခြားလူရအောင်ရှာပြီး လှေထွက်ဖို့ပဲပြောနေပါတယ်။ ဒီနေ့ လှေထွက်ရပါမယ်။ လှေပေါ်မှာဖြစ်တဲ့ ကိစ္စကို လှေပိုင်ရှင်အနေနဲ့ တစ်စုံတစ်ရာတော့ တာဝန်ယူဖြေရှင်းစေချင်ပါတယ်" ဟုပြောသည်။

အဆိုပါ ငါးဖမ်းလှေတွင် မြန်မာအလုပ်သမားပေါင်း ၃၀ ရှိနေကြောင်း သိရပြီး မြန်မာအလုပ်သမားများ အိပ်ခန်းအတွင်း ထားရှိသော ဘက်ထရီအိုးများပေါက်ကွဲ မီးလောင်ခဲ့ခြင်းဖြစ်ကာ အခြားမြန်မာလှေလုပ်သားများမှာလည်း တစ်နေရာတည်းတွင် အတူရှိမနေသဖြင့် သက်သာရာရရှိခဲ့ကြသည်ဟု လှေလုပ်သားများက ပြောကြားခဲ့ကြောင်း MAT အဖွဲ့မှသိရသည်။

**(စိုးဝင်း-MLA)**

## မိုးလေဝသအခြေအနေ

**ဧပြီ ၂၄ ရက် ခန့်မှန်းချက် နေ့အပူချိန်များ**

| တိုင်းဒေသကြီးနှင့်ပြည်နယ် | အမြင့်ဆုံး | အနိမ့်ဆုံး |
| --- | --- | --- |
| နေပြည်တော်နှင့် အနီးတစ်ဝိုက် | ၃၈°C | ၂၃°C |
| ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် | ၃၈°C | ၂၅°C |
| မန္တလေးမြို့နှင့် အနီးတစ်ဝိုက် | ၃၇°C | ၂၂°C |
| ပဲခူးတိုင်းဒေသကြီး | ၃၉°C | ၂၅°C |
| ချင်းပြည်နယ် | ၂၆°C | ၁၇°C |

**ဧပြီ ၂၄ ရက် ရန်ကုန်ဆိပ်ကမ်း ရေတက်ရေကျ အခြေအနေ**

| | | | |
| --- | --- | --- | --- |
| ရေကျ | နံနက် | ၁း၂၃ နာရီ | ၄. ၆၃ ပေ |
| ရေတက် | နံနက် | ၇း၁၀ နာရီ | ၁၇. ၀၃ ပေ |
| ရေကျ | မွန်းလွဲ | ၁း၃၅ နာရီ | ၆. ၅၉ ပေ |
| ရေတက် | ည | ၇. ၂၄ နာရီ | ၁၇. ၅၂ ပေ |

**ဧပြီ ၂၄ ရက် ရန်ကုန်မြို့ နေဝင် နေထွက်ချိန်**

| | | |
| --- | --- | --- |
| နေထွက် | နံနက် | ၅း၄၄ နာရီ |
| နေဝင် | ညနေ | ၆း၂၂ နာရီ |

# တာချီလိတ်၌ ကျောက်စိမ်းတုံး၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်ခဲယမ်းများသိမ်းဆည်းရမိ

**တာချီလိတ် ဧပြီ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ရွှေမိသားစုဟိုတယ်ရှေ့တွင် မတ် ၃၁ ရက်နံနက် ၁ နာရီ ၁၅ မိနစ်တွင် Honda Fit ခဲရောင်မော်တော်ယာဉ်ပေါ်၌ ထိုင်လျက်သေနတ်ဒဏ်ရာများဖြင့် သေဆုံးခဲ့သည့် ထိုင်းနိုင်ငံသား ကိုးမင်း(၄၉ နှစ်) ပူလီလန်မြို့ ထိုင်းနိုင်ငံနေသူ၏ ဇနီးမနန်းကိန်ခမ်းက သေနတ်ဖြင့် ပစ်ခတ်သွားသူအား အရေးယူပေးပါရန် တရားလိုပြုလုပ်တိုင်တန်းရာ တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားရှိသည်။

တရားခံအားဖမ်းဆီးရမိနိုင်ရေးအတွက် စုံစမ်းစစ်ဆေးလျက်ရှိရာ သင်္ကာမကင်းဖြစ်ဖွယ် တာချီလိတ်မြို့ ပါဆတ်ရပ်ကွက် လွန်းကျိုင်းကျေးရွာနေ အိုက်ရှန်(ခ)စိုင်းရှုန်အွန်(၄၃)နှစ်၏နေအိမ်အား ဧပြီ ၂၂ ရက်နံနက် ၇ နာရီခွဲခန့်တွင် တာချီလိတ်မြို့မရဲတပ်ဖွဲ့၊ စခန်းမှူး ဒုတိယရဲမှူးကျော်သန်း ဦးစီးတပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲအုပ်စိုင်းခမ်းစိုင်း ဦးစီးတပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်မင်းအောင် ဦးစီးတပ်ဖွဲ့ဝင်များ၊ မှုခင်းရဲတပ်ဖွဲ့ ရဲအုပ် နေမင်းထွန်း ဦးစီးတပ်ဖွဲ့ဝင်များနှင့် ခရိုင် ဒုစရိုက်နှိမ်နင်းရေးတပ်ဖွဲ့မှ ရဲအုပ်သက်ဇော် ဦးစီးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေစဉ် အိုက်ရှန်(ခ)စိုင်းရှုန်အွန်နှင့်အတူ ၉ မမကျည် ၈၀ တောင့်နှင့် ယင်းကျည်ကတ်အလွတ်နှစ်ခု၊ M-16 ကျည်ဘောက် နှစ်ခုနှင့် ယင်းကျည် အတောင့် ၁၄၀၊ GAMO စာတန်းပါ စပိန်နိုင်ငံထုတ် လေသေနတ်အရှည်တစ်လက်၊ ခဲသီး အလုံး ၁၅၀၊ S&W-357 MAGNUM တံဆိပ်ပါ အမေရိကန်နိုင်ငံလုပ် SMITH&WESSON ခြောက်လုံးပြူး တစ်လက်နှင့် ယင်းကျည်သုံးတောင့်၊ ၎င်း၏ခါးကြားမှ SNN 753 နံပါတ်ပါ ဩစတြေးလျနိုင်ငံထုတ် ပစ္စတိုသေနတ် တစ်လက်၊ ၉မမကျည် ၁၁ တောင့်နှင့် ယင်းကျည်ကတ် တစ်ခု၊ အပြာရောင်ပလတ်စတစ်အိတ်အတွင်း WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅ပြား၊ မက်အက်ဖီတမင်း(အိုက်စ်)ဟုယူဆရသော အဖြူရောင်ပုံဆောင်ခဲအလေးချိန် ၄၂၀ ဂရမ်ခန့်၊ ပန်းရောင်စိတ်ကြွ ဆေးမှုန့် ၆ ဂရမ်နှင့် ကျောက်စိမ်းအရိုင်းတုံးဟုယူဆရသော အဖြူရောင်ကျောက်တုံး အလေးချိန် ၆၀ ကီလိုခန့် တစ်တုံး၊ ၅ ကီလိုခန့် တစ်တုံး၊ ၄ ကီလိုခန့် တစ်တုံး၊ ၄ ကီလိုခွဲခန့် တစ်တုံး၊ ၂ ကီလိုခွဲခန့် တစ်တုံး စုစုပေါင်း ငါးတုံး၊ မြန်မာနှင့် ထိုင်းနံပါတ်ဆင်းကတ်များထည့်ထားသည့် ဖုန်းနှစ်လုံးတို့အား ရှာဖွေတွေ့ရှိရ သဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်းသိရသည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ အိုက်ရှန်(၄၃)နှစ် လွန်းကျိုင်း ပါဆပ်ရပ်ကွက် တာချီလိတ်မြို့နေသူအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(၁၁၁)**



**ဧပြီ ၂၂ ရက် ညနေ ၃ နာရီခန့်က ရန်ကုန်မှ ပဲခူးမြို့တွင်းသို့ မောင်းနှင်လာသော(PASSO )အမျိုးအစား TAXI ယာဉ်မှာ ဆိုင်ကယ်အားပွတ်မိပြီး ပဲခူးမြို့ ဘုရားသုံးဆူကျေးရွာအနီး အလယ်ကျွန်းအမှတ်၀၂၀ ရှိ ရေမြောင်းပြွန်ပေါက်ထဲသို့ ဇောက်ထိုးကြနေသည်ကို တွေ့ရစဉ်။ (၅၈၇)**

## မလှိုင်မြို့နယ်၌ ရက်ဆက်မီးနှစ်ကြိမ်လောင်မှုဖြစ်ပွား

**မလှိုင် ဧပြီ ၂၃**

မလှိုင်မြို့နယ်၌ ဧပြီ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ရက်ဆက်မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဧပြီ ၂၀ ရက် နံနက် ၈ နာရီခွဲခန့်က ထန်းပင်ကန်ကျေးရွာ၌မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မလှိုင်မြို့မရဲစခန်းမှ ရဲအုပ်ဇော်လင်းဦးနှင့် သက်သေများပါဝင်သောအဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါကျေးရွာနေ ဒေါ်တင်မယ် အသက်(၇၂)နှစ်သည် ရေနွေးအိုးတည်ရာမှ တစ်ဆင့် မီးကူးစက်လောင် ကျွမ်းခဲ့ကြောင်းသိရပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ မလှိုင်မြို့မရဲစခန်းက ဒေါ်တင်မယ်အား အမှုဖွင့်ခဲ့သည်။

အလားတူ ဧပြီ ၂၁ ရက် ညနေ ၃ နာရီခန့်က မလှိုင်မြို့နယ် ညောင်အုပ်ကျေးရွာ၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ နွားကန်နယ်မြေရဲစခန်းမှူး ရဲအုပ်သတိုးသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ရေဝင်ကျေးရွာညောင်အုပ်ကျေးရွာအုပ်စုနေ ဦးအေးမောင်အသက်(၆၅)နှစ်သည် ညောင်အုပ်ကျေးရွာ မြောက်ဘက် ပေ ၁၀၀ ခန့်အကွာ၌ ၎င်း၏ ယာတောရှိ ထန်းရွက်ခြောက်များကို မီးရှို့ ရှင်းလင်းရာမှ လေတိုက်ပြီး မီးများလွင့်စဉ်ရာ အနီးရှိ အိမ်ခေါင်မိုးပေါ်ကျသဖြင့် မီးကူးစက် လောင်ကျွမ်းခဲ့ကြောင်းသိရပြီး မီးပေါ့ဆသူ ဦးအေးမောင်အား နွားကန်နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်းသိရသည်။**ကျော်ကျော်(မလှိုင်)**

## လေပြင်းများတိုက်ခတ်

### အောင်လံ

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် သမ္ဘူလအုပ်စု ဖောင်ရိုးကျေးရွာနှင့် ရွာသစ်ကျေးရွာတို့တွင် ဧပြီ ၂၁ ရက် ညနေ ၅ နာရီမှ ၆ နာရီအတွင်း လေပြင်းများတိုက်ခတ်သဖြင့် ဖောင်ရိုးကျေးရွာတွင် လူနေအိမ်ခုနစ်လုံးနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း အမိုးများလန်၍ တန်ဖိုး ငွေ၁၇ သိန်းကျော်ခန့် ပျက်စီးဆုံးရှုံးသွားခဲ့ပြီး ရွာသစ်ကျေးရွာတွင် လူနေအိမ်တစ်လုံး အမိုးအကာများလန်၍ တန်ဖိုးငွေကျပ် ၃၇၀၀၀ ကျော်ဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုခံရသည့် ဖောင်ရိုးကျေးရွာနှင့်ရွာသစ်ကျေးရွာများသို့ သမ္ဘူလအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ သမ္ဘူလနယ်မြေရဲကင်းစခန်းမှူး ဒုရဲအုပ်သန်းဆွေထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်၍ပျက်စီးသည့်ပစ္စည်းများအား လိုက်လံစုစည်းထားရှိပြီး ယာယီပြင်ဆင်နိုင်ရေးနှင့် နေထိုင်ရေးတို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်လံ(ပြန်/ဆက်)**

### ဆင်ပေါင်ဝဲ

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် လက်ပန်ကျေးရွာ အုပ်စု မကျီးရင်ကျေးရွာတွင် ဧပြီ ၂၁ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခိုက်မှု ကြောင့်(လေးပင် × သုံးပင်) လူနေအိမ်နှစ်လုံးမှ ၁၂ ပေ သွပ် ၆၄ ချပ်၊ (၃ ပင် × ၃ ပင်) နွားတင်းကုတ်လေးခုမှ ၁၂ ပေသွပ် ၄၄ ချပ်နှင့် ရွာလင်ကျေးရွာမှ လူနေအိမ် (၃ပင် × ၃ ပင်)လူနေအိမ်တစ်လုံးမှ ၁၂ ပေသွပ်တစ်ချပ် စုစုပေါင်း ၁၂ပေ သွပ် ၁၁၉ ချပ် အမိုးလန်မှုဖြစ်ပွားခဲ့သည်။

လဲဇင်ကျေးရွာအုပ်စု လဲဇင်ကျေးရွာတွင်လည်း လူနေအိမ်(၄ ပင် × ၃ ပင်) သုံးလုံးမှ ၁၃ ပေသွပ်(၆၆)ချပ်၊ ၇ ပေသွပ်နှစ်ချပ် စုစုပေါင်း(၆၈) ချပ် အမိုးလန်မှုဖြစ်ပွားခဲ့ပြီး လေပြင်းတိုက်ခိုက်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာမရရှိခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### တမူး

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့တွင် ဧပြီ ၂၂ ရက် ည ၇ နာရီ ၂၅ မိနစ်မှ စတင်ပြီး နာရီဝက်ခန့် လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူနှစ်ဦးသေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ တမူးမြို့ စော်ဘွားအမှတ်(၁၀)ရပ်ကွက်နေ မောင်ငြိမ်းချမ်းအောင်(ခ) ကုလားသည် ယင်းနေ့ ညနေ ၅ နာရီခန့်တွင် ဆိတ်ဖူးတောင်သို့ ဝါးခုတ်ရန် နွားလှည်းဖြင့် ထွက်ခွာလာရာ ည ၇ နာရီခွဲခန့် ဆိပ်ဖူးတောင်အရောက်တွင် လေပြင်းများရုတ်တရက်ကျလာပြီး မောင်းနှင်လာသည့် နွားလှည်းပေါ်သို့ လုံးပတ်သုံးပေခန့်ရှိ စကတ်ပင်နှင့် လုံးပတ်နှစ်ပေခန့်ရှိ အင်ပင်တို့လဲကျပြီး သစ်ကိုင်းရိုက်မိသဖြင့် ငြိမ်းချမ်းအောင်(ခ)ကုလားသည် နွားလှည်းပေါ်တွင် မှောက်လျက်အနေအထားဖြင့် ဒဏ်ရာများရရှိသေဆုံးခဲ့ ကြောင်းသိရသည်။

အလားတူ အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် တမူးမြို့ စော်ဘွားရပ်ကွက် ပြည်တော်သာလမ်းရှိ လူနေအိမ်ပေါ်သို့ မန်ကျည်းပင်လဲကျ၍ အိမ်အတွင်းရှိ မကျင်းစိုရိမ်(ခ)မမိုး (၄၃)နှစ်အား သစ်ပင်ပိကာ သေဆုံးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀ ပြား၊ WY တံဆိပ်ပါ လက်ရိုက်မိုတစ်စုံ နှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော်၊ မေ ၂၃**

မေ ၁၈ ရက်က နယ်မြေခံတပ်မတော်သားများသည် လောက်ကိုင်မြို့ ရပ်ကွက်(၃) ရွှေဆင်မြို့သစ်နေ ရန်ဟွာ၏နေအိမ်ကို နယ်မြေရှင်းလင်းဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ချန်ဝမ်နှင့် ရန်ထိုက်ဟုံတို့အားတွေ့ရပြီး ရန်ဟွာအိပ်သည့် အိပ်ခန်းမျက်နှာကြက်ပေါ်မှ ပလတ်စတစ်ဖြင့်ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀ ပြား၊ WY တံဆိပ်ပါ လက်ရိုက်မိုတစ်စုံ၊ အိပ်ခန်းခုတင်အောက်မှ သေနတ်နှစ်လက်၊ ကျည်အိမ်သုံးခုနှင့် ကျည် ၂၂ တောင့်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းမိသူများအား မူးယစ်တပ်ဖွဲ့စု (၂၁) ကွမ်းလုံသို့ လွှဲပြောင်းပေးအပ်သဖြင့် ရန်ဟွာ ၄၆ နှစ်၊ ချန်ဝမ် ၄၀ နှစ်နှင့် ရန်ထိုက်ဟုံ ၃၀ နှစ်တို့သုံးဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။ **ကြေးမုံ**

# ချင်းပြည်နယ်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်းသည် ငြိမ်းချမ်းရေး၏အကျိုးရလဒ်ဖြစ်

**ဟားခါး၊ မေ ၂၃**

ချင်းပြည်နယ်တွင် လျှပ်စစ်ဓာတ်အားပေးစနစ်များ ပိုမိုသုံးစွဲလာနိုင်ခြင်းသည် ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရရှိခြင်း၏အကျိုးကျေးဇူးများပင်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြောကြားသည်။

ယခင်က လျှပ်စစ်မီးနာရီပိုင်းမျှသာရရှိသော ပြည်နယ်၏မြို့တော်ဟားခါးသည် နိုင်ငံတော်အစိုးရမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၈ သန်းနှင့် မြန်မာကျပ်ငွေ ၅ ဒသမ ၅၂ ဘီလီယံကိုသုံးစွဲကာ ၆၆ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားလိုင်းခွဲရုံများ တည်ဆောက်ပေးခဲ့ခြင်းကြောင့် ယခုအခါ ၂၄ နာရီ လျှပ်စစ်မီး ရရှိနေပြီဖြစ်ကြောင်း၊ ထန်တလန်မြို့နယ်သည်လည်း ယခင်ဟားခါးမြို့ခွဲတမ်းဖြစ်သော လိုင်ဗားရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်မီး ၂၄ နာရီဖြန့်ဖြူးပေးနေခဲ့ကြောင်း၊ ယင်းအပြင် ဖလမ်းမြို့နှင့် မင်းတပ်မြို့ ဓာတ်အားလိုင်းရရှိနိုင်ရေးအတွက် ၆၆ ကေဗွီဓာတ်အားလိုင်းများ တည်ဆောက်လျက်ရှိရာ ယခုနှစ် စက်တင်ဘာတွင် အပြီးသတ်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းပြီးစီးပါက ဖလမ်းနှင့် ဟားခါးမြို့အကြားရှိကျေးရွာပေါင်း ၁၀ ရွာ၊ ဖလမ်းနှင့် သိုင်းငင်းအကြားရှိ ကျေးရွာပေါင်း ၁၁ ရွာ စုစုပေါင်း ၂၁ ရွာနှင့် မင်းတပ်မြို့အပါအဝင် ပတ်ဝန်းကျင်ကျေးရွာငါးရွာတို့သည်လည်း လျှပ်စစ်ဓာတ် အားရရှိကြမည်ဖြစ်ကြောင်း သိရသည်။

မတူပီ၊ ကန်ပက်လက်မြို့ ဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပလက်ဝ၊ တီးတိန်၊ တွန်းဇံ၊ ရိဒ်ခေါဒါရ်မြို့များ ဓာတ်အားလိုင်းရရှိရေးအတွက်လည်းကောင်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ဓာတ်အားစနစ်နှင့် အလှမ်းဝေးကွာသော ကျီခါး၊ ရေဇွာ၊ ဆမီးမြို့များကိုလည်း ဓာတ်အားစနစ်မရောက်ရှိနိုင်သေးမီကာလအတွင်း ဒီဇယ်ဓာတ်အားပေးစနစ်များဖြင့် လျှပ်စစ်မီးပေးထားမည်ဖြစ်ကြောင်း၊ အသေးစားရေအားလျှပ်စစ်စနစ်နှင့် ဆိုလာစနစ်များဖြင့်လည်း လျှပ်စစ်မီးရရှိနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ယခုကဲ့သို့ ချင်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းသည် ပြည်နယ်ငြိမ်းချမ်းရေးရရှိနိုင်ခြင်း၏ အကျိုးကျေးဇူးများပင်ဖြစ်ကြောင်း၊ ဟားခါးမြို့တွင်ကျင်းပသော (၆၇) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ သမ္မတဦးသိန်းစိန်နှင့်အတူတက်ရောက်လာသည့် ဝန်ကြီးဦးခင်မောင်စိုးသည် ဖေဖော်ဝါရီ ၂၁ ရက်က ချင်းပြည်နယ်အစိုးရအဖွဲ့နှင့်တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

**ဖိုဟောဆာ**

## ရွှေဆိုင်တွင် ဈေးဝယ်ဟန်ဆောင်၍ ရွှေဆွဲကြိုးလုယူထွက်ပြေးသူအား စုံစမ်းဖော်ထုတ်၍ အရေးယူ

**နေပြည်တော် မေ ၂၃**

၂၀၁၅ ခုနှစ် မေ ၂၀ ရက် နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ ဈေးတန်း(၅)ရပ်ကွက်နေ ဒေါ်ရွှေ ၆၂ နှစ်သည် နေအိမ်တွင်ဖွင့်လှစ်ထားသည့် 'ကျားရွှေဝါ'ရွှေဆိုင်တွင်ရှိနေစဉ် ဆိုင်ကယ်တစ်စီးနှင့် လူငယ်တစ်ဦးရောက်ရှိလာပြီး ရွှေဆွဲကြိုးဝယ်ယူလိုကြောင်းပြောဆိုသဖြင့် ရွှေကောင်တာအတွင်းရှိ အလေးချိန်နှစ်ကျပ်သားခန့်ရှိ အမ်စီအပွ ၁၅ ပဲရည်ရွှေဆွဲကြိုး တန်ဖိုးငွေကျပ် ၁၃ သိန်းခန့်အား ထုတ်ပြခဲ့သည်။

ယင်းသို့ထုတ်ပြစဉ် အဆိုပါလူငယ်မှ ဆွဲကြိုးအားယူဆောင်ပြီး ဆိုင်ရှေ့သို့ထွက်ပြေးကာ ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသွားသောကြောင့် အရေးယူပေးရန်တိုင်တန်းခဲ့ရာ တမူးမြို့မရဲစခန်း(ပ)၂၀/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့်စစ်ဆေးခဲ့သည်။

ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် တမူးခရိုင်ရဲတပ်ဖွဲ့မှူးဦးစီးသည့် တပ်ဖွဲ့ဝင်များက အခင်းဖြစ်အရပ်သို့ သွားရောက်စစ်ဆေးခြင်း၊ လက်အောက်နယ်မြေရဲစခန်းများ၊ ဆက်စပ်နယ်မြေရဲစခန်းများနှင့် အမှတ်(၁/၂)နယ်စပ် ဒေသစစ်ဆေးရေးဂိတ်တို့သို့ ပြစ်မှုကျူးလွန်သူ၏ပုံသဏ္ဌာန်ကိုချပြပြီး ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်နေစဉ် ယင်းနေ့ နံနက် ၁၁ နာရီ ၅၀ မိနစ်တွင် ခမ်းပတ်မြို့ တမူး-ကလေး ကားလမ်း အမှတ်(၁)ရပ်ကွက်လမ်းမပေါ်၌ ပိတ်ဆို့စစ်ဆေးခြင်းများဆောင်ရွက်နေသည့် ခမ်းပတ်နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များက တမူးမြို့ဘက်မှ ကလေးမြို့ဘက်သို့ ဆိုင်ကယ်စီးနင်းလာသူ အမျိုးသားတစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် သက်သေများနှင့်အတူ ရှာဖွေစစ်ဆေးရာ တမူးမြို့၊ စန္ဒကူး(၂)ရပ်ကွက်နေ ဖြိုးဝေစိုး(ခ) မင်းသူအောင် ၂၅ နှစ်ဖြစ်ကြောင်း သိရှိရပြီး 'ကျားရွှေဝါ' ရွှေဆိုင်မှပါသွားသည့် အလေးချိန်နှစ်ကျပ်သားခန့်ရှိ အမ်စီအပွ ၁၅ ပဲရည်ရွှေဆွဲကြိုးတစ်ကုံးအား ၎င်းဝတ်ဆင်ထားသည့် ဂျင်းပျော့ဘောင်းဘီ၏ ယာဘက်အိပ်ကပ်အတွင်းမှ ပြန်လည်တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် ဖြိုးဝေစိုး(ခ)မင်းသူအောင်အား အမှုဖြင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ရွှေဆိုင်)**

## တောင်ကြီးမြို့ရှိ ကျောင်းအုပ်ကြီးများ တွေ့ဆုံ ပညာရေးကိစ္စများဆွေးနွေး



**တောင်ကြီး မေ ၂၃**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် တောင်ကြီးမြို့တွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာခင်စန်းရီနှင့် တောင်ကြီးမြို့နယ်အတွင်းရှိ ကျောင်းအုပ် ဆရာ၊ ဆရာမများ တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၁ ရက် နံနက် ၁၀ နာရီတွင် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း စိန်မြင့်မိုရ်ခန်းမတွင်ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာခင်စန်းရီက ဩဝါဒအမှာစကားပြောကြားခဲ့ပြီး အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက ကျောင်း၏သမိုင်းကြောင်းနှင့် ကျောင်းဆရာ၊ ဆရာမလေးဦးလစ်လပ်လျက်ရှိကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် တောင်ကြီးမြို့အထွေထွေအုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌက ငွေစာရင်းများ သင်တန်းပေးရန်နှင့် ဆရာ၊ ဆရာမများကို ခန့်အပ်ရာတွင် အသက်ကန့်သတ်ချက်ကို လျှော့ချပြီး ကျောင်းဆရာ၊ ဆရာမများကို ခန့်အပ်ပေးနိုင်ရန် ရှင်းလင်းတင်ပြခဲ့ကြသည်။ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးများ၊ တက်ရောက်လာကြသူများကလည်း လိုအပ်ချက်များကို အသီးသီးတင်ပြခဲ့ကြသည်။

အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးတို့၏ တင်ပြချက်များကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာခင်စန်းရီက အခြေခံပညာအထက်တန်းကျောင်းအတွက် လိုအပ်ချက်များနှင့် ဆရာ၊ ဆရာမများကိုလည်း ယခုပညာသင်နှစ်အမီ ဖြည့်စွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာခင်စန်းရီနှင့်အဖွဲ့များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးချစ်ဆွေ၊ တောင်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**



**မကွေးတိုင်းဒေသကြီး မကွေးမြို့ ဈေးလယ်စိုးရပ် မဲထီးလမ်း ပုညဝတီမိုးကုတ်ဓမ္မရိပ်သာကျောင်းဝင်း၌ သင်္ကြန်အခါတွင်း တရားစခန်းအပြီးတွင် မကွေးခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမင်းဟန်ဦးနှင့် ရဲမှူးကြီးဦးဇော်ဌေးဦးတို့ ဦးစီး၍ မကွေးခရိုင်ရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်အင်အား ၇၀ တို့သည် အမှိုက်များကို သန့်ရှင်းရေးပြုလုပ်ကာ ကောင်းမှုကုသိုလ်ယူခြင်းကို မေ ၂၁ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။** သတင်းနှင့် ဓာတ်ပုံ - ကျော်ဇင်မင်း(စေတုတ္တရာ)

## ဓမ္မစကူးဖောင်ဒေးရှင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပြိုင်ပွဲများပြုလုပ်

**ရေနံချောင်း မေ ၂၃**

၂၀၁၅ ခုနှစ် မေ ၂၁ ရက် နံနက် ၈ နာရီမှ ၁၀ ထိ ရေနံချောင်းမြို့ ဆုံတိုက်ရပ်ကွက် စိန်ပန်းရပ် စိန်ပန်းဘုန်းကြီးကျောင်းတွင် ရေနံချောင်းမြို့နယ် ဓမ္မစကူးလ်ဖောင်ဒေးရှင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဗုဒ္ဓဖြစ်စဉ် ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပခဲ့ပြီး ဆုပေးပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ရေနံချောင်းမြို့နယ်အတွင်းရှိ ဓမ္မစကူး ကျောင်း ၃၀ မှ ကျောင်းသား၊ ကျောင်းသူ ၂၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး သံဃာအပါး ၂၀၊ ဓမ္မစကူးလ်ကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးဆောင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သိန်းဇော်**

## ရှင်ဗွေယန်မြို့တွင် သက်ကြီးအဘိုးအဘွားများအား ထောက်ပံ့ပူဇော်

**ရှင်ဗွေယန် မေ ၂၃**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် အနောက်မြောက်ဘက်စွန်းတွင်ရှိသော ရှင်ဗွေယန်မြို့လေးတွင် မေ ၁၇ ရက် မွန်းလွဲပိုင်းက ဌာနဆိုင်ရာဝန်ထမ်းမိသားစုများ၊ မြို့ပေါ်ရပ်ကွက်များအတွင်းရှိ စေတနာရှင်ပြည်သူများ စုပေါင်း၍ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် နဝမအကြိမ်မြောက် အသက်(၆၅)နှစ်နှင့်အထက် သက်ကြီး ဘိုးဘွား ၇၄ ဦးတို့အား ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

အခမ်းအနားကို ရှင်ဗွေယန်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့ပြီး ဆရာတော်အရှင် သူမြတ်များက ငါးပါးသီလနှင့် အန္တရာယ်ကင်း ပရိတ်များရွတ်ဖတ်ပေးကြပြီး ရှင်ဗွေယန်ပြည်သူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် မြို့အုပ်ချုပ်ရေးမှူး၊ မြို့တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများက သက်ကြီးဘိုးဘွား ၇၄ ဦးတို့အား ထောက်ပံ့ ငွေ၊ အသုံးအဆောင်၊ ဆေးဝါးပစ္စည်းများနှင့် ပူဇော်ကန်တော့ကြပြီး နာမကျန်းဘိုးဘွားများအား အိမ်တိုင်ရာ ရောက် သွားရောက်ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်ဆက်)**

# သမိုင်းဝင် လွှဲမုတ်တောင်တော်စေတီသို့ သွားရာလမ်းအား သဲကျောက်ခင်းလမ်း အဖြစ်ဆောင်ရွက်ပါက ရာသီမရွေးသွားလာနိုင်မည်



**မော်လူး ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ သမိုင်းဝင်လွှဲမုတ်တောင်စေတီတော်သို့ သွားရာလမ်းအား ပြုပြင်လျက်ရှိရာ သဲကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ပါက နွေမိုးဆောင်းရာသီမရွေး လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်ကြောင်း ဒေသခံများက ပြောသည်။

သမိုင်းဝင် လွှဲမုတ်တောင်စေတီတော်သို့ သွားရာလမ်းအား ၂၀၁၅ ခုနှစ် မတ် ၁၃ ရက်က မော်လူး ဒက္ခိဏာရာမကျောင်းတိုက်ဆရာတော် ဦးဝါယမ၊ ဝေဘူဝေဘာတောရကျောင်းဆရာတော် ဦးအာဒိစ္စနှင့် လွှဲမုတ်တောင်ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များမှ ဦးဆောင်ကာ လမ်းဖောက်လုပ်ရေးတာဝန်ခံ ဦးမျိုးသန့်နှင့် ဒေသခံပြည်သူများက အရှည် ပေ ၆၀၀၀ ကျော်၊ အကျယ် ၃၀ ပေရှိ မြေသားလမ်းကို ဘက်ဟိုးယာဉ် အကူအညီဖြင့်စတင်ဖောက်လုပ်ခဲ့ရာ ယခုအခါ တောင်ခြေမှ တောင်ပေါ်အထိ မော်တော်ယာဉ်ငယ်များဖြင့် အလွယ်တကူသွားရောက်ဖူးမြော်နိုင်ပြီဖြစ်သည်။

အဆိုပါမြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းအတွက် ကျပ်သိန်း ၁၂၀ ကျော်ကုန်ကျခဲ့ကြောင်း သိရသည်။

“အရင်က ဒီဘုရားဟာ မြန်မာသက္ကရာဇ် ၁၂၉၂ ခုနှစ်ကတည်းက အနောက်မြစ် တောင်ကုန်းမြို့သား ဦးသဝေရကစတင်ပြီးတော့ တည်ထားကိုးကွယ်ခဲ့တဲ့ လွှဲမုတ်တောင်စေတီပါ။ ဒီစေတီရဲ့ ဒါယကာကတော့ ဦးဖိုးနဲ့ပြည်သူကောင်းမှုလို့ စေတီတော်ကျောက်စာမှာ တွေ့ရပါတယ်။ ယခင်က စေတီတစ်ဆူပဲရှိခဲ့ပေမဲ့ ယခုအခါမှာ စေတီတော်သုံးဆူ ရှိသွားပါပြီ။ စေတီတော်တွေကို ပြုပြင်ထိန်းသိမ်းတာ အားနည်းတဲ့အတွက် နှစ်ကာလကြာမြင့်တာရယ် ရာသီဥတုဒဏ်တွေရယ်ကြောင့် စေတီတော်တွေမှာ အက်ကွဲကြောင်းတွေ ဖြစ်နေပါတယ်။ မနှစ်တုန်းကနေစပြီး ဒီလွှဲမုတ်တောင်စေတီမှာ ကျောင်းထိုင်ဆရာတော် တစ်ပါးရှိနေပါပြီ။ တောင်ပေါ်အထိလည်း မော်တော်ကားနဲ့ တက်လို့ရအောင် မြေသားလမ်းဖောက်လုပ်ပြီးစီးခဲ့ပါပြီ။

သောက်သုံးရေကိုလည်း စိမ့်ရေပေါက်ကနေ ပိုက်တွေနဲ့ သွယ်ယူထားတာမို့ လွယ်လွယ်ကူကူ ဖောဖောသီသီ သုံးစွဲနိုင်ပါပြီ။ ဒါကြောင့်မို့ ဒေသခံပြည်သူတွေသာမက အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေလာရောက်ပြီး ကြည်ညိုသဒ္ဓါပွားနိုင်ဖို့ မော်လူးဒေသက လွှဲမုတ်တောင်ကို လာရောက်ကြစေချင်ပါတယ်။ ဒီလွှဲမုတ်တောင်စေတီဟာ ဒုတိယကမ္ဘာစစ်မတိုင်ခင်က ပွဲတော်ရစေတီတစ်ဆူပါ။ စစ်ဖြစ်တဲ့အခါ ပွဲတော်မကျင်းပတော့ပါဘူး။ အရင်က ပွဲခင်းနေရာတွေ တောင်ခြေမှာကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နိုင်ခဲ့ပေမယ့် ယခုအခါမှာ တောင်ယာတွေအခင်းတွေနဲ့ ဖြစ်သွားတာမို့ဒါကိုလည်း ဆက်လက်အကောင်အထည်ဖော်သင့်ပါတယ်။ ဒီလွှဲမုတ်တောင် အရှင်ကြီးဟာ မော်လူးဒေသတစ်ခုလုံးကို ဘေးအန္တရာယ်ကင်းရှင်းစေဖို့ အစဉ်ထိန်းသိမ်းစောင့်ရှောက်နေတဲ့ အရှင်ကြီးတစ်ပါးဖြစ်ပါတယ်။ တကယ်ရှိတယ်လို့လည်း ရှေးလူကြီးတွေက ပြောကြားခဲ့ပါတယ်။ ဒါကြောင့်မို့ ဒီသမိုင်းဝင် လွှဲမုတ်တောင်စေတီတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ ဆက်လက်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်” ဟု သမိုင်းဝင်လွှဲမုတ်တောင်စေတီတော်မြတ်သို့သွားရာ လမ်းဖြစ်မြောက်ရေးအကျိုးတော်ဆောင် ဦးမျိုးသန့် (ကသာ-မော်လူး ကားဂိတ်မှူး) က ပြောသည်။

**(၀၅၈)**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
သူနာပြု-သားဖွားဒီပလိုမာ (၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်း

**ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း**

၁။ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနအောက်ရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ၁၆-၁၁-၂၀၁၅ ရက်တွင် ဖွင့်လှစ်မည့် သူနာပြု-သားဖွား ဒီပလိုမာ(၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ် သင်တန်းသို့ တက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၂။ **အရည်အချင်းသတ်မှတ်ချက်**

**လျှောက်ထားသူသည်-**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူဖြစ်ရမည်။ **(၂၀၁၅ ခုနှစ် မတိုင်မီ အောင်မြင်သူများသာ လျှောက်ထားရမည်။ ၂၀၁၅ ခုနှစ် မတ်လတွင် ဖြေဆိုအောင်မြင်သူများ လျှောက်ထားခြင်းမပြုရ။)**
(ဂ) လျှောက်လွှာပိတ်သည့် ၃-၇-၂၀၁၅ ရက်တွင် အသက် (၂၅)နှစ်ထက် မကြီးရ။ **(အခြေခံပညာ အထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပါ မွေးနေ့ သက္ကရာဇ်အတိုင်းသာအတည်ပြုမည်။)**
(ဃ) ပါတီနိုင်ငံရေးကင်းရှင်းသူ၊ ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။
(င) အိမ်ထောင်မရှိသူ (အပျို/လူပျို)ဖြစ်ရမည်။
(စ) အနည်းဆုံး အရပ် ၅ ပေရှိရမည်။
(ဆ) ကိုယ်လက်အင်္ဂါချို့ယွင်းခြင်းမရှိရ၊ သင်တန်းတက်ရောက်ရန် ကိုယ်ရောစိတ်ပါ ကျန်းမာရမည်။
(ဇ) သင်တန်းအောင်မြင်ပြီးဆုံးသည်အထိ တက်ရောက်နိုင်သူဖြစ်ရမည်။
(ဈ) သင်တန်းအောင်မြင်ပြီးပါက အမှတ်ဖြင့်ရွေးချယ်ပြီး တက်ခွင့်ရသူများကို နိုင်ငံတော်ဝန်ထမ်းအဖြစ် ခန့်အပ်ပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အထူးကိစ္စဖြင့် တက်ခွင့်ရသူများသည် သက်ဆိုင်ရာအဖွဲ့အစည်းမှ တာဝန်ပေးပါကမည်သည့်ဒေသတွင်မဆို အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ည) သင်တန်းတက်ရောက်စဉ်သင်တန်းကာလအတွင်း ပျက်ကွက်လျှင်ဖြစ်စေ၊ သင်တန်းစည်းကမ်းများကိုဖောက်ဖျက်လျှင်ဖြစ်စေ၊ သင်တန်းပြီးဆုံးပြီးပါကအမှတ်ဖြင့် ရွေးချယ်ပြီး တက်ရောက်ခွင့်ရသူများကို နိုင်ငံတော်ဝန်ထမ်းအဖြစ်ခန့်အပ်ပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်ရန် ပျက်ကွက်လျှင်ဖြစ်စေ၊ အထူးကိစ္စဖြင့်တက်ခွင့်ရသူများသည် သက်ဆိုင်ရာအဖွဲ့အစည်းမှ တာဝန်ပေးပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်လျှင်ဖြစ်စေ၊ နိုင်ငံတော်မှအခါအားလျော်စွာ သတ်မှတ်ထားသော သင်တန်းလျော်ကြေးငွေ သူနာပြု-သားဖွားဒီပလိုမာ (၃)နှစ်သင်တန်းအတွက် ၈၀၀၀၀၀ိ/- (ကျပ်ရှစ်သိန်းတိတိ) ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ် သင်တန်းအတွက် ၃၀၀၀၀၀ိ/- (ကျပ်သုံးသိန်းတိတိ)ပေးလျော်နိုင်သူဖြစ်ရမည်။

၃။ **လျှောက်လွှာပေးပို့ရန်**

(က) လျှောက်လွှာကို **(မည်သည့်တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင်မဆို)** ရယူပြီး ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သော စာရွက်စာတမ်းများနှင့် အတူပူးတွဲပြီး **မိမိ၏အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် စာစစ်ဌာနတည်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး**သို့သာ လိပ်မူ၍ လျှောက်လွှာပိတ်ရက် ၃-၇-၂၀၁၅ ရက်ထက် နောက်မကျစေဘဲလျှောက်ထားရမည်။
**[နေပြည်တော်၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနသို့ လိပ်မူ၍ (လုံးဝ)လျှောက်ထားခြင်းမပြုရ]**
(ခ) လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲပေးပို့ရမည်။

၁။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ် **(မိတ္တူ) တစ်စောင်။**
၂။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ရမှတ်စာရင်း **(မူရင်း) တစ်စောင်**
၃။ နိုင်ငံသားစိစစ်ရေးကတ်ပြား **(မိတ္တူ) တစ်စောင်**
၄။ နိုင်ငံရေးကင်းရှင်းကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာ **(မူရင်း) တစ်စောင်**
၅။ အိမ်ထောင်မရှိသူ၊ အပျို/လူပျိုဖြစ်ကြောင်း သက်ဆိုင်ရာမြို့နယ် ရပ်ကွက် (သို့) ကျေးရွာအထွေထွေအုပ်ချုပ်ရေးမှူး(ရုံး) (အုပ်ချုပ်ရေးမှူး/အတွင်းရေးမှူး)၏ ထောက်ခံစာ **(မူရင်း) တစ်စောင်**
၆။ ကိုယ်လက်အင်္ဂါချို့ယွင်းခြင်းမရှိကြောင်း၊ ကိုယ်ရောစိတ်ပါကျန်းမာကြောင်း၊ သက်ဆိုင်ရာမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာ**(မူရင်း) တစ်စောင်**
၇။ ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် (သင်တန်းတက်ခွင့်ရရှိပါက) ရာထူးမှနုတ်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာအကြီးအကဲ၏ ထောက်ခံစာ**(မူရင်း) တစ်စောင်။**
၈။ လျှောက်လွှာပုံစံတွင် လိုင်စင်ဓာတ်ပုံတစ်ပုံကပ်ပြီး၊ ဓာတ်ပုံနှစ်ပုံကို ပူးတွဲပေးပို့ရမည်။ (ခြောက်လအတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် ပတ်စ်ပို့အရွယ်ဓာတ်ပုံဖြစ်ရမည်။ ဓာတ်ပုံနောက်ကျောတွင် လျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်၊ မိဘအမည်၊ နေရပ်များရေးရမည်။)**(မှတ်ချက်။ ။ ထောက်ခံစာများ အားလုံးတွင် ထောက်ခံပေးသူ၏အမည်၊ လက်မှတ်၊ ရာထူးတံဆိပ်တုံး၊ ရုံးတံဆိပ်ဝိုင်းပါရှိရမည်။)**

၄။ သင်တန်းတက်ခွင့်ရရှိပါက တက္ကသိုလ်/ကောလိပ်/အဝေးသင် တက်နေသူဖြစ်လျှင် သင်တန်းကာလအတွင်း(တက္ကသိုလ်/ကောလိပ်/အဝေးသင်) ပညာသင်ရပ်နားခွင့်ပြုကြောင်း သက်ဆိုင်ရာကျောင်းအုပ်/အကြီးအကဲ၏ ထောက်ခံစာမူရင်းကို တက်ခွင့်ရမည့် သင်တန်းကျောင်းသို့ ပေးအပ်နိုင်ရမည်။ **(သင်တန်းတက်စဉ်ကာလအတွင်း အခြားမည်သည့်လက်မှတ်ရသင်တန်းမဆို လုံးဝတက်ခွင့်မပြုပါ။)**

၅။ သင်တန်းတက်ခွင့်ရရှိပါက တက်ခွင့်ရသည့်သင်တန်းကျောင်းသို့ရောက်လျှင် သင်တန်းကျောင်း၏ ကျန်းမာရေးစစ်ဆေးရေးကော်မတီအဖွဲ့မှ ကျန်းမာရေးထပ်မံစစ်ဆေးခံရမည်။ ဆေးစစ်အောင်မှသာ သင်တန်းတက်ခွင့်အတည်ပြုမည်။

၆။ အောက်ပါအချက်များနှင့် ငြိစွန်းသည့်လျှောက်လွှာကို လုံးဝ(လုံးဝ)ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
(၁) ရှင်းလင်းပီသစွာနှင့်ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသည့်လျှောက်လွှာများ။
(၂) သတ်မှတ်ချက် စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများ။
(၃) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ လိပ်မူ၍ လျှောက်ထားခြင်းမပြုဘဲ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနသို့ လိပ်မူ၍ တိုက်ရိုက်ပို့သည့်လျှောက်လွှာများ။
(၄) လျှောက်လွှာပိတ်ရက်ထက်နောက်ကျပို့သည့်လျှောက်လွှာများ။

၇။ **သင်တန်းတက်ခွင့်ရအမည်စာရင်းများကြေညာခြင်း။**

၂၀၁၅ ခုနှစ် အောက်တိုဘာလ(ဒုတိယပတ်)အတွင်း အောက်ပါဌာနများ၌ ကြေညာထားပါမည်။
(၁) ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်။
(၂) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးများ။
(၃) တက်ခွင့်ရသည့် သက်ဆိုင်ရာသင်တန်းကျောင်းများ။

**(မှတ်ချက် ။ ။ သင်တန်းစတင်ဖွင့်လှစ်ပြီး နှစ်ပတ်ထက်နောက်ကျပါက သင်တန်းတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)** **အသေးစိတ်သိလိုပါက အောက်ပါဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။**
(၁) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးများ၊
(၂) နေပြည်တော်၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန(သူနာပြုဌာနစိတ်) ဖုန်း-၀၆၇-၄၁၁၁၄၈၊ ၄၁၁၁၄၉ လိုင်းခွဲ-၈၁၈၊ ၈၁၉)

**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန**


## ဆိုင်ကယ်လုယူပြေးသူကို ရဲတပ်ဖွဲ့ကရှာဖွေဖမ်းဆီး

**မန္တလေး ဧပြီ ၂၃**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မီးသွေးတန်းရပ်ကွက်နေ ကျော်ကျော်ဦး ၄၂ နှစ်သည် သူငယ်ချင်း မအေးပွင့်နှင့်အတူ ဧပြီ ၁၉ ရက် ည ၁၀ နာရီ ၁၅ မိနစ်က ၂၆ လမ်းအတိုင်း အနောက်မှအရှေ့သို့ ဆိုင်ကယ်စီးလာစဉ် ၂၆ လမ်းနှင့်လမ်း ၉၀ ထောင့်ရှိ မုန့်ဆိုင်တွင် မုန့်ဝယ်ရန် ဆိုင်ကယ်အားရပ်လိုက်စဉ် အကျႌအနက်၊ ဘောင်းဘီအနီရောင်ဝတ်ဆင်ထားသည့် လူငယ်တစ်ဦးရောက်ရှိလာပြီး ကျော်ကျော်ဦးအား အရှည် ၇ လက်မခန့်ရှိ သုံးမြောင့်တံစဉ်းဖြင့် လည်ပင်းအားထောက်ကာ ခြောက်လှန့်ပြောဆိုခဲ့သဖြင့် ၎င်းသည် မအေးပွင့်နှင့်အတူ မုန့်ဆိုင်အတွင်းထွက်ပြေးစဉ် ဆိုင်ကယ်မှာ သော့တန်းလန်းဖြင့် အခင်းဖြစ်နေရာတွင် လဲကျခဲ့သည်။ ဆိုင်အတွင်းရောက်ရှိအကူအညီတောင်းနေစဉ် လူငယ်မှာ ဆိုင်ကယ်အား ယူဆောင်မောင်းနှင်ထွက်ပြေးခဲ့သဖြင့် ကျော်ကျော်ဦးက တိုင်တန်း၍ အမှတ်(၆)နယ်မြေရဲစခန်းက (ပ)၇၀/၂၀၁၅ ပြစ်မှုပုဒ်မ ၃၈၂ အရ အမှုဖွင့်ပြီး တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

အမှတ်(၆)နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ခင်သန်းနှင့်အဖွဲ့သည် တရားခံဖမ်းဆီးရမိရေး နယ်မြေအတွင်းလိုက်လံစုံစမ်းရှာဖွေရာ ချမ်းအေးသာစံမြို့နယ် ၈၉ လမ်း ၂၇ လမ်းနှင့် ၂၈ လမ်းကြား အိမ်တော်ရာဘုရားအနောက်ဘက်မှောင်ရိပ်တွင် လုယူခဲ့သောဆိုင်ကယ်နှင့်အတူ တွေ့ရှိသဖြင့် ရဲစခန်းသို့ခေါ်ဆောင်၍ သက်သေများရှေ့စစ်ဆေးရာ ငွေတင့်(ခ)ချစ်ကိုလေး ၃၂ နှစ် ဥယျာဉ်တန်းရပ် ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက် ချမ်းအေးသာစံမြို့နယ်နေသူဖြစ်ပြီး ဆိုင်ကယ်အား လုယူထွက်ပြေးခဲ့ကြောင်းပေါ်ပေါက်သဖြင့် အမှုဖွင့်ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## စိတ်ကြွရူးသွပ်ဆေးပြား၅၀၀ နှင့် အိုက်စ် သုည ဒသမ ၀၀၁၃ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၃**

ဧပြီ ၁၉ ရက်က မူးယစ်တပ်ဖွဲ့စု (၄၃) ရန်ကုန်(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ရပ်ကွက် ၁၁၅ လမ်းတွင် သတင်းအရ အိုမန်ဖာရွှတ်မောင်းနှင်ပြီး အောင်ဆန်းဦးလိုက်ပါလာသည့် စူဇူကီးမော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ အောင်ဆန်းဦး၏ဝဲလက်ရှိ ကြွပ်ကြွပ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၊ ကော်ဘူးဖြင့်ထည့်လျက် အိုက်စ်သုည ဒသမ ၀၀၁၃ ကီလို၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် မြန်မာကျပ်ငွေ ၂၀၅၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် အောင်ဆန်းဦး(ခ)ဟာရှင်း ၃၅ နှစ်နှင့် အိုမန်ဖာရွှတ် ၃၇ နှစ် တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကြေးမုံ**

အတ္ထုပ္ပတ္တိ

*၁၉၃၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း ဆရာရေးသား ခဲ့သော ဆောင်းပါးအများစုအနက် ဗိုလ်တထောင် သတင်းစာပါ 'ပွင့်ပွင့်လင်းလင်းပြောပါရစေ' ကဏ္ဍမှ ဆောင်းပါးများနှင့် မြန်မာ့အလင်း၊ အိုးဝေ၊ သွေးသောက်၊ ရှုမဝစသည့် သတင်းစာ၊ မဂ္ဂဇင်းများမှ ဆောင်းပါးများအား အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ဆရာသိန်းဖေမြင့်၏ အလွှာစုံနယ်ပယ်စုံမှ လူပုဂ္ဂိုလ် အကြောင်းပြု အနုပညာမြောက်ရေးဖွဲ့မှုနှင့် 'မှု' အပေါ်အလေးအနက်ထားရေးသား ထားမှုတို့ကို တည်းဖြတ် ခြင်းမပြုဘဲ မူရင်းအတိုင်း ဖတ်ရှု ရခြင်းဖြင့် လူပုဂ္ဂိုလ် အတ္ထုပ္ပတ္တိစာပေ၏ သရုပ်သကန်ကိုသိရှိလိမ့်မည်ဟု ယုံကြည်ပါသည်။*

**à** သိန်းဖေမြင့်

# မြို့မေတ္တာခံယူသည့် သားမှ နာယကသို့



မနေ့ညက တို့ဗမာသီချင်း ၃၅ နှစ်မြောက်နှင့် ဝိုင်အမ်ဘီသခင်တွင် အထိမ်းအမှတ်ပွဲကျင်းပတော့ ကျွန်တော်က အခမ်းအနားမှူးအဖြစ်ဖြင့် ဆောင်ရွက်ရတယ်။ အဆိုတော်များ အငြိမ့်မင်းသမီးများ၊ ဆိုင်းဆရာများစသည့် ဝါဂီနစ်ပညာရှင်များကို ပရိသတ်နှင့် မိတ်ဆက်ပေးရတာက တစ်ကြောင်း၊ အတီး၊ အမှုတ်၊ အဆို၊ အကများကို ကြားရ၊ မြင်ရတာကတစ်ကြောင်း၊ ကျွန်တော့် လဆာပေါ်စကားတစ်လုံး ပြုန်းခနဲတက်လာတယ်ဗျ။ ကျွန်တော့် ကိုယ်ကို ပရိသတ်နှင့်မိတ်ဆက်ပေးရာမှာ "ကျွန်တော်လည်း မြို့မေတ္တာခံယူတဲ့ သားတစ်ယောက်ပါပဲ"လို့ ပြောလိုက်တယ်။ ပရိသတ်က အဲဒီအသုံးအနှုန်းကို သဘောကျသွားကြောင်း လက်ခုပ်တီးသြဘာပေးပြီး ဖော်ပြလိုက်ကြတယ်။ ကျွန်တော်လည်း ကိုယ့်ဘွဲ့ထူးကိုယ် များစွာသဘောကျသွားတယ်။

တို့ဗမာသီချင်း ၃၅ နှစ်မြောက်နှင့် ဝိုင်အမ်ဘီသခင်တင် အထိမ်းအမှတ်ပွဲမှာ "မြို့မေတ္တာခံယူတဲ့သား တစ်ယောက်" ဖြစ်လာရန်အတော်ပဲ အချိန်ကုန်ခံပြီး ကာယ ဉာဏလုပ်အားပေးလိုက်ရတယ်ဗျ။ အထူးသဖြင့် တနင်္ဂနွေနေ့များမှာ ဇာတ်တိုက်နေကြရသဖြင့် သုဝဏ္ဏမြို့သစ်တည်ဆောက်ရေးကို သွားပြီး လုပ်အားမပေးနိုင်ခဲ့ဘူးဗျ။

မနေ့ညက ဝိုင်အမ်ဘီသခင်တင်ပွဲပြီးသွားလို့ ကျွန်တော်လည်း မြို့မေတ္တာခံယူတဲ့ သားတစ်ယောက်ဖြစ်ပြီးနောက် ယနေ့တနင်္ဂနွေနေ့မှာတော့ သုဝဏ္ဏမြို့သစ်ကိုသွားရန် စိတ်ကူးထားခဲ့တယ်။ တစ်နေ့လုံးအပြည့် လုပ်အားမပေးနိုင်တောင် ညနေပိုင်းသွားပြီး လုပ်အားပေးမယ်လို့ အောက်မေ့ခဲ့တယ်။

ဒီတနင်္ဂနွေနေ့မှာလည်း မဖြစ်ပြန်ဘူး။

မြို့မေတ္တာခံရယူတဲ့ သားအဖြစ်မှ နာယကအဖြစ်သို့ ကူးပြောင်းရပြန်ပြီ။

တစ်နေ့ထဲ နာယက နှစ်နေရာမှာ ဖြစ်ရတယ်။

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှာ ကျွန်တော့်သားသမီးများ စာသင်နေကြတယ်။ ဒီကျောင်းကို ရှေးတုန်းက တီ-တီ-စီ လို့ခေါ်ကြတယ်။ အဲ့ဒီတုန်းကလည်း လေ့ကျင့်ရေး ကျောင်းပါပဲ။ ကလေးတွေ အမေကလည်း တီတီစီလေ့ကျင့်ရေးကျောင်း ထွက်ဖြစ်လေတော့ ဒီကျောင်းအပေါ်မှာ ကျွန်တော်သံယောဇဉ်ဖြစ်မိတာ ဟာ သဘာဝကျတယ် ထင်ပါတယ်။

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှာ ယနေ့ပဲ ဆရာမိဘအသင်းနှစ်ပတ်လည် အစည်းအဝေးကျင်းပခဲ့တယ်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းဟန်က ကိုယ်တိုင်လာပြီး မတက်တက်အောင် ဖိတ်ကြားတဲ့အတွက် ကျွန်တော်မရောက်ရောက်အောင် သွားရတယ်။ သည်လိုနှင့် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း မိဘဆရာအသင်းမှာ ကျွန်တော်နာယတစ်ယောက်ဖြစ်လာရတော့တာပဲ။ နာယကဆိုတာ အလုပ်မများစေရဘူးဆိုလို့ တော်ပါသေးရဲ့။

ပညာရေးဌာနနှင့် ကျောင်းဆရာ ဆရာမတို့က ဆရာမိဘအသင်းလို့ မခေါ်ဘဲ မိဘဆရာအသင်းလို့ ပြောင်းခေါ်စေတယ်ဗျ။

အဓိပ္ပာယ်က သည်လိုရှိတယ်။ ကလေးတွေဟာ ကျောင်းတက်ချိန်သာ ဆရာတွေနှင့် အတူရှိနေတယ်။ ကျန်အချိန်မှာ အိမ်မှာနေရပြီး မိဘများနှင် နေရချိန်မှာ ပိုများတယ်။ ဒါကြောင့်ဆုံးမပဲ့ပြင်ရာမှာ မိဘက ပိုပြီး အချိန်ပေးနိုင်ရ မယ်။ ဒါကြောင့် မိဘဆရာအသင်းလို့ ပြောင်းလဲခေါ်ခြင်းဖြစ်တယ်။

ကျောင်းသားတွေဟာ မိဘနှင့် ပိုအချိန်ကြာစွာနေရသလား။ ဆရာ ဆရာမတွေနှင့်ပိုအချိန်ကြာစွာနေရသလား။ ဒီပြဿနာကတော့ အငြင်းပွားဖွယ်ပါပဲ။

သားသမီးများဟာ ငယ်ရွယ်စဉ်မှာတော့ အဖေအမေကပ်ပါတယ်။ တစ်ချို့တော့လည်း "လက်သာ" သူ အထိန်းတော်၊ အိမ်ဖော်၊ အဒေါ်စသူတို့ကို ပိုကပ်တယ်။ အတော်ကလေးကြီးလာတော့ အဖေအမေကို သိပ်မကပ်ချင်ကြတော့ဘူး။ တတ်နိုင်သလောက် သူတို့ဘာသာလွတ်လွတ်လပ်လပ်နေချင်ကြတယ်။ ဒါက တစ်ချက်။

တစ်ခါတုန်းက သခင်ကိုယ်တော်မှိုင်းရဲ့ မြေးကလေးတစ်ယောက်ဟာ အိမ်စာကျက်နေတယ်။ သခင်ကိုယ်တော်မှိုင်းက အနီးမှာရှိနေပြီး အမှားတွေ့နေတဲ့အတွက် "ဟဲ့ ကလေးသည်လို မဟုတ်ဘူး။ သည်လိုဆို" စသည်ဖြင့် သွန်သင်တယ်။ ဒီတော့ကလေးက သခင်ကိုယ်တော်မှိုင်းမျက်နှာကို အတန်ကြာမော့ပြီး စေ့စေ့ ကြည့်ပြီးနောက် "အောင်မာ ဖိုးဖိုးက ဘာနားလည်တာလိုက်လို့၊ ကျွန်တော့်ဆရာမက သည်လိုပဲ သင်ထားတာ ဗျ"လို့ ပြန်ပြောသတဲ့ဗျ။

ကျောင်းသားတွေဟာ ကျောင်းစာမှာသာ ဆရာကို အထင်ကြီးခြင်း မဟုတ်ဘူးဗျ။ အခြားကိစ္စတွေမှာလည်း အထင်ကြီးတတ်ကြတယ်။ များစွာသော အဖေအမေတွေထက် ဆရာ ဆရာမတွေက ပိုအထင်ကြီး ခြင်းခံရတယ်။ ဒီအချက်ကလည်း အလွန်အရေးကြီးတယ်ဗျ။

ဒါ့ကြောင့် ကျောင်းသားတွေကို အစစအရာရာ သွန်သင်ပြုပြင်ဆုံးမရာမှာ ဆရာ ဆရာမတွေက ပိုအရေးကြီးသလား၊ မိဘတွေက ပိုအရေးကြီးသလား စသည်ဖြင့် မငြင်းတာပဲကောင်းတယ်ထင်သဗျ။

**ပညာရေးလက်တွေ့ဖွံ့ဖြိုးရေးလုပ်ငန်းများ လွယ်ကူစေရန်**

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း မိဘဆရာအသင်းကိစ္စများ ဆောင်ရွက်ပြီးတဲ့နောက် ခဏကြာတော့ ဟာမစ်တိတ်အစိုးရမူလတန်းကျောင်း မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးသို့ သွားရပြန်တယ်။

ဒီကျောင်းကတော့ ကျွန်တော်နေတဲ့လမ်းပေါ်မှာ တည်နေတဲ့ကျောင်း၊ ကျွန်တော့်သားသမီးတွေ မူလတန်း ပညာသင်ယူခဲ့တဲ့ကျောင်း၊ ရပ်ကွက်အတူနေ လုပ်သားပြည်သူတို့ရဲ့ သားသမီးများနေကြသော ကျောင်း၊ မသွားမဖြစ်ဘူး။ ရောက်အောင်သွားရတယ်။

ကျောင်းသားမိဘတွေ၊ ဆရာ ဆရာမတွေတော်တော်စုံတယ်။ လမ်းစဉ်ပါတီယူနစ်စည်းရုံးရေးမှူး၊ လူငယ်ရေးရာစည်းရုံးရေးမှူး၊ လအကလူကြီးများ စသည်တို့လည်း လာကြတယ်။ သည်မှာတော့ ကျွန်တော်ဟာ နာယကဟောင်းဖြစ်လေတော့ နာယကဆက်ခန့်ကြတယ်။ ဒါတင်မကသေးဘူး။ အစည်းအဝေး သဘာပတိအဖြစ်ဖြင့်လည်း တင်မြှောက်ထားကြတယ်။ ဒါ့ကြောင့် အစည်းအဝေးမပြီးဘဲ ထပြန်လို့မဖြစ်ဘူး။

ဟာမစ်တိတ်မူလတန်းကျောင်းဟာ ချောင်ကျပြီး ဆင်းရတဲ့ကျောင်းဖြစ်လေတော့ ပညာရေးလက်တွေ့ ဖွံ့ဖြိုးမှုလုပ်ငန်းများ မရှိသလောက် ဖြစ်နေတယ်။

သဘာပတိနိဂုံးချုပ်မိန့်ခွန်းမှာ ကျွန်တော်က ပညာရေးလက်တွေ့ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဖို့ လုပ်တဲ့အခါမှာလည်း ခက်ခက်ခဲခဲမစဉ်းစားဘဲ လွယ်လွယ်အလုပ်ဖြစ်အောင် စဉ်းစားပြီးလုပ်ဖို့ အကြံပေးခဲ့တယ်။

ပညာရေး လက်တွေ့ဖွံ့ဖြိုးရေးလုပ်ငန်းမှာ ဆန်စပါးစိုက်ပျိုးရေး လေ့လာရန်ဆိုတဲ့ ကိစ္စပါတယ်။ ရန်ကုန်မြို့အပြင်သွားပြီး လေ့လာရမလိုဖြစ်နေတယ်။ တကယ်ကတော့ ကျောင်းအနီးအနားမှာပဲ စိုက်ပျိုးရေး လေ့လာရန် စီစဉ်နိုင်တယ်။ ဟာမစ်တိတ်မူလန်းကျောင်းရဲ့ အရှေ့ဘက်မှာ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးခင်းများရှိတယ်။ တခြားမှာ စိုက်ပျိုးရေးဟာ တစ်သီးစား၊ နှစ်သီးစား၊ အများဆုံး သုံးသီးစားသာဖြစ်တယ်။ ဒီနားက ပန်းနှင့် ဟင်းသီးဟင်းခင်းတွေကတော့ တစ်နှစ် ၆ သီးစားအခင်းတွေဖြစ်တယ်။ သည့်ထက် အံ့ပါဦး မလား။ ဒီကျောင်းအနီးမှာပဲ ငါးထပ်ကြီး ခြောက်ထပ်ကြီး ဘုရားကြီးများရှိတယ်။ ဘုရားကြီးများရဲ့ သမိုင်းကို လည်းကောင်း၊ တန်ဆောင်းများမှာရှိတဲ့ ပန်းချီကားများကိုလည်းကောင်း နိပါတ်ပုံပြင်များကိုလည်းကောင်း ကျောင်းသူကျောင်းသားများဟာ အစုလိုက်သွားပြီး ဆရာ ဆရာမများ ရှေ့ဆောင်မှုဖြင့် လေ့လာနိုင်ကြတယ်။ ကျောင်းအနီးမှာ ဗဟိုရုပ်ရှင်ခြံကြီးရှိတယ်။ တစ်ပြည်လုံးအတွက် သတင်း၊ ဗဟုသုတနှင့် ပညာပေးရန် ရုပ်ရှင် ကားများ ရိုက်ကူးနေတယ်။ ဟာမစ်တိတ် မူလတန်းကျောင်းကို ရုပ်ရှင်ပြပေးအောင် စီစဉ်ရန် အင်မတန် လွယ်ကူမယ်။ ဟာမစ်တိတ်ကျောင်းသားကျောင်းသူကလေးတွေဟာ ပန်းနှင့်ဟင်းသီးဟင်းရွက်ခင်းများမှ လုပ်သားပြည်သူတို့ရဲ့ သားသမီးများ ဗဟိုရုပ်ရှင်ခြံမှာ အလုပ်လုပ်နေကြသော အလုပ်သမားများရဲ့ သားသမီးများ ငါးထပ်ကြီး ခြောက်ထပ်ကြီး ဘုရားများပေါ်မှာ ဆော့ကစားနေသော ကလေးသူငယ်များဖြစ်ကြတယ်။ သို့သော် သတိမမူဂူမမြင်ဆိုတာလို ကိုယ့်ပတ်ဝန်းကျင်မှာ ပညာမရှာတတ်ကြဘူး။ ဆရာ ဆရာမများနှင့် လူငယ်ရေးရာဌာနတို့က ရှေ့ဆောင်စည်းရုံးပြီး ဟာမစ်တိတ် မူလတန်းကျောင်းရဲ့ ပတ်ဝန်းကျင်မှ ပညာရှာစေလျှင် ပညာရေးလက်တွေ့ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ခြင်းမည်ဖြစ်ကြောင်း ပြောဟောခဲ့ရသည်။

သည်လိုနှင့် စနေနေ့ညက မြို့မေတ္တာခံယူသည့်သား သိန်းဖေမြင့်ဟာ တနင်္ဂနွေနေ့ကျတော့ နာယကအဖြစ်ဖြင့် တာဝန်ဝတ္တရားကျေပွန်စွာ ထမ်းရွက်ဖို့ ကြိုးစားခဲ့ရတယ်။

ဩော် ဒါတွေ ရေးချလိုက်ပြန်တော့လည်း စာရေးဆရာရဲ့ တာဝန်ဝတ္တရား ကျေပွန်လို့ သွားပြန်တယ်။

(၁၉၆၅ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့ထုတ် ပွင့်ပွင့်လင်းလင်းပြောပါရစေ ဗိုလ်တထောင်သတင်းစာမှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့်သဒ္ဒါအထားအသိုများကိုမူရင်း အတိုင်းဖော်ပြခြင်း ဖြစ်ပါသည်။)


# မြန်မာ့ဂုဏ်ဆောင် ဝမ်းမြောက်ဖွယ်

ဖေဖေ(ဦးပေါ်ထွန်း)နှင့်မေမေ ဒေါ်အေးအေးတို့၏သမီး၊ဦးနိုင်ထူးမြတ်(ခ)ဦးတေဇာမောင်၏ချစ်ဇနီး၊ သားလေး Ethan ဗညားမြတ်၏ ချစ်မေမေ **ဒေါက်တာအေးသီတာထွန်း** သည် Masters in Health Promotion (Newcastle University) နှင့် Masters in Health Management (Newcastle University) တို့ကိုလည်းကောင်း၊ ယခုနှစ်တွင် ထပ်မံရရှိသော M.B.B.S, Fellowship of Royal Australian and New Zealand College of Obstetricians and Gynaecologists ဘွဲ့ကို မြန်မာပြည်မှ အမျိုးသမီး ဆရာဝန်တစ်ဦးအနေဖြင့် ပထမဆုံးရရှိခဲ့ပါသော ချစ်တူမအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဦးဦး – ဦးခင်မောင်ဝင်း+ Aunty ဝင်းဝင်းမေ
ဦးဦး – ဦးဇော်လွင်+ Aunty Kay
Aunty - Baby+Rosie+Naing

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို ၂၀၁၅ ဘက်စုံပညာထူးချွန် ကျောင်းသား/သူများနှင့်တွေ့ဆုံ

**ထားဝယ် မေ ၂၃**

ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သည့် နိုင်ငံ့သားကောင်းများပေါ်ထွန်းလာစေရန်၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ဝင်စားလာပြီး နိုင်ငံအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်၊ မှန်ကန်သော အကျိုးပြုယှဉ်ပြိုင်မှုဖြင့် ဘက်စုံပညာအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အများနှင့်စုပေါင်းနေထိုင်တတ်သော အလေ့အကျင့်ကောင်းများဖြစ်ထွန်းလာစေရန်နှင့် ဒေသန္တရဗဟုသုတများ ရရှိလာစေရန်၊ ကျောင်းသား၊ ကျောင်းသူများ၏ စံနမူနာပြုလူငယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မေ ၂၀ ရက် နံနက် ၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် ၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန် ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံသည့် အခမ်းအနားကို တိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဩဝါဒစကားမြွက်ကြားရာတွင် ဘက်စုံပညာထူးချွန် ကျောင်းသား၊ ကျောင်းသူများကို ၁၉၉၈-၉၉ ပညာသင်နှစ်မှစ၍ ဗဟိုအဆင့် ပညာရေးစုံညီပွဲတော်တွင် ဘက်စုံပညာထူးချွန်ဆုများကို ချီးမြှင့်ခဲ့ကြောင်း၊ ယခုနှစ် ဘက်စုံပညာထူးချွန် ကျောင်းသား၊ ကျောင်းသူများကို အပန်းဖြေစခန်းအဖြစ် အဌမတန်းအတွက် ပုဂံအပန်းဖြေစခန်း၊ နဝမတန်းအတွက် အင်းလေးအပန်းဖြေစခန်းနှင့် ဒသမတန်းအတွက် ငွေဆောင်အပန်းဖြေစခန်းသို့ပို့ဆောင်ချီးမြှင့်မှာဖြစ်ကြောင်း၊ နိုင်ငံတော်က ရည်ရွယ်ချက်မြင့်မားစွာဖြင့် ဘက်စုံပညာထူးချွန် ကျောင်းသား၊ ကျောင်းသူများ ရွေးချယ်လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိသလို ရွေးချယ်ခံရသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့် နိုင်ငံတော်အတွက် အကျိုးပြုနိုင်သောသူများဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးထွန်းရီက ဘက်စုံပညာထူးချွန် ကျောင်းသား၊ ကျောင်းသူရွေးချယ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေကျပ်ခြောက်သိန်းသုံးသောင်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာသော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ (ထားဝယ်၊ မြိတ်၊ ကော့သောင်း) ခရိုင်အတွင်းရှိ ဘက်စုံပညာထူးချွန် ကျောင်းသား၊ ကျောင်းသူ ၁၈ ဦးနှင့် ကြီးကြပ်သူသုံးဦးအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တနင်္သာရီတိုင်းဒေသကြီး(ပြန်/ဆက်)**

# ဘုန်းတော်ကြီးကျောင်းလှူဒါန်းမှုများအတွက် ရေစက်ချတရားပွဲကျင်းပ

**မြင်းခြံ မေ ၂၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျားတိုင်းကျေးရွာအုပ်စု မရိုးကုန်းကျေးရွာ 'မြရောင်ခြည်' ရွာဦးကျောင်းတွင် လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားပွဲကို မေ ၂၀ ရက် နံနက် ၈ နာရီ ခွဲက ကျင်းပခဲ့ကြောင်း သိရသည် ။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော်ဖွင့်လှစ်ခဲ့ပြီး 'မြရောင်ခြည်' ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တပညာဇောတမှ လှူဒါန်းမှုအစုစုအတွက် ရရှိသောကုသိုလ်များနှင့် နိဗ္ဗာန်ရောက်ကြောင်းတရားတော်ကို ဟောကြားချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ဒါယကာ၊ ဒါယိကာမများက ပင့်ဖိတ်လျှောက်ထား၍ ကြွရောက်လာသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ယင်းနောက် အခမ်းအနားကို 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု' သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့သည်။ အဆိုပါရေစက်ချတရားပွဲသည် 'မြရောင်ခြည်' ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တပညာဇောတအား အမှူးထား၍ တပည့် ဒါယကာ၊ ဒါယိကာမများက ဘုန်းတော်ကြီးကျောင်းအတွင်းရှိ ဘုရားစေတီတော်များ ပြန်လည်ပြုပြင်မှု၊ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းနှင့် အသစ်ဆောက်လုပ်လှူဒါန်းခြင်း၊ မဟာရာမ်တံတိုင်းတည်ဆောက်ခြင်းအတွက် ပါဝင်လှူဒါန်း ကုသိုလ်ယူခြင်းများအတွက် ရေစက်ချတရားပွဲဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



**ပူပြင်းခြောက်သွေ့သော နွေရာသီကာလတွင် မီးဘေးအန္တရာယ်ဖြစ်ပွားမှုများ လျော့နည်းကျဆင်းရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား မီးသတ်ဦးစီးဌာနမှ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက် နံနက်ပိုင်းက တာချီလိတ်မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်နိုင်ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ Regina Hotel ဝန်ထမ်းများအား ဟိုတယ်မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့မီးငြိမ်းသတ်ရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားရာ ဟိုတယ်ဝန်ထမ်း ၈၅ ဦး တက်ရောက်လေ့လာကြသည်။ ယင်းနောက် DCP မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်မှုဆောင်ရွက်ခြင်းများအား သရုပ်ပြသကြပြီးနောက် ဟိုတယ်ဝန်ထမ်းများက DCP မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုအား လက်တွေ့လေ့ကျင့် ဆောင်ရွက်ကြသည်။** သတင်းနှင့် ဓာတ်ပုံ - မောင်ယဉ်ကျေး


## အမျိုးသမီးဆရာဝန်တစ်ဦး အလိုရှိသည်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်၊ မြတဘက်နဂါးကိုးကောင်ဘုရား၊ စောမွန်လှ-ပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွင်း နဂါးကိုးကောင် ကုသိုလ်ဖြစ် ဆေးပေးခန်းတွင် ဆရာမများနှင့် တွဲဖက်၍ တာဝန်ထမ်းဆောင်ရန် အမျိုးသမီးဆရာဝန်တစ်ဦး အလိုရှိသည်။

လျှောက်ထားလိုပါက ဆမ မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ CV Form နှင့်အတူ စောမွန်လှ-ပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

မှတ်ချက်။ ။ အနည်းဆုံးတစ်နှစ်လုပ်ကိုင်နိုင်သူသာ လျှောက်ထားရန်။

လစာ-ညှိနှိုင်းလစာ

ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၉-၂၀၂၆၄၁၉၊ ၀၉၄၀၂၅၂၃၃၃၆၊ ၀၉-၃၃၃၂၁၇၈၅



အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770



## ကားရောင်းမည်

2003 ရွှေငါးပုံပြောင်း
Pearl white ယာဉ်
2003 TOYOTA NOAH X GRADE
Pearl white ယာဉ်
Ph:09-260141696, 73233570



D FASHION

Professional fashion Designer, Pattern Cutter, Dress Maker ဖြစ်ချင်သူများအတွက်

ဖတ်ရှင်ဒီဇိုင်းသင်တန်း

Course (I)
* Blouses,Shirt

Course (II)

Course (III)

Course (IV)
* Vest,T-Shirt, Shirt, Jacket,Coat,Trouser

ဒီဇိုင်းများတီထွင်စဉ်းစားခြင်း
→ Illustration
→ Principal of Design
→ Designer's Tool
→ Present/Past/Future Silhouette
Pattern များရေးဆွဲလေ့ကျင့်ခြင်း (Pattern Drafting)
ပိတ်သားဖြင့်လက်တွေ့ချုပ်လုပ်ခြင်း (Cutting & Making)
(Detail by Triming)

LEVELတိုင်းအတွက်
Figure

U2အုန်းမြင့် (B.Sc-Zoology)(Dip in Pattern Cutting & Design Singapore)နှင့် ဒေါ်ဒီဒီနိုင်
တို့မှစနစ်အကျဆုံး စင်တီမီတာတိုင်းတာနည်းဖြင့် စာတွေ့လက်တွေ့သင်ကြားသည်။
: 206148, 09-503 4163, 09-420244994








## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/နွယ်အေး)၊ မြေကွက်အမှတ်(၈/၄၆)၊ မြေကွက်တည်နေရာအမှတ်(၁၈၇)၊ မြတ်လေးနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးဂနီ (WAW-၀၇၁၀၂၉)၊ ဦးတင်ရွှေ (KMDE-၀၁၈၈၂၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ရွှေ(ဖခင်)နှင့် ဒေါ်ဂလိုရီးယား(ခ)စန်းစန်းအေး(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးဇော်မင်းအောင်(DBN-၀၁၅၁၀၉)၊ ဒေါ်ချိုမာ(DBN-၀၁၅၁၁၀)၊ ဦးအောင်သိုက်(DBN-၀၁၅၁၁၁)၊ ဦးဇော်ထူး(DBN-၀၁၅၁၁၂)၊ ဒေါ်အေးမာ(DBN-၀၁၅၁၁၃) တို့နှင့် ကျန်အမည်ပေါက် ဦးဂနီတို့ ပူးတွဲလျက် ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



## အမြန်ရောင်းမည်

၁။ သယ်န်းကျွန်း၊ ရတနာသုခလမ်း (၂၀' × ၇၀')မြေညီထပ်၊ ထပ်ခိုးအပြည့်ပါ၊ တိုက်သစ် အဆင့်မြင့်ပြင်ဆင်ပြီး သိန်း (၁၅၀၀)

၂။ သယ်န်းကျွန်း၊ သမာဓိ(၁)လမ်း၊ (၁၂½' × ၄၅')၊(ဒုထပ်)ပြင်ဆင်ပြီးအသင့်နေ တိုက်သစ်လူနေထိုင်ခွင့်ကျပြီးထောင့်ခန်း သိန်း(၂၈၀)

၃။ ကလောမြို့၊ (၁၀၀' × ၇၀')၊ (၂)ထပ်၊ RC တိုက်သစ်အားလုံးအဆင့်မြင့်ပြင်ဆင်ပြီး၊ ရှုခင်းအလွန်ကောင်း၊ ရေ၊ မီးစုံ(ရေပူ၊ ရေအေး) - ညှိနှိုင်း သိန်း(၂၈၀၀)

ဖုန်း၊ ၀၉-၅၀၇၁၆၄၉၊ ၀၉-၇၉၅၃၇၀၈၈၂၊ ၀၉-၇၃၂၀၀၀၈၆



## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နွားထိုးကြီးမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးမျိုးမြင့်ခိုင်-ဒေါ်နီလာကျော်တို့၏ သား မောင်ခန့်ဇော်လင်း[၉/နထက(နိုင်)၁၅၅၀၉၈]သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ၎င်းအား အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ (လုံးဝ) တာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးမျိုးမြင့်ခိုင်-ဒေါ်နီလာကျော်

# နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စာပို့လုပ်ငန်း နေ့ချင်းရောက်စာဝေစနစ် စတင်အသုံးပြု



**မန္တလေး မေ ၂၃**

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် နေ့ချင်းရောက်စာဝေစနစ် ဝန်ဆောင်မှုလုပ်ငန်း(ပထမ)အဆင့်ကို ၂၀၁၅ ခုနှစ် ဧပြီလဆန်းမှစတင်ကာ ဝန်ဆောင်မှုပေးလျက်ရှိသည်။

နေ့ချင်းစာဝေစနစ်တွင် မွန်းတည့် ၁၂ နာရီအတွင်းထည့်သည့် စာများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် နေ့ချင်းရောက်ရှိစေရန် ပို့ဆောင်ပေးကာ မွန်းတည့် ၁၂ နာရီနောက်ပိုင်းရောက်ရှိလာသောစာများကို နောက်နေ့ရောက်စေရန်ဆောင်ရွက်ပေးသည်။

နေ့ချင်းရောက်စာဝေစနစ်ကို နေပြည်တော်တွင် အစိုးရဝန်ကြီးဌာနအားလုံး၊ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နမိတ် မြို့တွင်း ကျောက်တံတား၊ ဗိုလ်တထောင်၊ ပန်းပဲတန်း၊ လသာ၊ ဒဂုံ၊ ဗဟန်း၊ ကမာရွတ်၊ ပုဇွန်တောင်မြို့နယ်များ၊ မန္တလေးခရိုင် အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အမရပူရမြို့နယ်များတွင် ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး နောက်ပိုင်း မြို့နယ်များတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စာပို့တိုက်လုပ်ငန်းအား အဆင့်မြှင့်တင်ရန် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး စာတိုက်ဝန်ထမ်းများအား သင်တန်းများပို့ချပေးခဲ့သည်။ အွန်လိုင်းမှတစ်ဆင့် အမြန်ငွေလွှဲလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိသည်။ အမြန်ချောပို့လုပ်ငန်းများကိုလည်း ပုဂ္ဂလိကကုမ္ပဏီများသို့ လုပ်ပိုင်ခွင့်ပေးထားကာ နေ့ချင်းရောက်စနစ်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးစခန်း (စာတိုက်) ၁၃၈၄ ခုရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ကမ္ဘာ့စာအုပ်များနေ့အထိမ်းအမှတ် အစီအစဉ်များ ဗြိတိသျှကောင်စီ စာကြည့်တိုက်တွင် ကျင်းပမည်

**ရန်ကုန် မေ ၂၃**

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကမ္ဘာ့စာအုပ်များနေ့အထိမ်းအမှတ်အစီအစဉ်များကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗြိတိသျှကောင်စီစာကြည့်တိုက်တွင် မေ ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်များတွင် ကလေးများအတွက် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြခြင်းနှင့် စာပေဟောပြောပွဲတို့ ပါဝင်မည်ဖြစ်ပြီး စာပေကိုနှစ်သက်မြတ်နိုးသူများအားလုံး အတူတကွ ပါဝင်ဆင်နွှဲနိုင်ရန်လည်း ဖိတ်ခေါ်ထားသည်။

ဆေးရောင်ခြယ်ပြိုင်ပွဲကို မေ ၃၀ ရက် နံနက် ၁၀ နာရီတွင် ပြုလုပ်မည်ဖြစ်ပြီး အသက် ၅ နှစ်မှ ၁၁ နှစ်အထိ ကလေးငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ရောင်စုံခဲတံနှင့် ဆေးရောင်ခြယ်ရန်ပုံများကို စာကြည့်တိုက်မှ ပြင်ဆင်ထားပေးမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကလေးများအနေဖြင့် မိမိနှစ်သက်ရာ ရောင်စုံခဲတံများလည်း ယူဆောင်လာနိုင်သည်။ ပြိုင်ပွဲဝင်ကလေးများကို အသက်အလိုက် အဖွဲ့သုံးဖွဲ့ခွဲ၍ ယှဉ်ပြိုင်စေမည်ဖြစ်ပြီး တစ်ဖွဲ့ချင်းစီမှ အကောင်းဆုံးဆေးခြယ်နိုင်သူငါးဦးကို ရွေးချယ်၍ ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အကောင်းဆုံးလက်ရာများကို ဗြိတိသျှကောင်စီ ကလေးစာကြည့်တိုက်တွင် ပြသထားမည်ဖြစ်ကြောင်းလည်း သိရသည်။

မွန်းလွဲ ၂ နာရီတွင် အသက် ၅ နှစ်မှ ၁၁ နှစ်အရွယ်ကလေးများအတွက် ဗြိတိသျှကောင်စီမှ ဆရာတစ်ဦးက စိတ်ဝင်စားဖွယ်ရာပုံပြင်များကို ဖတ်ပြသွားမည်ဖြစ်သည်။ ယင်းနောက် ကလေးများကို လက်ဆောင်များပေးမည်ကြောင်း သိရသည်။

ညနေ ၅ နာရီတွင် အသင်းဝင်များနှင့် စာပေကိုချစ်မြတ်နိုးသူများအားလုံးအတွက် စာပေဟောပြောပွဲ ကျင်းပမည်ဖြစ်ရာ ဆရာဟိန်းလတ်က 'နှစ်ဆယ့်တစ်ရာစု ကမ္ဘာ့စာပေများနိဒါန်း' ဟူသောခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသွားမည်ဖြစ်သည်။ ဟောပြောပွဲအပြီးတွင် ဆရာနှင့်သိလိုသည်များကို ဆွေးနွေးနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်များသို့ တက်ရောက်လိုသူများ၊ ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ပါဝင်လိုသောကလေးများသည် ၂၀၁၅ မေ ၂၈ ရက် နောက်ဆုံးထား၍ www.surveymonkey.com^s^bc-worldbookday မှ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ အသေးစိတ်သိရှိလိုပါက ဗြိတိသျှကောင်စီစာကြည့်တိုက် အမှတ် ၇၈ ကမ်းနားလမ်း ရန်ကုန်မြို့၊ ဖုန်းနံပါတ် ၀၁ ၂၅၄၆၅၈၊ ၂၅၆၂၉၀ လိုင်းခွဲအမှတ် ၃၃၁၆ နှင့် အီးမေး vflibrary.enquiries@mm.britishcouncil.org သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **ကြေးမုံ**

# အပူလွန်ကဲမိုးခေါင်မှုကြောင့် သနပ်ပင်မြို့နယ်ကျေးရွာများ ရေအခက်အခဲကြုံတွေ့

**သနပ်ပင် မေ ၂၃**

ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးရွာများတွင် အပူလွန်ကဲပြီး မိုးခေါင်မှုကြောင့် ကျေးလက်နေပြည်သူ များ အားထားသုံးစွဲနေကြရသည့် ကျေးရွာအတွင်းမှရေချိုကန်များ ခန်းခြောက်လာသဖြင့် သောက်သုံးရေအခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

ယင်းသို့ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေမှုကြောင့် ပဲခူးမြို့နယ် တောင်သူစုကျေးရွာ ပရဟိတဘုန်း တော်ကြီးကျောင်း ဆရာတော် နယ်လှည့်တရားပြ ဓမ္မကထိကဘဒ္ဒန္တဉာဏကိတ္တိ ဦးစီးသည့် လူမှုကူညီရေးအဖွဲ့က သနပ်ပင်မြို့နယ် အတွင်းရှိ ဈေးဖလုံ၊ ကျားခေါင်း၊ ကိုင်းစွန်း၊ ကုလားတဲ ကျေးရွာများသို့ မေ ၂၁ ရက်က သွားရောက်ရေလှူဒါန်းခဲ့ကြသည်။

ကျားခေါင်းကျေးရွာ အာသောကရုံ ဓမ္မရိပ်သာကျောင်းတိုက်ဆရာတော်သောမိတ္တ ဦးစီးလမ်းညွှန်၍ သံဃာ ၃၈ ပါး၊ ရပ်မိရပ်ဖနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးအထောက်အကူပြုအဖွဲ့မှ ရွာသူ ရွာသားအိမ်ထောင်တစ်စုလျှင် သောက်သုံးရေတစ်ထမ်းကျနှုန်း ဝေငှပေးခဲ့သည်။ ထိုသို့လှူဒါန်းခဲ့ရာတွင် စုစုပေါင်း ရေတိုင်ကီပီပါ ၃၅ လုံး လှူဒါန်းခဲ့ကြောင်း သိရသည်။

**မင်းစစ်သူ(ပဲခူး)**

# နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ကျေးဇူးရှင် ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရထေရ်ရှင်မြတ်အား ဦးထိပ်ထားလျက် အင်းစိန်မြို့နယ်၊ အောင်ဆန်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၇၇)၊ အောင်ဆန်းတောရတပ်ဦးကျောင်းတိုက်ကြီးတွင် တန်ခူးလ မဟာသင်္ကြန်အကြို (၁၅၆)ကြိမ်မြောက် (၇)ရက်တရားစခန်း အားထုတ်ပူဇော်ပွဲတွင် ၄-၄-၂၀၁၅ရက်မှ ၁၀-၄-၂၀၁၅ရက်အထိ တရားစခန်းဝင်ရောက်အားထုတ်ကြပါသော ဒုလ္လဘရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီး ယောဂီသူတော်စင် (၁၈၀၀)ဦးနှင့် မဟာသင်္ကြန်ကာလ (၁၅၇)ကြိမ်မြောက် (၇)ရက်တရားစခန်းပွဲ ၁၄-၄-၂၀၁၅ရက်မှ ၂၀-၄-၂၀၁၅ရက်အထိ တရားအားထုတ်ပူဇော်ကြပါသော ဒုလ္လဘရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီးယောဂီသူတော်စင် (၂၀၀၀)ကျော်တို့အားလည်းကောင်း၊ တရားစခန်းဝင်ရောက်ကြပါသော ယောဂီသူတော်စင် စုစုပေါင်း (၄၀၀၀)ဦးခန့် ချမ်းသာစွာတရားအားထုတ်နိုင်ရန် ဆွမ်းအာဟာရဒါနတို့ဖြင့် ကြောင့်ကြမှုမရှိစေရန် နေ့စဉ် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေအဖျော်၊ သောက်ရေသန့်၊ ခဲဖွယ်ဘောဇဉ်များ ပြည့်စုံလုံလောက်စွာ သဒ္ဓါတရား ထက်ထက်သန်သန် လှူဒါန်းပေးကြပါကုန်သော ဆွမ်းဒကာ၊ ဆွမ်းအမများအားလည်းကောင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စနှင့် ဆွမ်းဝိုင်းများ အဆင်ပြေပြေသုံးဆောင်နိုင်ကြရန် လုပ်အားဒါနပြုကြပါသော လုပ်အားဒါန၊ ကုသိုလ်ရှင် ကျောင်းသား၊ ကပ္ပိယဝေယျာဝစ္စအပေါင်းတို့အားလည်းကောင်း၊ ယောဂီသူတော်စင်များ သင့်တင့်သော အာဟာရတို့ဖြင့် သပ္ပါယဖြစ်စေရန် စေတနာသဒ္ဓါပြည့်ဝစွာ စီမံချက်ပြုတ်လုပ်ကိုင်ကြပါသော ဆွမ်းချက် ကုသိုလ်ရှင်များအားလည်းကောင်း၊ ယောဂီသူတော်စင်များ တရားစခန်းပြီးဆုံးချိန် နေရပ်သို့အခက်အခဲမရှိပြန်နိုင်ရန် ထာဝရယာဉ်ဒါနပြုပါသော အလှူရှင်တို့အားလည်းကောင်း၊ ကျောင်းတိုက်ကြီး သာသနာပြုလုပ်ငန်း အရှည်တည်တံ့နိုင်ရန် ဘက်စုံပဒေသာပင် အလှူတော်ငွေများ လှူဒါန်းကြပါသော ကုသိုလ်ရှင်အပေါင်းတို့နှင့် ကျေးဇူးတင်ထိုက်သူ ကျောင်းဒကာ၊ ကျောင်းအမ၊ ရဟန်းဒကာ၊ ရဟန်းအမ၊ ဆွမ်းဒကာ၊ ဆွမ်းအမအပေါင်းတို့သည် ယခုပြုလုပ်ကြပါကုန်သော ကုသိုလ်ကံအကြောင်းအထောက်အပံ့တို့ဖြင့် နှစ်ဟောင်းကုန်ပျောက် နှစ်သစ်ရောက်သောအခါသမယမှ အစပြု၍ ရည်ရွယ်မှန်းထားကြသော ခန္ဓာဝဋ်ဒုက္ခကင်းဝေးအေးငြိမ်းသာယာ အမတနိဗ္ဗာန်သို့ လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေသော်ဝ်။

အောင်ဆန်းထေရ်ဆရာ ကမ္ဘာမှာ သာသနာပြုနိုင်စေ။
ဒေါက်တာ ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရထေရ်
ဆရာတော် ညွှန်ကြား လိုက်နာပွား အားလုံးချမ်းသာစေ။
ပါရမီဖြည့်သူ များဗိုလ်လူ ကြည်ဖြူရွှင်လန်းကြပါစေ။
နိဗ္ဗူတာနန်း အရောက်လှမ်း ငြိမ်းချမ်းကြပါစေ။

အကျိုးဆောင်အဖွဲ့
အောင်ဆန်းတောရတပ်ဦးကျောင်းတိုက်
မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၇၇)
ဖုန်း-၀၁-၆၄၅၇၉၇၊ ၀၉-၅၁၃၃၁၀၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**ကွန်ပျူတာတက္ကသိုလ်**
**ပါရဂူဘွဲ့သင်တန်းသား/သူများခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်များတွင် ကွန်ပျူတာပါရဂူဘွဲ့(Ph.D-IT)သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ အထက်ပါပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး ပါရဂူဘွဲ့အကြိုသင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြု(၂)နှစ်၊ စုစုပေါင်း (၃)နှစ်သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့အကြို သင်တန်းဖြေဆိုအောင်မြင်ပြီးသူများကိုသာလျှင် ပါရဂူသုတေသန ဆက်လက်လုပ်ဆောင်ခွင့် ပြုမည်ဖြစ်ပါသည်။

၃။ Ph.D-IT လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

(က) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ကွန်ပျူတာဘာသာရပ်(သို့မဟုတ်)အလားတူသတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာဘာသာရပ်အထူးပြုဖြင့် မဟာဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
(ဂ) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့်လျှောက်ထားရမည်။
(ဃ) သင်တန်းအား အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။
(င) သင်တန်းတက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများသည် Referee နှစ်ဦးထံမှ Letter of Recommendation တင်ပြနိုင်ရမည်။

